www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ကန္တာရမုန်တိုင်း သွေးစက်ဝိုင်း



ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း

ရှုခင်းထက်ဝင်းဝင်းချင်ငှေယာဝင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## ကန္တာရမှန်တိုင်းသွေးစက်ဝိုင်း

BURMESE CLASSIC .com

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့နှစ်ယောက်သည် လူစုကွဲသွားသောသူများကို ခြေရာကောက်၍ လိုက်လံရှာဖွေရန် ထွက်လာခဲ့ကြသည်။

နှစ်ယောက်လုံး ခြေရာကောက်တော်သူများဖြစ်ကြရာ မကြာမီပင် ခြေရာများ ကောက်မိကြသည်။

ကောက်မိသော ခြေရာလက်ရာလမ်းကြောင်းအတိုင်း ဆက်၍လိုက်ကြသည်။

နှစ်ယောက်သား စကားစမြည်လည်း ပြောသွားကြသည်။ မည်မည်ရရ စကားတွေတော့ မဟုတ်ပါ။ ရောက်တတ်ရာရာများကို ပြောဆိုကြခြင်းသာဖြစ်သည်။

ဟန်ချက်တင်အဖို့တော့ တောထဲတောင်ထဲတွင် လိုင်ယုဝန်နှင့်အတူတူ လျှောက်သွားစကားပြောနေရမှုကပင် ပျော်ရွှင်ကြည်နူးစရာဖြစ်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လူစုကွဲသွားသူများနှင့် ပြန်ဆုံတွေ့မည်ကိုပင် မလိုလားသလို ဖြစ်လာသည်။

ကောက်မိထားသော လမ်းကြောင်းအတိုင်း မဟုတ်ဘဲ တလွဲတချော်ပင် သွားလိုက်ချင်သည်။

သို့သော် ခြေရာကောက်မှုပညာတွင် လိုင်ယုဝန်က ပို၍သာလွန်နေသောကြောင့် ဟန်ချက်တင်အနေဖြင့် လမ်းကြောင်းလွဲဖယ်ကာ ထင်ရာလျှောက်သွား၍လည်း မရနိုင်ပါ။

အတန်ကြာ လမ်းလျှောက်သွားမိကြပြီးနောက် ...

'ဝှစ်'

လေခွင်းသံသွဲ့သွဲ့နှင့်အတူ လက်နက်ပုန်းတစ်ခု လွင့်ပျံလာသည်။

ဟန်ချက်တင်ရော လိုင်ယုဝန်ပါ နှစ်ယောက်လုံးပင် လက်နက်ပုန်း လေခွင်းသံကို ကြားလိုက်ကြရသည်။

လိုင်ယုဝန်သည် ခြေရာကောက်မှုပေါ်တွင် ပို၍ အာရုံစူးစိုက်နေရာ လက်နက်ပုန်း လေခွင်းသံ ကြားရသည့်အတွက် တုံ့ပြန်လှုပ်ရှားရာတွင် ဟန်ချက်တင်လောက် မမြန်ဆန်၊ မဆိုသလောက်နှေးကွေးသည်။

ဟန်ချက်တင်မှာမူ ခြေရာကောက်မှုတွင် သိပ်စိတ်မဝင်



စား။ လိုင်ယုဝန်၏ အနားတွင်ရှိသော နေရာသည့်အတွက်သာ အတူလိုက်ပါနေခြင်းဖြစ်သည်။

သည်တော့ တုံ့ပြန်လှုပ်ရှားရာတွင် လိုင်ယုဝန်ထက် ၂ဆိုစလောက် ပိုမြန်သည်။

ထို့ပြင် ဟန်ချက်တင်က လိုင်ယုဝန်ကိုသာ အရိပ်တကြည့်ကြည့်လို ရှိနေရာ လက်နက်ပုန်းသည် လိုင်ယုဝန်ထံသို့ ဦးတည်နေသည်ကိုလည်း ချက်ချင်းသိသည်။

လိုင်ယုဝန်မှာမူ လေခွင်းသံ ကြားရပြီးနောက် လက်နက်ပုန်း ဦးတည်လမ်းကြောင်းကို တစ်ဆင့် ရှာဖွေစူးစမ်းနေရသေးသည်။

လိုင်ယုဝန်တွင် အန္တရာယ်ရှိနေကြောင်းသိသည်နှင့် ဟန်ချက်တင်က လျင်မြန်စွာပင် လှုပ်ရှားသည်။

လိုင်ယုဝန်ထံ တန်း၍ဝင်လာသော လက်နက်ပုန်းကို အတင်းကြားဝင်ကာ ပုတ်ထုတ်ဖယ်ရှားသည်။

အခြားသူတစ်ယောက်ထံ ဦးတည်နေသော လက်နက်ပုန်းကို ကြားဖြတ်ဖယ်ရှားရသည်မှာ မိမိထံ ဦးတည်နေသော လက်နက်ပုန်းကို ဖယ်ရှားရသည်ထက် ပိုခက်ခဲသည်။ အချိန်အဆ လုပ်ရတာလည်း မလွယ်။

ဟန်ချက်တင်သည် လက်နက်ပုန်းကို ပြည့်ပြည့်ဝဝ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖယ်ရှားခြင်း မလုပ်နိုင်။ ဤတွင် လိုင်ယုဝန်ကို မထိမှန်ရအောင်သာ စွန့်စားကာကွယ်ပေးရလေတော့သည်။

ထို့ကြောင့် လိုင်ယုဝန်ထံသို့ ဦးတည်သော လက်နက်ပုန်းသည် စွန့်စားကာကွယ်ပေးသော ဟန်ချက်တင်ကို ထိမှန်သွားလေတော့သည်။

လက်နက်ပုန်းသည် သေးငယ်သော အပ်ပျံလေးတစ်ခုသာ ဖြစ်သည်။ အရှိန်ကတော့ပြင်းသည်။ ထိချက်လည်း နာသည်။

လက်နက်ပုန်း စူးနစ်စိုက်ဝင်သွားသော ဟန်ချက်တင်၏ ညာလက်ဖျံမှာ မီးစကြီးတစ်ခုနှင့် အထိုးခံလိုက်ရသလို ပူလောင်နာကျင်သည်။ ညာ လက်တစ်ချောင်း အောင့်သည်။ ခေါင်းထဲလည်း မူးဝေဝေဖြစ်သည်။

သာမန်ရိုးရိုး လက်နက်ပုန်း မဟုတ်။ အဆိပ်ထည့်ထားသော လက်နက်ပုန်း ဖြစ်နေသည်။

ထိချက်ပြင်းကာ အဆိပ်ဒဏ်ကိုလည်း ပြင်းပြင်းပြပြ ခံရသော်လည်း ဟန်ချက်တင်က မအော်မိအောင် အတင်းကြိုးစားထိန်းသည်။ အဆိပ်ဒဏ်ကို ကြိတ်မှိတ်ကာ ခံသည်။

လက်နက်ပုန်းကို စွန့်စားကာကွယ်ပေးခဲ့စဉ်က ဟန်ချက်တင် အတွင်းအား အတော်ပင် ထုတ်သုံးရသည်။



လက်နက်ပုန်း ထိချက်ဒဏ်ကြောင့် မအော်ဟစ်မိရအောင် ကြိတ်မှိတ်ခံရာတွင်လည်း အတွင်းအား ထုတ်သုံးရပြန်သည်။

အော်သံမထွက်အောင် ထိန်းနိုင်သော်လည်း အဆိပ်ပျံ့နှံ့မှုဒဏ်ကတော့ ပိုပြင်းသည်။ ပိုမြန်သည်။ ဟန်ချက်တင် ရပ်ပင် မရပ်နိုင်တော့။ ခွေယိုင်ကာ လဲကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ပုန်းလေခွင်းသံကိုကြားရပြီး ဦးတည်လမ်းကြောင်းကို ဆက်လက်စူးစမ်းမှန်းဆသော လိုင်ယုဝန်မှာ မိမိထံ တည့်တည့် ကန်းဝင်လာနေကြောင်း သိသောအခါတွင်တော့ ရှောင်တိမ်းခုခံရန်ပင် အခွင့်အခါ အချိန်မရတော့။

ထိတ်လန့်တကြားပင် ဖြစ်သည်။ ဟန်ချက်တင် ဖွင့်စားကာကွယ်ပေးလိုက်မှုကြောင့် အန္တရာယ်မှ လွတ်သော်လည်း လိုင်ယုဝန်မှာ သည်းထိတ်ရင်ဖိုကာ အတော်ကြီးကို စိတ်လှုပ်ရှားနေသည်။

ထို့နောက် ဟန်ချက်တင် ခွေယိုင်လဲသည်ကို မြင်ရသည်တွင်မူ လိုင်ယုဝန်မှာ ခြေမကိုင်မိ လက်မကိုင်မိ ပျာပျာသလဲ ဖြစ်သည်။

"ဘာဖြစ်တာလဲဟင် ... ဘာဖြစ်တာလဲ"

ပါးစပ်မှ စိုးရိမ်တကြီးပြောရင်း ထိုင်ချကာ မြေကြီးပေါ်လဲကျသည့် ဟန်ချက်တင်ကို ဖေးမပွေ့ထူသည်။ ဟန်ချက်တင်၏ကိုယ်မှာ ပူလိုက်အေးလိုက် ဖြစ်နေသည်။

မျက်နှာကလည်း သွေးဆုတ်ကာ ဖြူရော်ရော်ရှိလျက် အနီ



ကွက်များ ဟိုနားတစ်ကွက် သည် နားတစ်ကွက် ပေါ်နေသည်။

အဆိပ်သင့်နေကြောင်း သိသည်တွင် လိုင်ယုဝန် ပို၍ ထိတ်ထိတ်ပျာပျာ ဖြစ်သည်။ မျက်ရည်တွေလည်း ယိုစီးကျလာသည်။

"ဒုက္ခပဲ ... အဆိပ်သင့်နေပြီ ... ဒုက္ခပါပဲ"

တတွတ်တွတ်ရေရွတ်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သည်။

"ရော့ ... အဆိပ်ဖြေဆေး ... အမြန်တိုက်လိုက်"

စကားသံကြားရပြီး သူမရှိရာသို့ ဆေးလုံးလေးတစ်လုံး လွင့်ပျံရောက်လာသည်။ လိုင်ယုဝန်လည်း ကမန်းကတန်းပင် မိအောင် ဖမ်းယူသည်။ ဖမ်းမိသော ဆေးလုံးကို ချက်ချင်းပင် ဟန်ချက်တင်၏ ပါးစပ်ထဲ ထည့်ကာ တိုက်ကျွေးသည်။

ဘယ်သူ ဖြေဆေးပစ်ပေးသည်ကို စဉ်းစားမနေနိုင်တော့။ တကယ့်ဖြေဆေးအစစ် ဟုတ် မဟုတ်ကိုလည်း စူးစမ်းကြည့်မနေနိုင်တော့။

အဆိပ်သင့်နေသော ဟန်ချက်တင်အတွက် အရမ်း စိုးရိမ်ပူပန်ထိတ်လန့်နေသော လိုင်ယုဝန်သည် ဖြေဆေးဆိုသည်နှင့် ဘာမျှ စဉ်းစားမနေတော့ဘဲ အမြန်တိုက်လိုက်မိလေသည်။

ထိုသို့ တိုက်ပြီးမှ မိမိအလောတကြီးလုပ်မိသည်ကို သိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖြေဆေးမဟုတ်ဘဲ လုပ်ကြံလှည့်စားမှုတစ်ခုခု ဖြစ်နေလျှင် အခက်ဟု တွေးမိသည်။

ထိုအခါ လျှော့ကျသွားစပြုသော စိုးရိမ်ပူပန်စိတ်တွေ ပိုပြင်းထန်လာပြန်သည်။ ဟန်ချက်တင်ကို အရေးတကြီး အကဲခတ် စမ်းသပ်သည်။ ကိုယ်အပူရှိန် မှန်ကန်စပြုလာကြောင်း တွေ့ရသည်။ စောစောကလို ပူလိုက်အေးလိုက် ဖြစ်မနေတော့။

မျက်နှာတွင်လည်း သွေးရောင်ပြန်ယှက်သန်းလာသည်။ အမည်းစက်တို့ အားလျော့နေသည်။ အဆိပ်ပြေစပြုသည့် လက္ခဏာများမို့ လိုင်ယုဝန် အလုံးကြီးကျသည်။ စိတ်ပြန်အေးလာရသည်။

“ဖြေဆေးပေးတာ ကျေးဇူးတင်ပါတယ်ရှင်”

လိုင်ယုဝန်က ပြောလိုက်မိသည်။ မည်သူက မည်သည့်အတွက်ကြောင့် ဖြေဆေးပေးခြင်းဖြစ်ကြောင်း မသိသော်လည်း လိုင်ယုဝန် တကယ်ပင် ကျေးဇူးတင်မိပါသည်။ ဝမ်းနည်းဝမ်းသာ အခြေအနေကြောင့် သူမ၏ စကားသံတွင် ငိုသံပါနေသည်။

“ဟွန့်”

အသံတစ်ချက်ကြားရသည်။ ပြေးလွှားထွက်သွားသံလိုလိုလည်း သဲ့သဲ့ဆက်ကြားရသည်။ လိုင်ယုဝန်သည် ထိုအသံများ ပေါ်ထွက်လာရာဘက်ဆီသို့ ဦးညွတ်လိုက်သည်။ မည်သူမည်ဝါမှန်းမသိ



သော ဖြေဆေးပေးသူကို မှန်းဆကာ ဂါရဝပြုလိုက်ခြင်းပင်။

ထို့နောက် ဟန်ချက်တင်၏လက်ဖျံတွင် စိုက်ဝင်နေသော လက်နက်ပုန်းအပ်ပျံကို ထွင်ကာ နုတ်ယူသည်။ အပ်ပျံလေးသည် လက်နှစ်ဆစ်သာသာရှိသည်။ အလုံးကတော့ သေးသွယ်လှသည်။ ကျစ်လျစ်ပြီး အရွယ်အစားနှင့်စာလျှင် အလေးချိန်စီးသည်။

သည်လို လက်နက်ပုန်းအပ်ပျံမျိုးကို လိုင်ယုဝန် မမြင်ဖူးပါ။ အလယ်ပိုင်းဒေသမှ သိုင်းသမားများသုံးသည့် လက်နက်ပုန်းမဟုတ်ဟုသာ ယူဆရသည်။

လိုင်ယုဝန်က ထိုလက်နက်ပုန်းအပ်ပျံလေးကို သိမ်းထားလိုက်သည်။ လိုင်ယုဝန်ကို လက်နက်ပုန်းနှင့် ပစ်ခဲ့သူမှာ ရှားလူဖြစ်သည်။

မိမိ လုပ်ကြံဖန်တီးကာ လိုင်ယုဝန်နှင့်ယန်ချန်ကျောင်းကို ရန်တိုက်ပေးလိုက်မှု ဘယ်လိုသော ရလဒ်များ ပေါ်လာမည်ကို သိလိုသောကြောင့် ရှားလူသည် လိုင်ယုဝန်တို့ ရှိနေရာသို့ အသာပင် ချောင်းမြောင်းသွားရောက်ခဲ့သည်။

ထိုနေရာတွင် ဟန်ချက်တင်နှင့် လိုက်ယုဝန်တို့ကို မတွေ့ရ။ မြေကြီးပေါ်တွင် မရှုမလှ လဲကျနေသော ယန်ချန်ကျောင်းကိုသာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ မှန်းဆထားသလို ဖြစ်မလာကြောင်းလည်း ရှားလူ နားလည်လိုက်၏။ ယန်ချန်ကျောင်းလို သိုင်းလောက၏ နာမည်ကျော် လူရမ်းကားကြီး မည်သည့်အတွက်ကြောင့် သည်လိုမျိုး မရှုမလှ အရေးနိမ့်သွားရသည်ကိုတော့ ရှားလူ ဘယ်လိုမှ စဉ်းစား၍မရ။

ရှားလူသည် ဟန်ချက်တင်တို့၏နောက်သို့ ဆက်၍ လိုက်ခဲ့ပြန်သည်။ ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့နှစ်ယောက် အတူတူ ယှဉ်ကာ သွားနေကြသည်ကို တွေ့ရသည်တွင် ရှားလူမှာ မခံချိမခံသာ ဖြစ်သည်။ အတူးသဖြင့် ဟန်ချက်တင်က လိုင်ယုဝန်ကို အရေးတယူ လုပ်နေမှုများက ရှားလူကို ရင်နာစေသည်။

ထို့နောက် အလိုလိုနေရင်း လိုင်ယုဝန်အပေါ် မုန်းတီးစိတ်တွေများလာသည်။ မုန်းတီးစိတ်၊ မနာလိုစိတ်၊ ခံပြင်းဒေါသစိတ်တို့၏ စေ့ဆော်မှုဖြင့် ရှားလူသည် လိုင်ယုဝန်ကို 'မဟူရာအပ်ပျံ' နှင့် လှမ်းပစ် လုပ်ကြံမိလေတော့သည်။

မဟူရာအပ်ပျံသည် အနောက်ပိုင်း သဲကန္တာရဒေသ၏ ကြောက်စရာအကောင်းဆုံးသော အဆိပ်လက်နက်ပုန်း ဖြစ်သည်။ သွေးစို့အောင် ထိရုမိသည်နှင့်ပင် အဆိပ်သင့်နိုင်သည်။

အဆိပ်ကလည်းပြင်းသည်။ သီးသန့် ဖော်စပ်ထားသည့် မဟူရာ အဆိပ်ဖြေဆေးလုံးမှလွဲ၍ အခြား မည်သည့် အဆိပ်ဖြေ



ဆေးနှင့်မှ ဖြေ၍မရ။

အဆိပ်ပြင်းပြီး ဖြေဆေးမရှိသလိုလည်း ဖြစ်သောကြောင့် အနောက်ပိုင်း သဲကန္တာရ သိုင်းသမားများသည် မဟူရာအဆိပ်အပ်ပျံကို သုံးခဲသည်။

ရှားလူက လိုင်ယုဝန်ကို အလွန်မုန်းတီး ဒေါသထွက်သည့်အတွက် မဟူရာအဆိပ်အပ်ပျံကိုပင် ထုတ်သုံးကာ အသေလုပ်ခဲ့ခြင်း ဖြစ်သည်။

သို့သော် ရှားလူဖြစ်ချင်သလို ဖြစ်မလာခဲ့ပါ။ ဇွန့်ဇွန့်စားစား ဝင်ရောက်ကာကွယ်ပေးသော ဟန်ချက်တင်ကိုသာ မဟူရာအပ်ပျံက ထိမှန်သွားခဲ့သည်။

မိမိ၏ ပင်ကိုသဘာဝ အလှအပများကို တွေ့မြင်သွားခဲ့မှုပေါ်မှနေ၍ ငြိတွယ်ခဲ့မိသော ဟန်ချက်တင် အဆိပ်သင့်သွားသည်ကို တွေ့ရသောအခါ ရှားလူမှာလည်း လိုင်ယုဝန်လိုပင် ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။

ဟန်ချက်တင်ကို အသေမခံလိုသောကြောင့် ရှားလူသည် မဟူရာအဆိပ်ဖြေဆေးလုံးတစ်လုံး အမြန်ပစ်ပေးခဲ့ခြင်း ဖြစ်သည်။ လိုင်ယုဝန်၏ဖြေဆေးပေးမှုအတွက် ကျေးဇူးဆိုသောစကားကတော့ ရှားလူကို နားခါးစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှားလှသည် မကျေမနပ် အမြင်ကတ်ကတ်နှင့် နှာခေါင်းရှုံ့ကာ လေမှုတ်သံတစ်ချက် ဟွန့်ခနဲပြုပြီးနောက် ထွက်ခွာလာခဲ့သည်။ အဝေးသို့သွားခြင်းတော့ မဟုတ်ပါ။

မေ့မြောသလို မိန်းမိန်းမူးမူး ဖြစ်နေရာမှ ဟန်ချက်တင် သတိပြန်ကြည်လင်လာသည်။ မျက်လုံးများလည်း ပွင့်လာသည်။ မျက်လုံးပွင့်သည်နှင့် ဟန်ချက်တင် မြင်ရသည်က သူ့အပေါ်တွင် အုပ်မိုးသလို ရှိနေသော လိုင်ယုဝန်၏ မျက်နှာလေးဖြစ်သည်။

"ယုဝန် ... နင် ဘာဖြစ်သွားသေးလဲ"

ဟန်ချက်တင်က မေးသည်။

"ငါ ဘာမှမဖြစ်ဘူး ... နင် ဝင်ပြီးကယ်ပေလို့၊ နင်ရော ဘယ်လိုနေလဲ"

လိုင်ယုဝန်က ဟန်ချက်တင်၏နဖူးတွင် စို့နေသော ချွေးစလေးများကို ဘယ်လက်ချောင်းလေးများနှင့် အသာသုတ်ပေးပြီး ပြန်မေးသည်။

"ငါလား ... ဘာမှ မဖြစ်ဘူး၊ နေပါဦး ... ငါက ဘာဖြစ်သွားလို့လဲ"

လိုင်ယုဝန်က ဖြစ်ပျက်ခဲ့ပုံများကို အပြည့်အဝပြောပြလိုက်သည်။



"တယ်ထူးဆန်းတာပဲ၊ အဆိပ်လက်နက်ပုန်းနဲ့ ပစ်တဲ့လူကိုလည်း မသိရ၊ ဖြေဆေးပေးတဲ့လူကိုလည်း မသိရနဲ့ ဘာပဲဖြစ်ဖြစ် ဒီနေရာဝန်းကျင်မှာ ထင်းမှူထန်းနဲ့ ယန်ချန်ကျောင်းတို့အပြင် တခြားသိုင်းသမားတွေလည်း ရောက်နေကြတယ် ထင်တယ်"

အကြောင်းစုံကြားသိရပြီးသောအခါ ဟန်ချက်တင်က ပြောသည်။

"ဟုတ်တယ် ... ငါလည်း အဲဒီလိုပဲ ထင်မိတယ်"

"ငါတို့ မမြင်မသိတဲ့ အန္တရာယ်တွေ အများကြီး ရှိနိုင်တယ်၊ ငါတို့ ဒီကနေ ဝေးရာကို အမြန်သွားကြရအောင်"

"အင်းလေ ... သွားတာပေါ့၊ ဒါပေမဲ့ အစ်ကိုကြီးတို့ကို"

"နင်က အဲဒီ ထိုက်မျိုးနွယ်အကောင်တွေနဲ့ ပြန်မတွေ့ရမနေနိုင်ဖြစ်နေသလား"

လိုင်ယုဝန်၏ စကားကို ဆုံးအောင်မစောင့်ဘဲ ဟန်ချက်တင်က ကြားဖြတ်ကာ ခပ်ဆတ်ဆတ်ပြောသည်။

"ချက်တင်ကလည်းဟာ ... သူတို့နဲ့ ငါတို့က မိသားစုကိစ္စအတွက် ခရီးအတူထွက်ခဲ့ကြတာလို့ ပြောပြီးပြီပဲ၊ လူစုကွဲသွားတာ ပြန်ဆုံမိအောင် လုပ်ရမှာပေါ့၊ ပြန်ဆုံမိကြပြီး ခရီးဆက်သွားကြရင် ဒီနေရာနဲ့ ဝေးရာကိုလည်း ရောက်သွားတာပေါ့၊ အခု ခြေရာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောက်မိနေပြီဆိုတော့ မကြာခင် ပြန်ဆုံမိကြမှာပါ၊ နင် သက်သာလာပြီဆိုရင် ဆက်သွားကြရအောင်လား”

လိုင်ယုဝန်သည် မိမိအတွက် အဖော်ရစေရန်နှင့် ဟာန်ချက်တင်လည်း စိတ်ကျေနပ်စေရန်အတွက်သာ အတူခေါ် လာခဲ့ခြင်း ဖြစ်သည်။ အခြေအနေကို ကြည့်၍ ဟာန်ချက်တင်ကို လမ်းလွှဲထားခဲ့ရန် စိတ်ကူးရှိသည်။ မိမိတို့နောက်သို့ ဆက်၍ ခြေရာခံကာ လိုက်မလာရန်လည်း သေသေချာချာ ပြောဆိုမည်ဟု ကြံထားသည်။

သို့ရာတွင် ယန်ချန်ကျောင်းကို အပြတ်ချေမှုန်းခဲ့မှု အဆိပ်လက်နက်ပုန်းရန်မှ စွန့်စွန့်စားစား အနာခံကာ ကာကွယ်ပေးခဲ့မှုတို့ကြောင့် လိုင်ယုဝန်မှာ ဟာန်ချက်တင်ကို လမ်းခွဲပြန်သွားရန် ပြောဖို့အတော်ကို ဝန်လေးနေသည်။

ဖြေဆေးသောက်လိုက်ရ၍ အဆိပ်သင့်မှုပျောက်ကင်းကာ သက်သာကောင်းမွန်နေပြီ ဖြစ်သော်လည်း မသက်သာသေးဟု လီဆယ်ပြောဆိုကာ ထိုက်ကူးချိန်တို့နောက် ခြေရာကောက်၍ လိုက်လံရှာဖွေနေမှု နှောင့်နှေးကြန့်ကြာအောင် လုပ်မည်ဟု ဟာန်ချက်တင်က စဉ်းစားထားသည်။

လိုင်ယုဝန်က အတူသွားရန် ချိုချိုသာသာ လိုလိုလားလားခေါ် လာသည်တွင်မူ ဟာန်ချက်တင်မှာ စဉ်းစားထားသည့်အတိုင်း



မလုပ်နိုင်တော့။ လီဆယ်မပြောနိုင်တော့။

“အင်း ... သက်သာလာပါပြီ၊ သွားကြတာပေါ့”

ပြောပြောဆိုဆို မတ်တတ်ထရပ်သည်။ လိုင်ယုဝန်က ညာလက်မောင်းကို ဆုပ်ကိုင်ကာ ဖေးမတွဲထူရာ ဟာန်ချက်တင် ကြည်နူးနွေးထွေးသွားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေရာကောက်၍ လိုက်လာခဲ့ကြရာ ရေကန်ကြီးထဲသို့ ရေစီးဝင်သော စမ်းချောင်းလေးဆီသို့ ရောက်သည်။ ခြေရာလက်ရာများသည် ထိုစမ်းချောင်းလမ်းကြောင်းလေးအတိုင်း ဆက်၍ သွားကြသည်။

တွေ့ရသော ခြေရာလက်ရာ သဲလွန်စများအရ ထိုက်ကူးချိန်၊ ထိုက်ကူးသောက်နှင့် လိုင်ယိတင်တို့သုံးယောက် မိမိကြို့တင်ပြောပြခဲ့သည့် ခရီးလမ်းကြောင်းအတိုင်း သွားကြကြောင်းကို လိုင်ယုဝန် နားလည်သည်။

သည်အတိုင်းဆိုလျှင် ထိုစမ်းချောင်းလမ်းကြောင်း တစ်နေရာရာတွင် သူတို့သုံးယောက် ပြန်ဆုံမိကြကာ မိမိကို စောင့်နေကြမည်ဟုလည်း ဆက်တွေးမိသည်။

လိုင်ယုဝန်အနေဖြင့် ဟန်ချက်တင်နှင့် လမ်းခွဲသွားရတော့မည့်အချိန်လည်း သိပ်မဝေးတော့ပါ။ ထိုက်ကူးချိန်တို့နှင့် ပြန်ဆုံမိကြသည်အထိ ဟန်ချက်တင်ကို အတူခေါ်သွားဖို့ကတော့ မဖြစ်နိုင်ပါ။

ခရီးထွက်လာမှု လျှို့ဝှက်ချက်ပေါက်ကြားသည့် အနေ



အထားမျိုး ရှိနိုင်သည်။ လမ်းခွဲနောက်ချန်နေရစ်ခဲ့ရန် ဟန်ချက်တင်ကို ဘယ်လိုပြောရလျှင် အကောင်းဆုံးဖြစ်မည်နည်းဟု လိုင်ယုဝန် စဉ်းစားအကြံထုတ်သည်။

လိုင်ယုဝန်သည် ဟန်ချက်တင်၏ အချစ်ကို လက်ခံမတုံ့ပြန်နိုင်သော်လည်း ဟန်ချက်တင်အပေါ်တွင်တော့ ငယ်သူငယ်ချင်း တစ်ယောက်အဖြစ် သံယောဇဉ်များစွာရှိသည်။ မိမိနှင့် ပတ်သက်ပြီး ဟန်ချက်တင်၏စိတ်တွင် ထိခိုက်နာကျင်ခံစားရသည်မျိုး မဖြစ်စေလို။

သည်လိုနှင့် ချီတုံချတုံဖြစ်နေသည်။ စမ်းချောင်းလမ်းကြောင်းလေးအတိုင်းသာ ဆက်၍လိုက်လာခဲ့ကြသည်။ လိုင်ယုဝန်က ကျန် လူသုံးယောက်ကို ရှေ့ဆက်ရမည့်ခရီးတစ်ထောက်၏ လမ်းညွှန် ကြို့တင်ပြောပြထားခဲ့ကြောင်းကိုတော့ ဟန်ချက်တင် မသိပါ။

သို့သော် ခြေရာကောက်အတတ် ကျွမ်းကျင်သူတို့မို့ သူထိုလူများနှင့် ပြန်ဆုံနိုင်မည့်နေရာ မဝေးတော့သည်ကိုတော့ ရိပ်မိသိရှိသည်။

ပြန်လည်ဆုံမိကြသည့်အခါ ဘာပဲပြောပြော ဝမ်းသာအားရတော့ ဖြစ်ကြမည်။ ရင်းရင်းနှီးနှီး ပြောဆိုနှုတ်ဆက်မှုတွေလည်း လုပ်ကြမည်။ ဒါက ခရီးအတူသွားသူချင်း လူချင်းကွဲပြီး ပြန်ဆုံကြလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ့ရှိသော သဘာဝ။

အထွေအထူး စဉ်းစားကြည့်နေဖို့ပင် မလို။ ခက်သည်က ဟန်ချက်တင်သည် လိုင်ယုဝန်နှင့် ယောကျ်ားဖျိုများ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံသည်များကို ဘယ်လိုမှ ကြည့်မရခြင်းဖြစ်သည်။

ထိုက်အမျိုးအနွယ်ညီနောင်နှင့် လိုင်ယုဝန်တို့ ပြန်ဆုံမိကြသည့် မြင်ကွင်းသည် မိမိအတွက် အကြီးအကျယ် ခံပြင်းစရာဖြစ်မည်ကို ဟန်ချက်တင် ကောင်းကောင်းသိသည်။ မိမိ၏ စိတ်ကို ထိန်းနိုင်မည်မဟုတ်။

စိတ်ထင်ရာလုပ်မိလျှင် မိမိ မမြင်လို မကြည့်လိုသော မြင်ကွင်းကို မမြင်ရ မတွေ့ရအောင် ရှောင်လိုက်တာအကောင်းဆုံးဟု ဟန်ချက်တင် ဆုံးဖြတ်သည်။

"ငါ ဆက်မလိုက်တော့ဘူး ယုဝန် ... နေရစ်ခဲ့မယ်"

ဟန်ချက်တင်က ခြေလှမ်းတုံ့ရပ်ပြီး ပြောသည်။ လိုင်ယုဝန်မှာ အံ့ဩသလို အတော်လည်း စိတ်အေးသည်။ အပူလုံးကြီး ကျသွားသည်ဟု ဆိုရပေလိမ့်မည်။

"ဪ ... အင်း အင်း"

ရုတ်တရက် ဘာစကားပြန်ပြောရမည်ကိုမသိ။ ခေါင်းသာ ညိတ်လျက် အသံပြုသည်။ သူမလည်း ဟန်ချက်တင်နည်းတူ ခြေ



လှမ်းရပ်သည်။

ထို့နောက် ဟန်ချက်တင်၏ ညာလက်မောင်းကို အသာ လှမ်း၍ တစ်ချက်ဆုပ်ကိုင် ဖျစ်ညှစ်သည်။

"ငါ့ကို တစ်ခုတော့ ပြောရမယ်"

"ဘာများလဲဟယ်"

"နင်တို့သွားမယ့် ခရီးလမ်းဆုံးကို တစ်ရက်ခရီးလိုတဲ့နေရာ ပြောပြ"

"နင် ဘာလုပ်မလို့လဲ"

"ဘာလုပ်လုပ်ပေါ့ ... ပြောသာပြောပြ"

လိုင်ယုဝန် တစ်ချက်စဉ်းစားသည်။ ပြီးတော့ ဟန်ချက်တင် သိချင်သောနေရာကို ပြောပြလိုက်သည်။

"ဒီလိုပြောပြတာ ကျေးဇူးတင်တယ် ယုဝန်၊ ကဲ နင်သွားတော့၊ နင့်ကိုယ်နင်တော့ ဂရုစိုက်ပါ"

"နင်လည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ ချက်တင်"

ဟန်ချက်တင်က လိုင်ယုဝန်၏ ပခုံးနှစ်ဖက်ကို စုံဆုပ်ကိုင်သည်။ လိုင်ယုဝန် ဟန်ချက်တင်ကို ဖျတ်ခနဲ တစ်ချက်မော့ကြည့်သည်။

ထို့နောက် မျက်လွှာလေးချသည်။ ငြိမ်၍ နေသည်။ ဟာန်

www.burmeseclassic.com

www.burmeseclassic.com



ချက်တင်သည် လိုင်ယုဝန်၏ ပခုံးနှစ်ဖက်ကို အတန်ကြာအောင်ပင် ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

လိုင်ယုဝန်ကလည်း ခေါင်းလေးမသိမသာငုံ့ကာ ငြိမ်၍နေသည်။

"သွားတော့"

နောက်ဆုံးတွင် ဟန်ချက်တင်က ခပ်ဆတ်ဆတ်ပြောကာ သူ့လက်များကို ဖယ်လိုက်သည်။ ခပ်ဆတ်ဆတ်ပြောသော်လည်း စကားသံက မာကျောမနေပါ။ ငိုသံပါသလိုပင် ဖြစ်သည်။

လိုင်ယုဝန်သည် ချထားသော မျက်လွှာကိုပင့်လျက် ဟန်ချက်တင်ကိုကြည့်သည်။ သူမကို ရွှန်းရွှန်းစားစား ကြည့်နေသော ဟန်ချက်တင်၏ အကြည့်နှင့်ဆုံမိသည်။

ဟန်ချက်တင်၏ မျက်လုံးများတွင် မျက်ရည်များ ဝိုင်းနေသည်ကို လိုင်ယုဝန်တွေ့သည်။

"ငါတို့ ပြန်ဆုံကြတာပေါ့"

လိုင်ယုဝန်က ပြောသည်။ ငိုသံ သိသိသာသာပါနေသည်။ မျက်လုံးများထဲမှ မျက်ရည်အချို့ စီးကျသည်။

"အေး ... ပြန်ဆုံကြမယ်"

ဟန်ချက်တင်၏ အသံသည်လည်း ကြေကွဲဆို့နင့်နေသည်။



လိုင်ယုဝန် ချာခနဲလှည့်ကာ လျှောက်လှမ်းထွက်လာခဲ့သည်။ ဟန်ချက်တင်ကတော့ ချာခနဲလှည့်၍ ထွက်မသွားပါ။ သို့သော် လိုင်ယုဝန်ကိုတော့ ကျောခိုင်းနေလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ညဥ့်အတော်နက်နေပြီ။

တောင်ကြားလွင်ပြင်ဖြစ်သောကြောင့် စိမ့်စိမ့်အေးသည်။

ဟန်ချက်တင်သည် ရေကန်ကမ်းစပ် တစ်နေရာရှိ ကျောက်တုံးကြီးတစ်ခုကို ကျောမှီကာ ထိုင်နေသည်။

ဖိုထားသောမီးပုံကလည်း မီးအား အတော်လျော့နေလေပြီ။ မီးငြိမ်းသွားဖို့ သိပ်အချိန်မကြာတော့။

သည်နေရာတွင် ညအိပ်စခန်းချရန် ဖြစ်သလို စီစဥ်ပြင်ဆင်ခဲ့ပြီး ဖြစ်သော်လည်း ဟန်ချက်တင်သည် အိပ်မပျော်။

အိပ်ချင်စိတ်လည်းမရှိ။ သူ့ရင်ထဲတွင် စိတ်ဆန္ဒနှစ်ခုတို့က အားပြိုင်ဆွဲ၍ နေကြသည်။

တစ်ခုသောစိတ်ဆန္ဒက ...

လိုင်ယုဝန်ရှိရာသို့ လိုက်သွားကာ ထိုက်မျိုးနွယ်ညီနောင်နှစ်ယောက်ကို အပြတ်ရှင်းလိုမှု ဖြစ်သည်။



ကျန်စိတ်ကတော့ လိုင်ယုဝန်တို့လူစု သူတို့လုပ်စရာရှိသည်ဆိုသော မိသားစုကိစ္စ ပြီးပြတ်အောင် လုပ်ဆောင်ပြီးသည်အထိ စောင့်ဆိုင်းနေရန်ဖြစ်သည်။

ပထမဆန္ဒသည် ဟန်ချက်တင်၏ ဗီဇစိတ်ရင်းမှပေါ် ပေါက်လာသည်။

ဒုတိယဆန္ဒကတော့ လိုင်ယုဝန်၏ ပြောဆိုဖျောင်းဖျမှုများအရ ဖြစ်တည်လာရသည်။

ဟန်ချက်တင်၏ စရိုက်အတိုင်းဆိုလျှင် ပထမစိတ်ဆန္ဒကို ဟောဟောဒိုင်းဒိုင်း အကောင်အထည်ဖော်ပစ်မည်သာ ဖြစ်သည်။

သို့သော် ထိုသို့လုပ်ဆောင်မှုသည် လိုင်ယုဝန်၏မိသားစုကိစ္စကို မအောင်မြင်အောင် ဟန့်တားနှောင့်ယှက်သလိုမျိုး အခြေအနေ ရှိမည်ကိုလည်း ဟန်ချက်တင် ထည့်စဥ်းစားမိသည်။

လိုင်ယုဝန်၏အလုပ်ကို ဝင်ရှုပ်ကာ ပျက်ပြားသွားအောင် လုပ်သလိုဖြစ်မည်ကိုတော့ ဟန်ချက်တင် မလိုလားပါ။

ထို့ပြင် လိုင်ယုဝန်နှင့်ပတ်သက်၍ မခံချင်စိတ်၊ မနာလိုစိတ်များဖြင့် မိမိလုပ်ခဲ့လေသမျှတို့ကို လိုင်ယုဝန်က မနှစ်သက်ဘဲ ရှိခဲ့သည်ကိုလည်း ဟန်ချက်တင် ယခုမှ သေသေချာချာ ပြန်စဥ်းစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ စဉ်းစားမှုကြောင့်လည်း ဒုတိယစိတ်ဆန္ဒ ပေါ်ပေါက်လာလျက် သူ၏ဗီဇစိတ်နှင့် အားပြိုင်လွန်ဆွဲနေခြင်း ဖြစ်သည်။

"ဟင်း"

ဟန်ချက်တင် သက်ပြင်းမောကြီးတစ်ချက် ချလိုက်သည်။

"ဘာတွေစဉ်းစားပြီး ဒီလောက်စိတ်ညစ် စိတ်တင်းကျပ်နေတာလဲ"

အမေးစကားတစ်ခုကို ကြားရသည်။ အားပြိုင်နေကြသော စိတ်ဆန္ဒနှစ်မျိုးကြောင့် တွေဝေငေးငိုင်နေမိသော ဟန်ချက်တင်သည် အိပ်ပျော်ရာမှ နိုးလာသလို ဆတ်ခနဲ အသိပြန်ဝင်သည်။ အသံပေါ်လာရာသို့ လှမ်းကြည့်သည်။

သူ့ထံသို့ လျှောက်လာနေသော မိန်းမပျိုတစ်ယောက်ကို ငြိမ်းလုဆဲဆဲ မီးပုံ၏ အလင်းရောင်မှိန်မှိန်ဖြင့် ခပ်ဝါးဝါးမြင်ရသည်။

ထိုအခိုက်မှာပင် ...

မီးပုံသည် ငြိမ်းခါနီး ထထောက်သည့် မီးညွန့်တစ်ခု လင်းခနဲ လက်၍လာလေရာ မိန်းမပျို၏ရုပ်ရည်သွင်ပြင်ကိုလည်း ကောင်းစွာ လိုက်ရလေတော့သည်။

"ဟင် ... မမ"

ဟန်ချက်တင်က လွှတ်ခနဲပင် အသံပြုမိသည်။



ထိုမိန်းမပျိုမှာ ...

ရှားလှူပင် ဖြစ်သည်။

✸

www.burmeseclassic.com

www.burmeseclassic.com



မီးပုံ ဟုတ်ခနဲ ငြိမ်းသွားသည်။ ရှားလူက သူမ၏လက်ထဲတွင် အသင့်ကိုင်ယူလာသော သစ်ကိုင်းခြောက်များကို မီးပုံတွင် ထပ်ဖြည့်ထည့်ကာ မီးအသာမွှေးပေးလိုက်သည်။

ငြိမ်းသွားသော မီးပုံ၏အရှိန်ကလည်း ရှိနေရာ ချက်ချင်းဆိုသလိုပင် သစ်ကိုင်းခြောက်များတွင် မီးစွဲကာ မီးပုံ ပြန်၍တောက်လောင်လာသည်။

အလင်းရောင်ရသလို နွေးနွေးထွေးထွေးလည်း ရှိလာသည်။

"ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

ဟန်ချက်တင်က မေးလိုက်သည်။ ရှားလူနှင့် ပြန်ဆုံတွေ့ရမည်ဟု ဟန်ချက်တင် မျှော်လင့်မထားခဲ့ပါ။

"တို့က ဟိုးဘက်နားမှာ စခန်းချနေတာ၊ ဒီက မီးရောင်လက်ကက်မြင်ရတာကြောင့် ဘယ်သူလဲလို့ အသာလာစူးစမ်းကြည့်တာ၊ လတ်စသတ်တော့ မင်းဖြစ်နေတယ်၊ အဆာပြေ ကောက်ညှင်းကင် စားမလား"



ညစာ ဟုတ်တိပတ်တိ မစားခဲ့သော ဟန်ချက်တင်သည် ရှားလူ မေးတော့မှပင် ဆာလောင်၍လာသည်။

"အင်း ... စားမယ်"

ရှားလူသည် အသင့်လုပ်ထားသော ကောက်ညှင်းဆိုင်းသုံးခုကို ထုတ်ကာ မီးပုံနားတွင် အသာကင်သည်။ ချက်ချင်းဆိုသလိုပင် မွှေးပျံ့သော ကောက်ညှင်းကင်နံ့ သင်းပျံ့လာသည်။

"တို့မေးတာဖြေပါဦး၊ တစ်ယောက်တည်း ဘာတွေထိုင်စဉ်းစားနေတာလဲ"

ကောက်ညှင်းကင်ကိုလှည့်၍ မီးပြနေရာမှ ရှားလူက မေးသည်။

"ဘာရယ်လို့ မဟုတ်ပါဘူး ဆရာ၊ ဟိုတွေး ဒီတွေးပါ"

"တို့သိပါတယ်နော်၊ ဟိုကောင်မလေး လိုင်ယုဂန်အကြောင်း စဉ်းစားနေတာ မဟုတ်လား"

"ဟာ ... မမကလည်း"

ရှားလူပြောသည်မှာ ဒက်ခနဲကို ဟုတ်မှန်နေသောကြောင့် ဟန်ချက်တင် ရှက်အမ်းအမ်း ဖြစ်သွားရသည်။

"အဲဒီကောင်မလေး ဘယ်ရောက်သွားပြီလဲ"

ရှားလူသည် ဟန်ချက်တင်တို့နောက်မှ ချောင်းမြောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါလာခဲ့ရာ လိုင်ယုဝန် လမ်းခွဲထွက်သွားသည်ကို သိသည်။ တမင်ပင် မသိဟန်ဆောင်ကာ မေးခြင်းဖြစ်သည်။

"ကွဲသွားတဲ့လူတွေနဲ့ ပြန်ဆုံမိကြလို့ ခရီးဆက်သွားကြပြီ"

"အဲဒီလူတွေက ဘယ်သူတွေလဲ"

"သူ့အစ်မဝမ်းကွဲရယ်၊ ပြီးတော့"

ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီနောင်ကို ဘယ်လို သုံးနှုန်း ပြောဆိုရမည်ကို စဉ်းစားမရသောကြောင့် ဟန်ချက်တင် စကား တို့ရပ်သည်။

"ကောင်မလေးနောက်ကို နောက်ယောင်ခံ မလိုက်တော့ ဘူးလား"

"လိုက်မှာပေါ့ မမရဲ့၊ ဒါပေမဲ့ ကျန်တဲ့လူတွေ မသိအောင် လျှို့လျှို့ဝှက်ဝှက်တော့ လုပ်ရမယ်၊ ဒါနဲ့ နောက်ပိုင်းဒေသက ရေညို စမ်းဆိုတဲ့နေရာကို သိလား"

ရေညိုစမ်းသည် လိုင်ယုဝန် ပြောသွားခဲ့သော စခန်းနေရာ ဖြစ်သည်။

"အိုး ... တို့က အနောက်ပိုင်း သဲကန္တာရကပဲ၊ ရေညိုစမ်း ကို ကောင်းကောင်းသိတာပေါ့ကွ၊ မင်းက အဲဒီကို သွားမလို့လား"

"ဟုတ်တယ်"



"ဘာလဲ၊ လိုင်ယုဝန်တို့က ရေညိုစမ်းကို သွားကြလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ယုဝန်က ရေညိုစမ်းမှာ ပြန် ဆုံချင် ဆုံနိုင်တယ်လို့ ပြောထားလို့ပါ၊ ရေညိုစမ်းက ဘယ်နေရာမျိုး လဲ၊ အန္တရာယ်များလို့လား"

ရှားလူ၏ မျက်နှာအမူအရာ တစ်မျိုးဖြစ်သွားသလို ထင်မိ သောကြောင့် ဟန်ချက်တင်က မေးလိုက်သည်။

"အင်း ... အန္တရာယ်များတယ်လို့ မပြောနိုင်ပေမယ့် ဘေး ကင်း အေးချမ်းတဲ့နေရာလို့လည်း မဆိုနိုင်ဘူး"

"ရေညိုစမ်းအကြောင်း မမသိသမျှ ပြောပြစမ်းပါ"

ရှားလူက ရေညိုစမ်းအကြောင်း ပြောပြသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ရေညှိစမ်းသည် တောင်ညှိုတောင်ကြားလမ်း အဝင်ဝတွင် ရှိသော စမ်းပေါက်နေရာဖြစ်သည်။

တောင်ညှိုတောင်ကြားလမ်းကို ဖြတ်ကျော်သွားလျှင် အနောက်ပိုင်း သဲကန္တာရမြောက်ဘက်ပိုင်း၏ အစပ်ဖြစ်သော မြေနီရိုင်းဒေသကို ရောက်သည်။

မြေနီရိုင်းဒေသ တစ်နေရာတွင် ရှေးဟောင်းမြို့ပျက်ကြီး တစ်ခုရှိသည်ဟု သတင်းကြီးနေသည်။

ထိုရှေးဟောင်းမြို့ပျက်ကြီးတွင် ရှေးဟောင်းသိုင်းပညာများ ရှိသည်ဟုလည်း ပြောဆိုနေကြသည်။

ထိုရှေးဟောင်းမြို့ပျက်ကြီးကို ရှာဖွေကြသည့် သိုင်းသမားများ မနည်းတော့ပါ။

ရှာ၍တွေ့၊မတွေ့ကတော့ သေချာသည့်သတင်းများ မကြားရ။

ယခုအချိန်တွင် ရေညှိစမ်းနှင့် တောင်ညှိုတောင်ကြားလမ်းတို့တွင် ကန္တာရ မြေခွေးဂိုဏ်းက အခိုင်အမာ အခြေချ၍နေသည်။



ကန္တာရမြေခွေးဂိုဏ်းသည် ရှေးဟောင်းမြို့ပျက်ကြီးမှ ရှေးဟောင်းသိုင်းပညာများကိုအရယူရန် အကြီးအကျယ် ကြိုးပမ်းနေသော ဂိုဏ်းတစ်ခုဖြစ်သည်။

ရှေးဟောင်းမြို့ပျက်ကြီးကို ကန္တာရမြေခွေးဂိုဏ်းက ရှာတွေ့ခဲ့သော်လည်း ရှေးဟောင်း သိုင်းပညာများကိုတော့ ဖော်ထုတ်ရယူနိုင်ခြင်း မရှိသေးကြောင်းလည်း သတင်းကြားရသည်။

အခြားသော သိုင်းသမားများ မြေနီရိုင်းဒေသထဲသို့ ဝင်ရောက်၍ ရှေးဟောင်းမြို့ပျက်ကြီးကို ရှာဖွေခြင်းမပြုနိုင်ရန် ပိတ်ဆို့တားဆီးသည့်အနေဖြင့် ကန္တာရမြေခွေးဂိုဏ်းက ရေညှိစမ်းနှင့် တောင်ညှိုတောင်ကြားလမ်းတို့တွင် အခိုင်အမာ အခြေချနေခြင်း ဖြစ်သည်။

အခြားသိုင်းသမားများ မလာနိုင်ရန် ဟန့်တားထားလျက် ကန္တာရမြေခွေးဂိုဏ်းတစ်ဂိုဏ်းတည်းက အချိန်ယူ၍ ရှေးဟောင်း သိုင်းကျမ်းများကို အရှာနေခြင်း ဖြစ်သည်ဟု ရှားလူက ပြောပြသည်။

"မမက အတော်ကို ပြည့်ပြည့်စုံစုံ သိတာပဲကိုး"

"တို့လည်း မြေနီရိုင်းဒေသကို ဝင်နိုင်ဖို့ စိတ်ကူးနဲ့ ကြံစည်ကြိုးစားနေတာကိုးကွ၊ ဒီလောက်တော့ သိတာ[illegible]"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား၊ အခု ဘယ်လောက်ပြင်ဆင်ပြီးပြီလဲ၊ ဘယ်တော့လောက် မြေနီရိုင်းဒေသကို ဝင်မှာလဲ"

"မြေနီရိုင်းဒေသကို ဝင်ဖို့ဆိုတာက ရေညှိစမ်းမှာ ရေနဲ့ ရိက္ခာတွေ ဖြည့်တင်းယူပြီး တောင်ညိုတောင်ကြားက ဖြတ်သွားရမယ်လေ၊ အဲဒီမှာ အခြေစိုက်ထားတဲ့ ကန္တာရမြေခွေးဂိုဏ်းနဲ့ ရင်ဆိုင်မတိုက်ခိုက်လို့ကို မဖြစ်ဘူး၊ ကန္တာရမြေခွေးဂိုဏ်းကို အနိုင်ယူနိုင်လောက်တဲ့ သိုင်းပညာစွမ်းရည်ရှိမှဖြစ်တာ"

"ဟာ ... ကျွန်တော်သိပြီ၊ ဒါကြောင့် မမက ခွန်လွန်ဂိုဏ်းကို သွားမလို့လုပ်ခဲ့တာကိုး၊ ခွန်လွန်ဂိုဏ်းမှာ သိုင်းပညာသင်မလို့လား"

"အနောက်ပိုင်း သဲကန္တာရက ကညာစင်အတွင်းအား လေ့ကျင့်နည်းကျမ်းကို ခွန်လွန်ဂိုဏ်းက စောင့်ရှောက်သိမ်းဆည်းပေးထားတယ်၊ တို့က ကညာစင်အတွင်းအား လေ့ကျင့်ချင်လို့ ခွန်လွန်ဂိုဏ်းကိုသွားဖို့ ထက်လာခဲ့တာ၊ ဒါပေမဲ့"

"အင်း ... ကျွန်တော်သတိရပြန်ပြီ၊ မမက ခွန်လွန်ဂိုဏ်းကို သွားလို့မဖြစ်တော့ဘူးလို့ ပြောခဲ့ဖူးတယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

ရှားလူ၏မျက်နှာ ရဲခနဲဖြစ်သည်။

မီးပုံကို ကျောပေးထား၍ ရှားလူ၏မျက်နှာမှာ မှောင်ရိပ်



ကျနေရာ ရဲခနဲဖြစ်သွားမှုကို ဟန်ချက်တင် မမြင်မိပါ။

"ကညာစင်အတွင်းအား လေ့ကျင့်နည်းကို လေ့ကျင့်မယ်ဆိုရင် တကယ့်အပျိုစင်အပြည့်အဝ ဖြစ်ရမယ်၊ တို့ကတော့"

ရှားလူ စကားတုံ့သည်။

ဟန်ချက်တင်လည်း တစ်စုံတစ်ရာ ကို တွေးမိကာ လွှတ်ခနဲ မေးလိုက်မည်ပြုပြီးမှ မေးဖို့မသင့်လျော်ကြောင်း တွေးမိကာ ထွက်တော့မည့်စကားများကို ကမန်းကတန်း ထိန်းလိုက်ရသည်။

"မင်းလည်းသိပါတယ်၊ ဟိုလူယုတ်မာတွေ အနိုင်ကျင့်ဖို့ ကြံကြတာ မင်းဝင်ကူညီပေးလို့ မအောင်မြင်ပေမယ့် တို့အတွက် ဟိုသင်း အဲ ... အရှက်ရစရာမျိုး ဖြစ်ခဲ့ရတယ်၊ ဒီအတွက် တို့စိတ်ထဲမှာ အတော်ကိုမလုံမလဲ ဖြစ်မိတယ်၊ အနိုင်ကျင့် အစော်ကားမခံရပေမယ့် ထိန်းသိမ်းကာကွယ်ထားတဲ့ ဣန္ဒြေတော့ ပျက်သလိုရှိနေရတာကိုး၊ ကညာစင်အတွင်းအား လေ့ကျင့်မှုကို စိတ်သန့်သန့် စိတ်ဖြောင့်ဖြောင့်နဲ့ လေ့ကျင့်လို့ ရတော့မှာမဟုတ်ဘူး၊ ဒီလိုမျိုး စိတ်ရှုပ်ထွေးပြီး လေ့ကျင့်ရင်လည်း ဘယ်လိုလုပ် အောင်မြင်တော့မှာလဲ၊ ဒါကြောင့် ခွန်လွန်တောင်ကို သွားမယ့်ကိစ္စကို လက်လျှော့လိုက်တာပါ"

"ဒါဆိုရင် မြေနီရိုင်းဒေသထဲကို ဝင်မယ်ဆိုတဲ့ အကြံစိတ်ကူးလည်း ပျက်သွားပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတုန်းကတော့ ပျက်သွားပြီလို့ ဆိုရမှာပေါ့၊ အခု မင်းက ရေညိုစမ်းကိုသွားမယ်ဆိုတော့ အခြေအနေတစ်မျိုး ပြောင်းလာပြီ"

"ဘယ်လိုပြောင်းသွားတာလဲ"

"တို့ဆီမှာ အစွမ်းထက်မားသိုင်းတစ်ခု ရထားတာ ရှိတယ်၊ ဒါပေမဲ့ တို့တစ်ယောက်တည်း လေ့ကျင့်လို့ မရဘူး၊ စိတ်တူကိုယ်တူ အဖော်တစ်ယောက်နဲ့ နှစ်ယောက်တွဲပြီး လေ့ကျင့်မှရမှာ၊ မင်းက တို့နဲ့အတူ အဖော်ပြုပြီး လေ့ကျင့်မယ် မဟုတ်လား"

ဟန်ချက်ထင် တစ်ချက်စဉ်းစားသည်။ သူသည် လိုင်ယုဝန် တို့အပြန်ကို ဆုံနိုင်ရန် ရေညိုစမ်းသွား၍ စောင့်နေမည်ဖြစ်သည်။

ရေညိုစမ်းသို့ သွားလျှင် ကမ္ဘာ့ရမြေခွေးဂိုဏ်းနှင့် ရင်ဆိုင် တွေ့ရမည်ကတော့ သေချာသည်။

ကမ္ဘာ့ရမြေခွေးဂိုဏ်း၏ သိုင်းပညာ မည်သို့ရှိကြောင်း ကိုယ်တိုင်ကိုယ်ကျ သေသေချာချာမသိသော်လည်း ရှားလူ ပြောပြ၍ ကြားသိသမျှကတော့ အဆင့်အတော်မြင့်နိုင်သည်။

ထို့ပြင် ရေညိုစမ်းဒေသကို ဖြတ်သွားမည့် လိုင်ယုဝန်တို့ သည်လည်း ကမ္ဘာ့ရမြေခွေးဂိုဏ်းနှင့် ရင်ဆိုင်တွေ့ရဖို့ အခြေရှိနေ ပြန်သည်။

ကမ္ဘာ့ရမြေခွေးဂိုဏ်းကို ရင်ဆိုင်နိုင်ရန် မိမိအနေဖြင့်လည်း



တတ်နိုင်သမျှ ပြင်ဆင်ထားဖို့ လိုမည်ဟု နားလည်သည်။

ရှားလူနှင့်အတူ အဖော်ပြု သိုင်းလေ့ကျင့်လျက် ရေညိုစမ်း သို့ အတူတူသွားလျှင် နယ်ခံဖြစ်သော ရှားလူ အကူအညီလည်း ရနိုင် ကြောင်း တွေးမိသည်။ ထို့ကြောင့် ...

"ကောင်းပြီ ... မမနဲ့အတူ အဖော်ပြုလေ့ကျင့်မယ်၊ ကျွန် တော်တို့ လေ့ကျင့်ကြမှာက ဘာသိုင်းကွက်လဲ"

ဟန်ချက်တင်က ပြောလိုက်သည်။

"လိပ်ပြာဖိုမသိုင်းကွက်"

ရှားလူက ပြန်ဖြေသည်။

ဟန်ချက်တင်နှင့် ရှားလူတို့ အနောက်ပိုင်းသဲကန္တာရအစပ်ရှိ ရေညိုစမ်းသို့ ခရီးနှင်ကြသည်။

ခရီးသွားရင်း လိပ်ပြာဖိုမသိုင်းကွက်ကို နှစ်ယောက်အတူ လေ့ကျင့်ကြ သည်။

ရှားလူက ခရီးလမ်းကို ကောင်းစွာကျွမ်းကျင်လျက် ဖြတ် လမ်းများလည်း သိနေလေရာ ရှေ့မှသွားနှင့်ကြသော လိုင်ယုဝန်တို့ ကို ခြေရာကောက် နောက်ယောင်ခံ လိုက်စရာမလို။ မိမိဘာသာ စိတ်ကြိုက်သွားနိုင်သည်။

ဖြတ်လမ်းများမှ သွားသောကြောင့်လည်း ခရီးပိုတွင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာဖိုမသိုင်းကွက် လေ့ကျင့်ရန် အချိန်ပိုရသည်။

လိပ်ပြာဖိုမသိုင်းကွက်တွင် အဖိုဓားကွက်နှစ်ကွက်၊ အမဓားကွက်နှစ်ကွက်၊ ဖိုမပူးပေါင်း ဓားကွက်တစ်ကွက်ဟူ၍ ဓားကွက် ငါးကွက်ပါရှိသည်။

အဖိုဓားကွက်နှင့် အမဓားကွက်တို့သည် သီးခြားလှုပ်ရှား တိုက်ခိုက်သည့် အကွက်များဖြစ်သော်လည်း နှစ်ယောက်အတူ တိုက်ခိုက်သောအခါတွင်တော့ တစ်ယောက်အတွက် တိုက်စစ်လမ်းကြောင်း ဖန်တီးပေးခြင်း၊ ဆုတ်ကွက်ဖော်ထုတ်ပေးခြင်း စသည့် ထောက်ကူမှုများ လုပ်နိုင်သည်။

ဖိုမပူးပေါင်းဓားကွက်ကတော့ အပေးအယူမျှမျှ၊ အချိန်အဆမှန်မှန်နှင့် နှစ်ယောက်အတူတကွ စည်းလုံးစွာ ပေါင်းစပ်တိုက်ခိုက်ရသည့် နှစ်ယောက်တွဲ ပူးပေါင်းဓားကွက်အပြည့်ဖြစ်သည်။

ဟန်ချက်တင်က အဖိုဓားကွက်နှစ်ကွက် လေ့ကျင့်သည်။ ရှုးလူက အမဓားကွက်တို့ကို လေ့ကျင့်သည်။

ဖိုမပူးပေါင်းဓားကွက်ကိုတော့ နှစ်ယောက်အတူ လေ့ကျင့်ကြသည်။

လိပ်ပြာဖိုမဓားကွက်သည် စိတ်တူကိုယ်မျှ အထူးချစ်ခင်သံယောဇဉ်ရှိကြသော သွေးသောက်ရောင်းရင်း၊ ချစ်သူစုံတွဲ၊ ဇနီး





မောင်နှံတို့အတွက် အထူးသင့်လျော်သော သိုင်းပညာဖြစ်သည်။

စိတ်တူကိုယ်မျှ ဖြစ်မှုကပင်လျှင် လိပ်ပြာဖိုမ သိုင်းကွက်၏ အဓိကအားအင်ဖြစ်သည်။

ဟန်ချက်တင်နှင့် ရှုးလူတို့နှစ်ယောက်မှာ ဇနီးမောင်နှံ မဟုတ်သလို ချစ်သူစုံတွဲလည်း မဖြစ်ကြ။ သွေးသောက်ရောင်းရင်းတွေဟုပင် မဆိုနိုင်။

ရှုးလူက ဟန်ချက်တင်အပေါ် ငြိတွယ်သည့်စိတ်ရှိကာ ဟန်ချက်တင်ကလည်း ရှုးလူနှင့် စတင်တွေ့ဆုံခဲ့ရစဉ် အဖြစ်ကြောင့် ထောက်ထားကြင်နာစိတ်သာ ရှိနေကြသည်။

စိတ်တူကိုယ်မျှ မဟုတ်ကြသော်လည်း ထိုသို့ တစ်ဦးက ငြိတွယ်စိတ်ရှိကာ ကျန်တစ်ယောက်က ထောက်ထားကြင်နာစိတ်ရှိနေမှုသည် လိပ်ပြာဖိုမသိုင်းကွက်၏ အခြေခံလိုအပ်သည့်စိတ်ဓာတ်အခြေအနေနှင့် ဆင်ဆင်တူနေသည့်အတွက် ထိုသို့ ဆင်ဆင်တူနေမှုအတိုင်းအတာက လေ့ကျင့်မှုတွင် အကျိုးသက်ရောက်မှု ရှိသင့်သလောက်တော့ရှိသည်။

တစ်ဦးချင်းလှုပ်ရှားရသည့် အဖိုဓားကွက်နှင့် အမဓားကွက်တို့ကို လေ့ကျင့်ရာတွင် မသိသာသော်လည်း နှစ်ဦးအတူ လှုပ်ရှားရသည့် ဖိုမပူးပေါင်း ဓားကွက်တွင်တော့ အတော်ပင် သိသာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုမပူးပေါင်းစေးကွက်တွင် တိုက်ကွက်၊ အားဖြည့်ကွက်နှင့် ကာကွယ်ကွက်ဟူ၍ သိုင်းဟန်သုံးမျိုးရှိနေရာ ကာကွယ်ကွက်တွင် အတန်အသင့် ပူးပေါင်းမိကြသော်လည်း အားဖြည့်ကွက်နှင့် တိုက်ကွက်တို့တွင်တော့ အပြည့်အဝ ပေါင်းစည်းမိခြင်း မရှိကြ။ ဟာကွက်များ၊ လိုအပ်ကွက်များ ရှိနေသည်။

ဤသို့ဖြစ်ရမှု၏ အခြေခံအကြောင်းအရင်းကို ဟန်ချက်တင်နှင့် ရှားလူတို့နှစ်ယောက် သေချာစွာ နားမလည်ကြပါ။ မစဉ်းစားမိကြပါ။

မိမိတို့၏ လေ့ကျင့်မှု လိုအပ်နေသေးသည်ဟုသာ ထင်နေကြသည်။

ဤသို့ သိုင်းလေ့ကျင့်ရင်း ခရီးနှင်လာခဲ့ရာ ရေညိုစမ်းနှင့် ခရီးတစ်ထောက်အကွာသို့ ရောက်လာကြသည်။

"ရှေ့ခရီးတစ်ထောက်ဆိုရင် ရေညိုစမ်းကိုရောက်ပြီ၊ ငါတို့ ဒီမှာ ခဏလောက်နားကြရအောင်လား"

ရှားလူ ပြောသည်။

"အခုမှ ညနေစောင်းခါစရှိသေးတယ် နားမလို့လား၊ ဆက်သွားကြရင် မကောင်းဘူးလား ... ရောက်တော့မှာပဲဟာ"

ဟန်ချက်တင်က ပြန်ပြောသည်။



"အနားယူ အပန်းဖြေပြီး လေ့ကျင့်ရထားသမျှ လိပ်ပြာဖို့မ သိုင်းကွက်ကို ပြန်နွှေးလေ့ကျင့်ပြင်ဆင်ပြီးမှ ဆက်သွားကြတာပေါ့"

"ဩော် ... ဟုတ်သားပဲ၊ ဒါနဲ့ ကျွန်တော်တို့က ရေညိုစမ်းကို အတိအလင်း ပေါ်ပေါ်ထင်ထင်ပဲ သွားမှာလား၊ တိတ်တဆိတ် ထိုးဖောက်ဝင်မှာလား"

"တို့ကြားသိထားသလောက်တော့ ကမ္ဘာ့ရေမြေခွေးဂိုဏ်းက ရေညိုစမ်းနဲ့ တောင်ညိုတောင်ကြားလမ်းမှာ အခိုင်အမာ အခြေစိုက်နေကြတာ၊ လူအင်အားလည်း မနည်းဘူး၊ တိတ်တဆိတ် ထိုးဖောက်သွားရင်လည်း တစ်နေရာမှာမဟုတ် တစ်နေရာမှာတော့ ကမ္ဘာ့ရေမြေခွေးဂိုဏ်းသားတွေနဲ့ ရင်ဆိုင်တိုးမိမှာပဲ၊ အတိအလင်းသွားပြီး ဆုံမိရင်လည်း ပြောင်ပဲစိန်ခေါ်ရင်ဆိုင်ကြတာပေါ့ ... မကောင်းဘူးလား"

"ကမ္ဘာ့ရေမြေခွေးဂိုဏ်းရဲ့ လူအင်အား ဘယ်လောက်ရှိလဲ"

"တို့လည်း အသေအချာ မသိဘူး၊ တစ်ရာလောက်တော့ ရှိမယ်ထင်ရတာပဲ"

"သိုင်းပညာစွမ်းတဲ့လူ အတော်များလား"

"ဂိုဏ်းချုပ် မြေခွေးနက်ဖူးယောင်နင်နဲ့ သွေးသောက်ညီတော် အဆိပ်မြေခွေးယောက်ကန်းတို့ကတော့ အနောက်ပိုင်း သွဲ

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရမှာ နာမည်ရသိုင်းသမားတွေပဲ၊ ယောက်ကန်းရဲ့တပည့် မြေခွေးသရဲသုံးဖော်ဆိုတာကလည်း အစွမ်းအစ သေးမယ်မထင်ဘူး”

✸



ညနေစောင်း နေဝင်ဖျိုးဖျအချိန်တွင် ဟန်ချက်နှင့်ရှားလူတို့ ရေညှိုစမ်းသို့ ရောက်သွားကြသည်။ ရေညှိုစမ်းသည် လွင်ပြင်ငယ်ကလေး ဖြစ်၏။ စမ်းပေါက်တစ်ခုနှင့် စမ်းရေအိုင်လေးတစ်အိုင် ရှိသည်။ စိုက်ခင်းနှင့်မြက်ခင်းများ စိမ်းစိမ်းစိုစိုရှိသည်။ ဆိတ်၊ ဘဲ၊ ငန်း စသည့် မွေးမြူရေးတိရစ္ဆာန်များကိုလည်း အုပ်လိုက်မြင်ရသည်။

သဲကန္တာရသို့အဝင်တွင်ရှိသော ရေနှင့် အစားအသောက်များ ပေါကြွယ်သည့်နေရာရပ်ဝန်းလေးဖြစ်သည်။ ရေညှိုစမ်း၏ နယ်နိမိတ်ထဲသို့ဝင်မိသည်နှင့်ပင် သဲကန္တာရမြေခွေးဂိုဏ်းသား ၅ ယောက် နှင့် ရင်ဆိုင်တိုးကြလေတော့သည်။

လက်နက်ကိုယ်စီကိုင်စွဲထားကြပြီး မြေခွေးခေါင်း အရေခွံများကို ဦးထုပ်သဖွယ် ခေါင်းတွင် ဆင်ယင်ထားကြသည့်အတွက် အတွေ့အထူး စူးစမ်းရန်ပင်မလိုဘဲ မြင်သည်နှင့် ကန္တာရမြေခွေးဂိုဏ်းသားများဖြစ်ကြောင်း သိနိုင်သည်။

“ဟိတ် … ရပ်လိုက်ကြစမ်း၊ မင်းတို့က ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ တို့နယ်မြေထဲ ဝင်လာတာလဲ၊ သေချင်ပြီထင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ကန္တာရမြေခွေးဂိုဏ်းသားတစ်ယောက်က ခပ်ထန်ထန်ပြောသည်။ ကျန် ဂိုဏ်းသားများကလည်း ခုတ်တော့မည် ထစ်တော့မည့်ဟန်များ ပြုကြသည်။ တော်ရုံတန်ရုံလူဆိုလျှင် ဖြုံသွားနိုင်လောက်သည်။

"ကျွန်မက ခွန်လွန်ဂိုဏ်းရဲ့ သိုင်းမိတ်ဆွေရှားလူ၊ သူက ဆင့်ရှီးမြို့၊ မိုးမြေဓား စံအိမ်တော်သခင်ကြီးရဲ့ တစ်ဦးတည်းသောသားဟန်ချက်တင်၊ ရှင်တို့ဂိုဏ်းချုပ် မြေခွေးနက် ဖူးယောင်နင်နဲ့ သိုင်းပညာယှဉ်ပြိုင်ချင်လို့ လာခဲ့တာပဲ"

ရှားလူက ခပ်တည်တည်ပြန်ပြောသည်။ သိုင်းလောက၏ ထိပ်သီးများတွင် အပါအဝင်ဖြစ်သော ခွန်လွန်ဂိုဏ်းကို ကန္တာရမြေခွေးဂိုဏ်းသားများ ကောင်းကောင်းသိကြသည်။ မိုးမြေဓားစံအိမ်တော်ဆိုသည့် အမည်ကိုတော့ မကြားဖူးကြပေ။

သို့သော် ခွန်လွန်ဂိုဏ်း၏ သိုင်းမိတ်ဆွေနှင့် အတူပါရှိလာသူမို့ ပေါ့သေးသေးမဟုတ်ဟုတော့ တွေးလိုက်ကြသည်။ ကန္တာရမြေခွေးဂိုဏ်းသည် အနောက်ပိုင်း သဲကန္တာရ တစ်လွှားတွင် လှုတွင်ကျယ်လုပ်နေကြသော သိုင်းသမားများဖြစ်သည်။ ဤဒေသတွင် သူတို့ကို အာခံယှဉ်ရဲသည့် သိုင်းသမားဟူ၍ မရှိသလောက်ကို ရှားသည်။



ယခု သူတို့ အခြေစိုက်ထားသည့် နယ်မြေထဲသို့ အတိအလင်း ဝင်လာပြီး ဂိုဏ်းချုပ်ကိုပင် ပြောင်ပြောင်တင်းတင်း စိန်ခေါ်လာသောအခါ ထိုဂိုဏ်းသား ၅ ယောက်တို့မှာ အတော်ရှိန်သွားကြသည်။

သူတို့သည် သာမန်ဂိုဏ်းသားများသာဖြစ်လေရာ အရမ်းမလုပ်ရဲကြ။ သည်လို ရဲရဲတင်းတင်း ရောက်လာပြီး ပြတ်ပြတ်သားသား စိန်ခေါ်လာသည့်အဖြစ်မျိုး တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသည့်အတွက် သူတို့ ၅ ယောက်မှာ ဘယ်လိုလုပ်ရမည်ကိုပင် မသိတတ်အောင် ဖြစ်ကုန်ကြသည်။

"သူ့ရဲ့သိုင်းပညာ ဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့စမ်းကြည့် ယှဉ်ပြိုင်ချင်တဲ့လူတွေ ရောက်လာတယ်လို့ ရှင်တို့ဂိုဏ်းချုပ် မြေခွေးနက် ဖူးယောင်နင်ကို အမြန်သွားအကြောင်းကြားလိုက်ပါ၊ ကျွန်မတို့ ဒီကနေစောင့်နေမယ်၊ သိပ်ကြာကြာတော့ မစောင့်နိုင်ဘူးနော်၊ အကျိုးအကြောင်း အချိန်မီ အကြောင်းပြန်မကြားရင် ကျွန်မတို့က အားနာမနေတော့ဘူး"

ကန္တာရမြေခွေးဂိုဏ်းသား ၅ ယောက် ဇဝေဇဝါဖြစ်နေသည်ကို အကဲခတ်မိသော ရှားလူက ဟန်ပါတ်အပြည့်နှင့် ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမည်မှန်းမသိ ယောင်ချာချာဖြစ်နေကြသည့် သူတို့၏ သဘာဝအတိုင်း ကန္တာရမြေခွေးဂိုဏ်းသားများသည် ပြတ်ပြတ်သားသားသား ပြောလာသော ရှားလူလုပ်ခိုင်းသည်ကို အလိုအလျောက်ပင် နာမခံလုပ်ဆောင်ကြလေတော့သည်။

နှစ်ယောက်က ဂိုဏ်းချုပ်ကို အမြန်အကြောင်းကြားရန် အပြေးအလွှား ထွက်သွားကြ၏။ ၃ ယောက်ကတော့ ရှားလူတို့နှင့် မနီးမဝေးတွင် စောင့်ကျန်နေခဲ့သည်။

ရှားလူက ကျန်နေခဲ့သော ကန္တာရမြေခွေးဂိုဏ်းသား ၃ ယောက်ကို အရေးလုပ်ဟန်မပြ။ သူတို့ဘက်သို့လည်း လှည့်ပင်မကြည့်ဘဲ ခပ်အေးအေးပင် နေသည်။ မျက်နှာကိုတော့ ခပ်တည်တည် လုပ်ထားသည်။

ဟန်ချက်တင်လည်း ရှားလူကို အတုခိုးကာ ရှားလူနေသလိုပင် လိုက်၍နေလိုက်သည်။ ကန္တာရမြေခွေးဂိုဏ်းသား ၃ ယောက်တို့မှာ ရှားလူနှင့် ဟန်ချက်တင်တို့ကို ရဲရဲတင်းတင်းပင် မကြည့်ဝံ့ကြတော့။



အချိန်များ တရွေ့ရွေ့ကုန်သွားသည်။ နေပင် ဝင်သွားခဲ့လေပြီ။ ရှင်းလူနှင့် ဟန်ချက်တင်တို့သည် စကားပင် မပြောကြ။ ယခုအခြေအနေတွင် စကားတွေ ပြောနေခြင်းထက် နှုတ်ဆိတ်ကာ မျက်နှာတည်တည်နှင့် ငြိမ်နေခြင်းက ပို၍ ဟန်ပါတ်ရှိနေလေသည်။

ကန္တာရမြေခွေးဂိုဏ်းသား ၃ ယောက်မှာမူ တုတ်တုတ်ပင် မလှုပ်ရဲကြ။ ငြိမ်၍ ကုပ်၍နေကြသည်။ ရုတ်တရက် လေချွန်သံလိုလို၊ အော်သံလိုလို စူးရှသော အသံရှည်များ ပေါ်လာသည်။

ကန္တာရမြေခွေးဂိုဏ်းသား ၃ ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ပေါ်ထွက်လာသည့် အသံရှည်များသည် ဘာသံတွေ ဖြစ်ကြောင်းကို ရှားလူနှင့်ဟန်ချက်တင်တို့ မသိကြပါ။ သို့သော် ကန္တာရမြေခွေးဂိုဏ်းသား ၃ ယောက်တို့၏ အမူအရာ အသွင်အပြင်ကိုကြည့်ကာ အခြေအနေ ထူးခြားကြောင်းကိုတော့ ရိပ်မိသည်။

ထို့နောက် မြင်းခွာသံများ ကြားရသည်။ အနီရောင်ဝတ်စုံများ ဝတ်ထားသော မြင်းစီးသမား ၈ ယောက် သူတို့ရှိရာသို့ ဦးတည် ရောက်ရှိလာကြသည်။ မြင်းစီးသမားများ၏လက်ထဲတွင် အနီရောင်

www.burmeseclassic.com

www.burmeseclassic.com



အလံများ ကိုင်ထားကြသည်။

အလံများပေါ်တွင် ကန္တာရမြေခွေးဆိုသော စာများ ရေးထိုးထားသည်။ မြင်းစီးသမား ၈ ယောက်သည် အသက်နှစ်ဆယ်ဝန်းကျင် အရွယ်များဖြစ်ကြကာ အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက်တို့ တစ်ယောက်နှင့်တစ်ယောက် အတော်ပင်တူကြသည်။ အရွယ်ညီ အလုံးအရပ်ညီဖြစ်ကာ မြင်းများကို ညီညီညာညာ စီးလာကြပုံက အတော်ပင် ကြည့်ကောင်းသည်။

"မြေခွေးနက် ဖူးယောင်နင်ကိုယ်တိုင် ရောက်လာမလားမသိဘူး"

ဟန်ချက်တင်က ရှားလူကြားနိုင်ရုံ တီးတိုးလေသံနှင့် ပြောလိုက်သည်။

"အင်း ... ဖြစ်နိုင်တယ်၊ ဟန်ဟိတ်ကတော့ အတော်ကိုများတာပဲ"

ရှားလူကည်း လေသံနှင့် ပြန်ပြောသည်။ မြင်းစီးသမားရှစ်ယောက်သည် ရှားလူတို့၏ ဘယ်ဘက်ကျကျတွင် စီတန်းကာရပ်လိုက်ကြသည်။

ထို့နောက် မြင်းခွာသံများ ဆက်ကြားရကာ နောက်ထပ်မြင်းစီးသမားရှစ်ယောက် ပေါ်လာပြန်သည်။ ထိုမြင်းစီးသမားများ



မှာလည်း အနီရောင်ဝတ်စုံများ ဝတ်ထားကြသည်။

အလံများမူ ကိုင်ဆောင်မထားကြ။ အရိုးရှည်တပ်ထားသော ပုဆိန်များကိုင်လျက် နောက်ကျောတွင် ဓားရှည်တစ်ချောင်းနှင့်လှံတိုတစ်လက်တို့ကို ကြက်ခြေခတ် လွယ်ထားကြသည်။

ထပ်မံရောက်လာကြသော မြင်းစီးသမား ရှစ်ယောက်သည် အသက်သုံးဆယ်ဝန်းကျင် အရွယ်များဖြစ်ကြသည်။ ပထမမြင်းစီးသမားများနည်းတူပင် အရပ်အမောင်းတူ၊ ကိုယ်လုံးကိုယ်ပေါက်တူများ ဖြစ်လျက် မြင်းများကိုလည်း ညီညီညာညာပင် စီးလာကြသည်။

နောက်ထပ်ရောက်လာကြသော မြင်းစီးသမားရှစ်ယောက်သည် ရှားလူတို့၏ ဘယ်ဘက်ကျကျတွင် စီတန်းနေရာယူလိုက်ကြသည်။

ထိုမြင်းစီးသမားနှစ်စု၏အကြားတွင် လမ်းကြောင်းတစ်ခုသဖွယ် ဖြစ်ပေါ်သွားသည်။ မြင်းစီးသမား အစုနှစ်စုလုံး၏ မျက်နှာထားများသည် မရယ်မပြုံး အေးစက်စက်ဖြစ်သည်။

လမ်းကြောင်းသဖွယ် ဖြစ်နေသည့်နေရာမှ မြင်းစီးသမားလေးယောက်တို့ မြင်းများကို ခပ်ဖြည်းဖြည်းစီး၍ လာကြပြန်သည်။ တစ်ယောက်က ရှေ့ဆောင်ကာ သုံးယောက်က နောက်ဘက်မှ မြင်းချင်းယှဉ်၍ လိုက်ပါလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆောင်လာသူက မြင်းညိုကြီးကိုစီးကာ အညိုရောင်ဝတ်စုံဝတ်ထားသည်။ အသက်လေးဆယ်ခန့်ရှိသည်။ မည်သည့်လက်နက်မျှ ကိုင်ဆောင်မထား။

နောက်မှပါလာသော မြင်းစီးသမားသုံးယောက်တို့ မြင်းများကတော့ တောက်ပသော အစိမ်းရောင်၊ အဖြူကွက်လေးများ မသိမသာ ရောစွက်နေသည်။ အသက်နှစ်ဆယ်ကျော်ကျော်အရွယ် ယောကျ်ားပျိုများဖြစ်ကြသည်။

မြင်းစီးသမားလေးယောက်လုံး အေးတိအေးစက် မျက်နှာသေကြီးများနှင့် ဖြစ်သည်။ လူသေကောင်၏ မျက်နှာများနှင့်ပင် တူပေသေးတော့သည်။

ရှေ့ဆောင်မြင်းစီးလာသူသည် ဟန်ချက်တင်တို့နှင့် ဆယ်ပေသာသာ အကွာသို့အရောက်တွင် မြင်းကို ဇက်တုံ့ရပ်လိုက်သည်။ နောက်မှပါလာကြသော လူသေမျက်နှာလိုလိုနှင့် ယောကျ်ားပျို သုံးယောက်တို့လည်း မြင်းများကို ပြိုင်တူ ရပ်လိုက်ကြသည်။

"မြေခွေးနက် ဖူးယောင်နင် ထင်ပါတယ်၊ ကျွန်မ ရှားလူ အရှိအသေပေးပါတယ်"

ရှားလူက ညာလက်သီးဆုပ်ပေါ်တွင် ဘယ်လက်ဝါးအုပ်တင်ကာ ရင်ဘတ်ရှေ့တွင် အသာပင့်မြှောက်လျက် ဂါရဝပြုရင်း



ပြောလိုက်သည်။ ကန္တာရမြေခွေးဂိုဏ်းချုပ် ဖူးယောင်နင် မဟုတ်နိုင်ကြောင်းကို အကဲခတ်မိသော်လည်း တမင်ပြောလိုက်ခြင်း ဖြစ်သည်။

ဟန်ချက်တင်သည် ခေတ္တမျက်မှောင်ကြုတ်သွားပြီးနောက် ရှားလူနည်းတူ ဂါရဝပြုလိုက်သည်။

"လူမှားနေပြီ၊ ကျုပ်က ဂိုဏ်းချုပ်ကြီးရဲ့ သွေးသောက်ညီနောင် ယောက်ကန်းပါ"

မြင်းညိုကြီးပေါ်မှ လူကြီးက ပြန်ပြောသည်။ မိမိကို ဂိုဏ်းချုပ်ကြီးအဖြစ် မှတ်ယူကာ ဂါရဝပြုမှုကို မျက်နှာပြောင်ပြောင်နှင့် မခံယူလိုသည့်အတွက် မြင်းပေါ်မှ အသာဆင်းလိုက်သည်။

နောက်ပါသုံးယောက်လည်း မြင်းပေါ်မှ ပြိုင်တူဆင်းကြသည်။ ယောကျ်ားပျိုတစ်ယောက် သူ့စီးမြင်း၏ ဇက်ကြိုးကို အခြားယောကျ်ားပျိုတစ်ယောက်၏လက်သို့ ပေးခဲ့ကာ ရှေ့သို့ လှစ်ခနဲလှမ်းတက်လျက် မြင်းညိုကြီး၏ ဇတ်ကြိုးကို သူထိန်းပေးသည်။

"ကျွန်မတို့ သိုင်းပညာယှဉ်ပြိုင်ဖို့စိန်ခေါ်ခဲ့တာကို ဂိုဏ်းချုပ်က ဘယ်လိုပြန်ကြားသလဲဆိုတာ သိပါရစေ"

"ရှားလူဆိုတဲ့နာမည်ကို ကျုပ်ရဲ့အစ်ကိုကြီးက မကြားဖူးဘူးတဲ့၊ လေပွေအပျော်မယ် လူလူဆိုတာပဲ ကြားဖူးတယ်လို့ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှားလူ၏မျက်နှာ ကွက်ခနဲ ပျက်သည်။ ဟန်ချက်တင်လည်း ရှားလူကို ဖျတ်ခနဲကြည့်မိသည်။ လေပွေမယ်လူလူဆိုသည်မှာ အနောက်ပိုင်းဒေသမှ မိန်းမရိုင်းတစ်ယောက်ဖြစ်ကြောင်း ဟန်ချက်တင် သိုးသိုးသန့်သန့် ကြားဖူးသည်။

"ကျွန်မရဲ့နာမည်က အရေးမကြီးပါဘူး၊ ကန္တာရမြေခွေး ဂိုဏ်းချုပ်နဲ့ သိုင်းပညာယှဉ်ပြိုင်မယ့်ကိစ္စကိုပဲ ပြောကြရအောင်"

ရှားလူက ဣန္ဒြေဆည်ကာ ပြောလိုက်သည်။

"အခုလို သိုင်းပညာယှဉ်မယ် ဘာညာသာပြောနေတာ မြေနီရိုင်းဒေသကို ဝင်ချင်တဲ့အတွက်ကြောင့် မဟုတ်လား"

"ရှင်က ပြတ်ပြတ်မေးလာတော့ ကျွန်မကလည်း ရှင်းရှင်းပဲ ပြန်ဖြေမယ်၊ ဟုတ်တယ်"

အဆိပ်မြေခွေးယောက်ကန်းက ညာလက်ကို ဟန်ပါပါ လှမ်းလိုက်ရာ နောက်ပါယောကျ်ားပျိုတစ်ယောက် ထူးဆန်းသော လက်နက်တစ်ခုကို ယောက်ကန်း၏လက်ထဲ ရှိသေစွာ ထည့်ပေးလိုက်၏။

"ကျုပ်တို့ကို အနိုင်တိုက်ပြီး ဟောဒီ ကန္တာရမုန်တိုင်းလက်နက်ကို အရယူနိုင်ရင် မြေနီရိုင်းဒေသကို အတားအဆီးမရှိ ကြိုက်သလို ဝင်ထွက်နိုင်တယ်"



ယောက်ကန်းက သူ့လက်ထဲသို့ရောက်လာသော ကန္တာရ မုန်တိုင်းလက်နက်ကို တစ်ချက် ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ ကန္တာရမုန်တိုင်းလက်နက်မှာ တြိဂံပုံလက်ကိုင်၏ ထောင့်နေရာသုံးခု တွင် သံကြိုးနှင့်ဆက်ကာ ဆူးချွန်များပါရှိသည့် သံဘောလုံးလေး သုံးလုံး တပ်ဆင်ထားသော လက်နက်ဆန်းဖြစ်သည်။

တပ်ဆင်ချိတ်ဆက်ထားသော သံကြိုးသုံးချောင်း၏ အရှည် အတိုများကတော့ မတူ။

"ကျုပ်တို့ဆိုတာက ..."

ရှားလူက ရှင်းအောင် သေသေချာချာမေးသည်။

"ကျုပ်တို့ ဆရာတပည့်နဲ့ နောက်ပါ သိုင်းသမားတွေပေါ့"

အဆိပ်မြေခွေးယောက်ကန်းနှင့် သူ့တပည့် ယောကျ်ားပျို သုံးယောက်အပြင် မြင်းစီးသမား ဆယ့်ခြောက်ယောက်တို့ပါ ပါဝင်သော လူအင်အားနှစ်ဆယ်ကို ရှားလူနှင့်ဟန်ချက်တင်တို့ နှစ်ယောက်တည်းက ရင်ဆိုင်တိုက်ခိုက်ကြရမည့် အခြေအနေ ဖြစ်သည်။

"လူအင်အားများပေမယ့် အဓိကလူက ယောက်ကန်းပဲ၊ သူ့ကို အနိုင်တိုက်ပြီး ကန္တာရမုန်တိုင်း လက်နက်အရယူလိုက်ရင် ပွဲ သိမ်းပြီး"

ရှားလက ဟန်ချက်တင် ကြားနိုင်ရုံ လျှို့ဝှက်လေသံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။ ပြောပြီးသည်နှင့် ဓားရှည်ကို ဆွဲထုတ်ကာ ယောက်ကန်းကို ဝင်တိုက်သည်။

✸ ✸ ✸



အခန်း (၁၀)

တစ်ဖက်မှ လူအင်အားနှစ်ဆယ်ကို မိမိတို့နှစ်ယောက်တည်း ရင်ဆိုင်တိုက်ခိုက်ရမည်မို့ ဟန်ချက်တင်မှာ ရွံ့တွန့်တွန့်တော့ဖြစ်မိသည်။

သို့သော် ရှားလူက တိုက်ကွက်ဖွင့်ကာ အတင်းဝင်တိုက်လေပြီမို့ ဟန်ချက်တင်မှာလည်း ချီတုံချတုံ ဖြစ်မနေနိုင်တော့ဘဲ ရှားလူနှင့်အတူပေါင်းကာ တိုက်ခိုက်ရလေတော့သည်။

ကြိုတင်စီစဉ်ထားကြပြီးသည့်အတိုင်း လိပ်ပြာဖိုမသိုင်းကွက်ကို သုံးကြသည်။

ရှားလူက အမဓားကွက်နှစ်ကွက်ကို အပြန်အလှန်သုံးကာ ယောက်ကန်း၏ ဘယ်ဘက်မှ ပတ်ဝင်တိုက်ခိုက်သည်။

ဟန်ချက်တင်က အဖိုဓားကွက်နှစ်ကွက်ကို တင်းတင်းမာမာ အသုံးချကာ ယောက်ကန်းကို ရှေ့တည့်တည့်မှ တိုးဝင် တိုက်စစ်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး၏ လှုပ်ရှားမှုများသည် အလွန်ပင်မြန်ဆန်သည်။

ယောက်ကန်းနှင့် ကန္တာရမြေခွေးဂိုဏ်းသားများသည် ရှုးလူ နှင့် ဟန်ချက်တင်တို့ကို ဝန်းရံရင်ဆိုင်သည့် အနေအထားဖြင့် ကြိုတင် နေရာယူထားကြသည်။

တိုက်ခိုက်မှုစလျှင် ယောက်ကန်းကို အဓိက ပစ်မှတ်အဖြစ် ဦးတည်တိုက်ခိုက်မည်ကိုလည်း သူတို့က ကြိုတွက်ထားကြပြီးဖြစ်သည်။

ယောက်ကန်းကို ဦးတည်ကာတိုက်ခိုက်လာမှုအပေါ် အခြေတည်၍ ထိမိစွာ ပရိယာယ်ဆင် ဝိုင်းပိတ်နိုင်ရန် နေရာယူပြင်ဆင်ထားကြသည်။

ကန္တာရမြေခွေးဂိုဏ်းသားများ ကြိုတင်ပြင်ဆင်မှု အစီအစဉ်အရ ပွဲစတိုက်ခိုက်မှုကို ရှုးလူတို့အား အခွင့်အရေးပေးလျက် ရှုးလူတို့ ဝင်တိုက်သည်နှင့် ယောက်ကန်းက ပွဲဦးထွက် တိုက်ချက်များကို မခုခံနိုင်သည့်အသွင်ဖြင့် နောက်ဆုတ်ကာ မျှားခေါ်ယူပြီး ရှေ့သို့ တိုးလာသော ရှုးလူနှင့် ဟန်ချက်တင်တို့ကို ညှပ်ပူးညှပ်ပိတ် ဝိုင်းပိတ်ကာ အပြတ်ချေမှုန်းပစ်ကြရန် ဖြစ်သည်။

ရှုးလူနှင့်ဟန်ချက်တင်တို့ စတင်တိုးဝင်တိုက်ခိုက်ကြသော



လည်း တိုက်ပွဲအနေအထားသည် ကန္တာရမြေခွေးဂိုဏ်းသားများ စီစဉ်အကွက်ချထားသလို ဖြစ်မလာခဲ့ပေ။

ရှုးလူ၏ အမဲစားကွက်နှစ်ကွက်ကို အပြန်အလှန် သုံးကာ တိုက်ခိုက်မှုသည် ယောက်ကန်းကို ဦးတည်သော်လည်း တကယ့် ညွှန်ရွယ်ချက်ကတော့ ယောက်ျားပျိုသုံးယောက် အပါအဝင် ကျန် ကန္တာရမြေခွေးဂိုဏ်းသားများ ရုတ်တရက် တိုက်ပွဲတွင် ပါဝင်မလာနိုင်ရန် ဟန့်တားစည်းခြား ပိတ်ဆို့ပေးမှု ဖြစ်သည်။

ဟန်ချက်တင်၏ အဖိုးစားကွက်နှစ်ကွက် ထုတ်သုံးတိုက်ခိုက်မှုကသာ ယောက်ကန်းကို အပြည့်အဝ တိုက်စစ်ဆင်မှု ဖြစ်သည်။

လိပ်ပြာဖိုမသိုင်းကွက်၏ အဖိုးစားကွက်များ၏ ဖွဲ့စည်းမှုတွင် မြေအောင်းဓား၏ ထက်မြက်သွက်လက်သော အစွေ့အစိုက် အခုတ်အပိုင်းတို့ပါ ဖြည့်စွက်ပေါင်းစည်းမိလေရာ ဟန်ချက်တင်၏ ဓားချက်များသည် တကယ်ပင် ကြောက်စရာကောင်းနေ၏။

အဆိပ်မြေခွေးယောက်ကန်း၏ သိုင်းပညာသည် သူ့သွေး သောက်အစ်ကို မြေခွေးနက် ဖူးယောင်နင်ထက်ပင် ပိုမြင့်သည်။

ရှေညီုစမ်းသို့ ပေါ်ပေါ်ထင်ထင်ဝင်ရောက်လာပြီး အတိအလင်း စိန်ခေါ်လာသော ရှုးလူနှင့် ဟန်ချက်တင်တို့ နှစ်ယောက်ကို အပိုင်အနိုင် ချေမှုန်းပစ်ရန်အတွက် သိုင်းပညာ ပိုကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကန်းက ဂိုဏ်းချုပ်ကိုယ်စား ထွက်ကာ တိုက်ခိုက်ခြင်းဖြစ်သည်။

ယောက်ကန်း၏ သိုင်းပညာအစွမ်းနှင့်ဆိုလျှင် ဟန်ချက်တင်၏ အဖိုးကြွက်နှစ်ကွက်သုံးကာ တိုက်စစ်ဆင်လာမှုကို တင်းတင်းမာမာ ခုခံရင်ဆိုင်နိုင်သည်။

တွန်းလှန်ချေဖျက်မှုပင် ပြုနိုင်ကောင်းပြုနိုင်သည့် အနေအထားတွင် ရှိသည်။

သို့သော် စီစဉ်ထားသည့် တိုက်နည်းဗျူဟာသဘောအရ ယောက်ကန်းသည် ဟန်ချက်တင်၏ ဓားချက်များကို တင်းတင်းမာမာ ရင်ဆိုင်ခြင်းမပြု။

မယုဉ်နိုင်သည့် အသွင်မျိုးပင် ပရိယာယ်ဆင်ကာ မှားခေါ်သည့်အနေဖြင့် နောက်သို့ဆုတ်ပေးသည်။

ထိုသို့ နောက်ဆုတ်ပေးလိုက်မှုကြောင့် ရှားလူ၏ ဟန့်တားစည်းခြားပိတ်ဆို့ပေးမှု ဓားချက်ခွင်နှင့် တိုးဝင်ငြိမ်လေသည်။

ဟန်ချက်တင်၏ တိုက်စစ်နှင့် ရှားလူ၏ ပိတ်ဆို့တားဆီးကွက်တို့အကြားတွင် ကျကျနန ညှပ်မိသွားသည်။

လိပ်ပြာဖိုမသိုင်းကွက်၏ တစ်သားတည်းပေါင်းစပ်မှု အင်အားလည်း မထင်မှတ်ဘဲ ပေါ်ပေါက်သည်။



ယောက်ကန်းမှာ ဓားချက်များအကြားသို့ ရောက်လျက်ထိုးမိခုတ်မိတော့မလို ဖြစ်သည်။

ခုခံရှောင်တိမ်းရန်လည်း အချိန်မရ၊ အကွက်မတွေ့တော့သည့်အတွက် အမြန်ပင် မြေပေါ်လှဲချကာ လိမ့်၍ ရှောင်ထွက်လိုက်ရသည်။

ဟန်ချက်တင် ထိုးခုတ်ချလိုက်သော ဓားချက်ကို ရှောင်လိုက်နိုင်သော်လည်း ပိုင်းညှပ်ပိတ်မိနေရာမှတော့ လွတ်လွတ်ကျွတ်ကျွတ် မဖြစ်သေး။

ရှားလူနှင့် ဟန်ချက်တင်တို့နှစ်ယောက် ဝိုင်းဝန်းတိုက်ခိုက်နေသည့် ဓားချက်များ၏ လွှမ်းမိုးထားမှုကတော့ အနည်းငယ် လျော့ပါးသွားသည်။

သည်အတိုင်း ရှောင်တိမ်းထွက်၍ လွတ်နိုင်မည်မဟုတ်ဘဲ တန်ပြန်တိုက်ကွက်တစ်ခု အမြန်ဆင်မှဖြစ်မည်ကို နားလည်သည့်အတွက် ယောက်ကန်းသည် ခေတ္တအသက်ရှူပေါက်ရသွားသည်ကို အခွင့်ကောင်းယူကာ မြေကြီးပေါ် လူးလိမ့်နေလျက်ကပင် ကန္တာရမုန်တိုင်းလက်နက်ဖြင့် ဟန်ချက်တင်ကို လှမ်းရိုက်သည်။

ဟန်ချက်တင်ကလည်း ဆင့်ကဲဓားချက် ဖော်ထုတ်ကာ ဖိတိုက်ခိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကန်းနှင့် ဟန်ချက်တင်တို့ နှစ်ယောက်သည် ပြိုင်တူပင် လှုပ်ရှားတိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင် အသာစီးရထားသည့် အနေအထားမှ ထိုးခုတ်သည့် ဟန်ချက်တင်၏ ဓားချက်က ပိုပိုင်နိုင်သည်။ အရင်ဦးအောင်ထိုးနှက်နိုင်မည် ဖြစ်သည်။

သို့သော် ...

ကန္တာရမုန်တိုင်းလက်နက်က ဓားရှည်ထက် ပို၍ အလျားရှည်သည်။

တပ်ဆင်ထားသော သံကြိုးရှည်များကြောင့် ဝှေ့ယမ်းလိုက်သည်နှင့် ဝေးဝေးသို့ရောက်သည်။

ဓားသွားက ယောက်ကန်းထံမရောက်မီ ကန္တာရမုန်တိုင်းလက်နက်၏ သံကြိုးအိမ်အရှည်ဆုံးထိပ်ရှိ ဆူးတပ်သံလုံးလေးသည် ဟန်ချက်တင်ကို ရိုက်မိတော့မလို ခြိမ်းခြောက်သည်။

ကျန် သံလုံးနှစ်ခုကလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဝင်လာကြပြန်သည်။

ဟန်ချက်တင်မှာ လက်တွေ့တိုက်ပွဲအတွေ့အကြုံ အတန်အသင့် ရှိသော်လည်း သည်လိုလက်နက်မျိုးကိုတော့ ယခု ပထမဆုံး ရင်ဆိုင်ဖူးပေရာ ရုတ်တရက် ရှောင်တိမ်းခုခံရခက်သွားသည်။



ဓားခုတ်ချက်ကိုလည်း ကွက်ပြည့် အစွမ်းကုန်ခုတ်ချသည်။ ရုတ်ခြည်း ဓားကွက်ပြန်ရုပ်သိမ်းရန်လည်း မလွယ်။ အန္တရာယ်နှင့် ကြုံလာလေပြီ။

✵

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်နှင့် ရှားလူတို့နှစ်ယောက်သည် လိပ်ပြာဖိုမ သိုင်းကွက်၏ ပူးပေါင်းတိုက်ကွက်အနေအထားတွင် အပြည့်အဝ ရောက်ရှိနေကြလေရာ ဟန်ချက်တင် တိုက်စစ်ဆင်သည်တွင် ရှားလူက ကာကွယ်အားဖြည့်ကွက် ပြုပေးထားသည်။

အကယ်၍ ယောက်ကန်းကသာ ကျာပွတ်ပျော့လို အလျားရှည်ကာ အဝေးသို့လှမ်းရိုက်နှက် တိုက်ခိုက်နိုင်သော ကန္တာရမုန်တိုင်း လက်နက်ကို မသုံးဘဲ ဓားရှည်လို လက်နက်သာ သုံးလျှင် ရှားလူ၏ အားဖြည့်ခုခံကွက်ဖြင့် ထိထိရောက်ရောက် ကြားဖြတ်ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

အလျားရှည်သော လက်နက်ဖြစ်သောကြောင့် ရှားလူမှာ အတော်ပင် ကြိုးစားပမ်းစား လှုပ်ရှားကာကွယ်ပေးရသည်။

ကျာပွတ်ရှည်ကို ရင်ဆိုင်ခုခံသည့် သိုင်းဟန်လှုပ်ရှားမှုမျိုးဖြင့် ကန္တာရမုန်တိုင်းလက်နက်ကို ကြားဖြတ်၍ ရိုက်ထုတ်ဖယ်ရှားသည်။

ဟန်ချက်တင်ကို အန္တရာယ်အပေးနိုင်ဆုံးဖြစ်သည့် အရှည်



ဆုံး သံကြိုးကို အရင်ဦးစားပေးကာရိုက်ထုတ်သည်။

ကန္တာရမုန်တိုင်း လက်နက်သည် ကျာပွတ်ရှည်လို တစ်ချောင်းတည်းမဟုတ်။ အတိုအရှည်မတူသည့် သံကြိုးသုံးကြိုး ရှိနေသည်။

အရှည်ဆုံးကျာပွတ်ကို ရိုက်ထုတ်ဖယ်ရှားပစ်နိုင်သော်လည်း ကျန်သံကြိုးနှစ်ချောင်း၏ ထိပ်ဖျားရှိ ဆူးချိတ်တပ် သံလုံးလေးနှစ်လုံးကို ထပ်မံရင်ဆိုင်ရသည်။

ရှားလူသည် ဟန်ချက်တင်အတွက် ကြားဝင်ကာကွယ်ပေးသည်မို့ ကန္တာရမုန်တိုင်းလက်နက်၏ တိုက်ကွက်ထဲသို့ တန်းတန်းတည့်တည့် တိုးဝင်မိသည်။

ဟန်ချက်တင်ကို ပိုက်ရိုက်သော ရိုက်ချက်သည်လည်း ရှားလူထံသို့ အရင်ရောက်လာသည်။

မိမိအတွက်အဆ မှားသွားပြီဖြစ်ကြောင်း ရှားလူသိသည်။

ဆင့်ကဲဝင်ရောက်လာသော ဆူးချိတ်တပ် သံလုံးလေးနှစ်ခုကို ရိုက်ထုတ်မပစ်နိုင်တော့ပါ။ ဓားရှည်နှင့်သာ ဆီး၍ခံဆောင်လိုက်ရသည်။

'ထန်း'

သံကြိုးတစ်ကြိုးနှင့် ဓားရှည်ထိမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသံကြိုး တွန့်ခေါက်ယမ်းသလို ဖြစ်သွားလေရာ ထိပ်ဖျား တွင်ရှိသော ဆူးချိတ်တပ် သံလုံးလေးမှာ ရှားလူ၏ ညာဘက်လည် ကုပ်နားမှ ကပ်ကာလွဲထွက်သွားသည်။

တတိယမြောက် နောက်ဆုံးကျန်ရှိနေသော အတိုဆုံး သံကြိုးထိပ်ရှိ ဆူးချိတ်တပ်သံလုံးကတော့ အကာအကွယ်အတားအဆီး မရှိ တန်း၍ ဝင်လာနိုင်သည်။

ရှားလူ၏လည်ပင်းကို ထိရိုက်မိသည်။ ရှားလူကြားဝင်ကာ ကာကွယ်ပေးသည့်အတွက် ဟန်ချက်တင်မှာ အန္တရာယ်ဘေးမှ လက်မတင်လေးဆိုသလို လွတ်သည်။

ဓားချက်ကို ထိထိမိမိ အပြည့် ဆက်ခုတ်နိုင်သည်။ သူ့ဓား ရှည်သည် ယောက်ကန်းကို ထိုးခုတ်မိသည်။

"ကန္တာရမုန်တိုင်းလက်နက်ကို အမြန်ယူ"

ရှားလူသည် မိမိလည်ပင်းကို ရိုက်မိလာသော ဆူးချိတ်တပ် သံလုံးလေးနှင့် သိုင်းချိတ်ထားသော သံကြိုးကို ဆုပ်ကိုင်ဆောင့်ဆွဲရင်း အဓရေးတကြီးပြောသည်။

ထိုစကားသည် ရှားလူ၏ နောက်ဆုံးစကားဖြစ်သည်။

ထိုစကားပြောပြီးသည်နှင့် ရှားလူသည် ခေါက်ခနဲ လဲပြိုကျသည်။



ဟန်ချက်တင်လည်း ရှားလူ၏စကားကို ကြားသည်နှင့် ယောက်ကန်း၏ လက်မှ ကန္တာရမုန်တိုင်းလက်နက်ကို အရယူသည်။

ဓားချက်အထိနာ ထားရသော ယောက်ကန်းမှာ မည်သို့မျှ ခုခံနိုင်စွမ်းမရှိတော့။

ကန္တာရမုန်တိုင်းလက်နက်သည် ဟန်ချက်တင်၏ လက်ထဲသို့ အလွယ်ပင်ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကန်းကို ဟန်ချက်တင်နှင့် ရှားလူတို့နှစ်ယောက် ဝိုင်း၍ တိုက်ခိုက်ကြသည်မှာ အလွန်ပင် မြန်ဆန်လှသည်။

ယောက်ကန်း မြေတွင်လိမ့်ကာ ရှောင်ခြင်း၊ ကန္တာရမုန်တိုင်းလက်နက်ဖြင့် တန်ပြန်တိုက်ခိုက်ခြင်း၊ ရှားလူက ကြားဖြတ်ကာ ကန္တာရမုန်တိုင်းလက်နက်ကို ခုခံဖယ်ထုတ်ခြင်း၊ ယောက်ကန်း ဓားချက်အထိခံရခြင်း၊ ရှားလူ ကန္တာရမုန်တိုင်းလက်နက် အရယူလိုက်ခြင်းတို့သည် တိုတောင်းလှသော အချိန်ပိုင်းလေးအတွက် ဆက်တိုက်လျှင်မြန်စွာ ဖြစ်ပွားသွားခဲ့သည်။

အကွက်ချ နေရာယူထားကြသော ကန္တာရမြေခွေးဂိုဏ်းသားများသည် သူတို့ချထားသည့် တိုက်နည်းပရိယာယ်အတိုင်း ယောက်ကန်းက ဟန်ချက်တင်နှင့်ရှားလူကို မျှား၍ ခေါ်သွင်းလာမည့်အချိန်ကို စောင့်နေကြသည်။

သူတို့ထင်ထားသလို မဟုတ်ဘဲ ယောက်ကန်းကို ဟန်ချက်တင်တို့က ဝိုင်းညှပ်တိုက်ခိုက်ကြသည်ကို တွေ့ရသောအခါ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။ သူတို့ သတိပြန်ဝင်လာ



ကြသောအခါတွင်လည်း မူလစီစဉ်ထားသည့်အတိုင်း နေရာယူကာ စောင့်ရမည်လား၊ ရှေ့တက်၍ ယောက်ကန်းကို ကူညီပေးရမည်လား ဟု ယတိပြတ် မဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံ ဖြစ်နေကြသည်။

ယောက်ကန်း အခြေအနေ မဟန်တော့သည်ကို အကဲခတ်မိ၍ ဝိုင်းကူကြမည်အပြုတွင်တော့ နောက်ကျသွားခဲ့လေပြီ။ ဟန်ချက်တင်က ကန္တာရမုန်တိုင်းလက်နက်ကို အရလုယူ၍ ကိုင်မြှောက်ပြလိုက်လေရာ ကန္တာရမြေခွေးဂိုဏ်းသားများမှာ ဘာမျှ မတတ်နိုင်ကြတော့။

ကန္တာရမုန်တိုင်းလက်နက်သည် ကန္တာရမြေခွေးဂိုဏ်း၏ အထွတ်အမြတ်ပစ္စည်းဖြစ်သည်။ ဂိုဏ်းချုပ်၏ကိုယ်စား အမိန့်ပေးပြားကဲ့သို့ပင် သဘောထားကြသည်။

ဟန်ချက်တင်လက်ထဲတွင် ကန္တာရမုန်တိုင်းလက်နက် ရောက်ရှိသွားရာ သူတို့အနေဖြင့် ဟန်ချက်တင်ကို ဘယ်လိုမျှ ရန်မပြုသာကြတော့ပါ။ ဟန်ချက်တင်၏ အမိန့်သြဇာကိုပင် နာခံကြရတော့မလို ဖြစ်နေသည်။

ဟန်ချက်တင်ကတော့ ကန္တာရမုန်တိုင်းလက်နက်၏ အခွင့်သြဇာရှိမှု အနေအထားကိုမသိ။ မြေနီရိုင်းဒေသထဲသို့ အနှောင့်အယှက်မရှိ ဝင်ရောက်နိုင်မည့် ပစ္စည်းတစ်ခုဟူ၍သာ သိထားသေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကန္တာရမုန်တိုင်းလက်နက်ကို အရယူနိုင်တာမို့ မြေနီရိုင်းဒေသထဲကို ကြိုက်သလို ဝင်ထွက်သွားလာနိုင်ပါပြီ၊ မြေနီရိုင်းဒေသက ပြန်ထွက်လာတဲ့အခါကျရင်သာ ကန္တာရမုန်တိုင်းလက်နက်ကို ကျုပ်တို့ဆီ ပြန်အပ်ခဲ့ပါ"

စကားသံကြားရပြီး လူတစ်ယောက် လျှောက်လှမ်းရောက်ရှိလာသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

ထိုနေရာတွင်ရှိနေကြသည့် ကန္တာရမြေခွေးဂိုဏ်းဝင်အပေါင်းက အရိုအသေပေးကာ ဟစ်ကြွေးလိုက်ကြသည်။ ဖူးယောင်နင်သည် တိုက်ပွဲအခြေအနေကို မျက်ကွယ်တစ်နေရာမှ အသာပင် ရပ်ကြည့်နေခဲ့သည်။ ယောက်ကန်း အရေးရှုံးနိမ့်သွားသည်ကို တွေ့ရသောအခါ ကန္တာရမုန်တိုင်းလက်နက် ရယူနိုင်ခဲ့မှုအပေါ် အခြေပြုကာ ဟန်ချက်တင်က မိမိတို့ဂိုဏ်းအပေါ် ဩဇာလွှမ်းမိုးလာနိုင်သည့်အခြေသို့ ရောက်မသွားရအောင် ကြိုတင်ကာကွယ် စကားဆိုသည့်အနေဖြင့် ထွက်၍ပြောလာခြင်း ဖြစ်သည်။

ဟန်ချက်တင်သည် မြေနီရိုင်းဒေသသို့ ဝင်ရောက်သွားရန် စိတ်ကူးမရှိပေ။ ထိုနေရာသို့ သွားရောက်ကြမည့် လိုင်ယုဝန်တို့လူစု



ကန္တာရမြေခွေးဂိုဏ်းနှင့် ရင်ဆိုင်မိကာ အန္တရာယ်ကြုံရမည်ကို ကြိုတင် ကာကွယ်ပေးလိုစိတ်ဖြင့်သာ ရှားလူနှင့်အတူ လိပ်ပြာဖိုမသိုင်းကွက်ကို လှေကျင့်ကာ လိုက်လာခဲ့သည်။ တိုက်ပွဲဝင်ခဲ့သည်။

ယခု တောင်ညိုတောင်ကြားကို ဖြတ်ကျော်ကာ မြေနီရိုင်းဒေသကို ဝင်ရောက်နိုင်ခွင့် ရစေမည့် ကန္တာရမုန်တိုင်းလက်နက်ကို အရယူလိုက်နိုင်ပေရာ လိုင်ယုဝန်တို့အတွက် အန္တရာယ်ကင်းအောင် လုပ်နိုင်ပြီဟုသာ ယူဆသည်။

"ဖြစ်ပါတယ်၊ အချိန်တန်ရင် ဒီလက်နက်ကို ဂိုဏ်းချုပ်ကြီးရဲ့လက် ပြန်အပ်ပါ့မယ်၊ တစ်ခုတော့ တောင်းဆိုစရာ ရှိပါတယ်"

လိုင်ယုဝန်တို့အတွက် အရေးဆိုနိုင်ရန် ဟန်ချက်တင်က စကားအစပျိုးလိုက်သည်။

"ပြောပါ"

ကန္တာရမုန်တိုင်းလက်နက် ပြန်လည်ပေးအပ်မည်ဟူသော စကားကတိရသည့်အတွက် စိတ်သက်သာရသွားသော ဖူးယောင်နင်က ပြန်ပြောသည်။

"နောက် တစ်ရက်နှစ်ရက်လောက်ကြာရင် ကျွန်တော့်ရဲ့ မိတ်ဆွေ လိုင်ယုဝန် ဦးဆောင်တဲ့ အဖွဲ့လေးတစ်ဖွဲ့ ရောက်လာလိမ့်မယ်၊ သူတို့ကိုလည်း မြေနီရိုင်းဒေသ ဝင်ခွင့်ပေးစေချင်ပါတယ်၊ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ ပြန်ထွက်လာတာနဲ့ ဒီလက်နက်ကို ပြန်အပ်ပြီး ကျွန်တော်လည်း လာလမ်းကို ပြန်မယ်"

"ရပါတယ် ... ခွင့်ပြုပါတယ်၊ ဘာမှ ပြဿနာမရှိစေရပါဘူး"

ဖူးယောင်နက်က အမြန်ပင် သဘောတူသည်။ အရာရာ စိတ်အေးရပြီမို့ ဟာန်ချက်တင်က ရှားလူအနေဖြင့် စိတ်ချစွာ မြေနီရိုင်းဒေသသို့ ဝင်နိုင်ပြီဟု ပြောရန် အသာလှည့်ကြည့်သည်။

ထိုအခါတွင်မှ ရှားလူလဲကျနေသည်ကို တွေ့သွားလေတော့သည်။

✵ ✵ ✵



## အခန်း (၁၁)

လိုင်ယုဝန်သည် ဟာန်ချက်တင်နှင့် ခွဲခွာပြီးနောက် စမ်းချောင်းလမ်းအတိုင်း လာခဲ့ရာ မကြာမီပင် ထိုက်ကူးချိန်၊ ထိုက်ကူးသောက်၊ လိုင်ယိတင်တို့နှင့် ပြန်လည်ဆုံမိကြသည်။

မိမိတို့ တွေ့ဆုံဖြစ်ပျက်ခဲ့သည်များကို အပြန်အလှန် ပြောပြကြရာ လိုင်ယုဝန်က လူစုကွဲကာ ချောင်တိမ်းထွက်ခဲ့ကြပြီး ခြေရာကောက်ကာ လိုက်လာခဲ့ရပုံ အကြောင်းလောက်သာ ပြောပြသည်။

ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးများ ရရှိခဲ့ပုံအကြောင်းကိုတော့ လျှို့ဝှက်ထားသည်။ သို့ပြင် ဟာန်ချက်တင်နှင့် ဆုံတွေ့ခဲ့ရသည်တို့ကိုလည်း ပြောမပြခဲ့ပေ။

ပြန်လည် ဆုံစည်းမိကြပြီးနောက် ခရီးဆက်ထွက်လာခဲ့ကြသည်။ လမ်းခရီးတွင် အခက်အခဲ အနှောင့်အယှက် အနည်းအကျဉ်းသာ တွေ့ရသည်။ ပြောပြလောက်သည့် အန္တရာယ်နှင့် ဖြစ်ရပ်များတော့ မပေါ်ပေါက်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရှေညို့စမ်းဒေသနှင့် နီးလာသောအခါတွင်တော့ ကန္တာရမြေခွေးဂိုဏ်းအကြောင်း ကြားသိလာကြရသည်။ လိုင်ယုဝန်တို့၏ ခရီးက တောင်ညိုတောင်ကြားကို ဖြတ်ကာ သွားရမည်ဖြစ်ပြီး မြေနိမ့်ရှိင်းဒေသထဲတွင် အဆုံးသတ်သည်။

ထိုသို့ သွားရန်အတွက် ကန္တာရမြေခွေးဂိုဏ်းနှင့် ရင်မဆိုင်ရဘဲ မဖြစ်သည်ကိုလည်း နားလည်သိရှိလာကြသည်။ ကန္တာရမြေခွေးဂိုဏ်းအကြောင်းကို ရနိုင်သမျှ စုံစမ်းကြရသည်။

စုံစမ်း ကြားသိရသမျှသော သတင်းများအရတော့ ကန္တာရမြေခွေးဂိုဏ်းသည် တကယ့် အန္တရာယ်ကြီးတစ်ခုပင် ဖြစ်နေသည်။ ခရီးလမ်းကြောင်းကို မသိမသာ ထိုက်ကူးချိန်တို့က ကန္တာရမြေခွေးဂိုဏ်းနှင့် ထိပ်တိုက်ရင်ဆိုင်မတိုးရအောင် ကွင်းရှောင်လျက် အခြားသော လမ်းမှသွားရန် အကြံပေးကြသည်။

ဤတွင် လိုင်ယုဝန်က မိမိတို့၏ခရီးလမ်းဆုံးနေရာကို အတိအကျ ဖော်ထုတ်ပြောပြလိုက်လေတော့သည်။ မဖြစ်မနေ ရင်ဆိုင်ရတော့မည်မို့ ကန္တာရမြေခွေးဂိုဏ်းကို အနိုင်ယူနိုင်မည့် နည်းလမ်းပရိယာယ်များကို အကြံထုတ်စဉ်းစားကြသည်။

နောက်ဆုံးတွင် ရှားလူအကြံရခဲ့သည့် နည်းလမ်းကိုပင် လူအင်အားများပြီး ပိုင်ပိုင်နိုင်နိုင် အခြေချနေသော ကန္တာရမြေခွေးဂိုဏ်း



သို့ ပြောင်ပြောင်တင်းတင်းသွားကာ တစ်ယောက်ချင်း သိုင်းပညာယှဉ်ပြိုင်ရန် အတိအလင်း စိန်ခေါ်လျက် ဖြတ်ကျော်သွားနိုင်ခွင့် အရယူရန်သာ သဘောတူဆုံးဖြတ်ခဲ့ကြသည်။

သိုင်းပညာယှဉ်ပြိုင်ရာတွင် အနိုင်ယူနိုင်မည့် တိုက်နည်းဗျူဟာနှင့် ပရိယာယ်များကိုတော့ အပြန်အလှန်ပင် စဉ်းစားတိုင်ပင်နေခဲ့ကြသည်။ အကောင်းဆုံးနှင့် သေချာပေါက် အနိုင်ရနိုင်မည့်နည်းလည်းကောင်းကိုတော့ ရှာ၍မရကြပါ။

စွန့်စားကာ တတ်နိုင်သမျှ ကြိုးစားတိုက်ခိုက်ကြဖို့သာ ရှိသည်ဟု သဘောထားလိုက်ကြရသည်။ ဤသို့ဖြင့် ရှေညို့စမ်း၏ နယ်ပယ်ထဲသို့ ရောက်လာကြသည်။

✵

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်တို့လူစုသည် လှို့လှို့ဝှက်ဝှက်မလုပ်ကြ။ ရေညို စမ်းနယ်ပယ်ထဲသို့ ရောက်သောအခါ ထင်ထင်ရှားရှား တွေ့ရသည့် လမ်းအတိုင်း ပေါ်ပေါ်တင်တင်ပင် ဝင်လာခဲ့ကြသည်။

ထို့ကြောင့် ကင်းလှည့်လာကြသော ကန္တာရမြေခွေးဂိုဏ်း သားကာစ်စုနှင့် ဆုံတွေ့ကြလေသည်။

"ရပ်လိုက်စမ်း၊ ဘယ်သူတွေလဲ"

ကင်းလှည့်အဖွဲ့ခေါင်းဆောင်က လှမ်းပြောသည်။ လိုင်ယု ဝန်တို့ လူစုကိုလည်း စူးစမ်းအကဲခတ်သလိုကြည့်သည်။

"မန်စီးနယ် စင့်ရှီးမြို့ ဓားသုံးလက်ဂေဟာရှင်ကြီးရဲ့ သမီး လိုင်ယုဝန်ပါ၊ ကန္တာရမြေခွေးဂိုဏ်းချုပ်ကြီးကို တွေ့ဆုံနှုတ်ဆက်ပါရစေ"

လိုင်ယုဝန်က ပြောလိုက်သည်။

"ဩော် ... လိုင်ယုဝန်ဆိုတဲ့ မိန်းကလေးကိုး၊ ကြွကြွပါ ကြွကြွပါ၊ ကန္တာရမြေခွေးဂိုဏ်းက ကြိုဆိုပါတယ်"

ကင်းလှည့်အဖွဲ့ခေါင်းဆောင်၏ ဖိတ်ခေါ်စကားကြောင့်



လိုင်ယုဝန်တို့ အတော်ပင် အံ့သြသွားကြရသည်။ မိမိတို့ကို အချုပ်သတ်ခြင်းများ ဖြစ်မည်လားဟုပင် တွေးမိကြသည်။

ထို့ကြောင့် ဖိတ်ခေါ်ရာသို့ လိုက်ခဲ့သော်လည်း အထူးပင် သတိထားနေကြသည်။ ကန္တာရမြေခွေးဂိုဏ်းစခန်းသို့ ရောက်သွား သောအခါတွင်လည်း သီးသန့်အဆောင်တစ်ခုတွင် သေသေချာချာ နေရာချထားပေးခြင်း ခံရသည်။

"ဧည့်သည်တော်တွေ ဒီမှာ စိတ်အေးလက်အေး အနားယူ ကြပါ၊ ဂိုဏ်းချုပ်ကြီးကို အကြောင်းကြားပြီးပါပြီ၊ မကြာခင် ဂိုဏ်းချုပ် ကြီး ရောက်လာပါလိမ့်မယ်"

နေရာထိုင်ခင်း စီစဉ်ပေးသော ဧည့်ကြိုတာဝန်ခံက ပြော သည်။

"ကန္တာရမြေခွေးဂိုဏ်းက ရေညိုစမ်းနေရာကို လူစိမ်း အဝင် မခံဘူး၊ ဝင်လာတဲ့လူတွေကို ရက်ရက်စက်စက် တိုက်ခိုက်ပစ်ကြ တယ်လို့ သတင်းကြီးနေတာ၊ အခုကျတော့ တစ်မျိုးပါလား၊ ကျွန်မတို့ ကို တကယ့် ဧည့်သည်တော်ကြီးတွေလို ပြုမူဆက်ဆံနေတယ်၊ အဲဒါ ဘယ်လိုသဘောလဲ"

ဧည့်ကြိုတာဝန်ခံ ထွက်ခွာသွားပြီးနောက် လိုင်ယုဝန်က ခပ်တိုးတိုးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကြားရတဲ့သတင်းတွေနဲ့ အခု ကန္တာရမြေခွေးဂိုဏ်းရဲ့ လက်တွေ့အပြုအမူတွေကတော့ တခြားစီပဲ"

လိုင်ယုဝန်ကပြောသည်။

"သိုင်းပညာရှင်ကြီးတစ်ယောက်ယောက်က တို့တစ်တွေကို တိတ်တဆိတ် ကူညီကာကွယ်ပေးနေတယ်လို့ ထင်ရတာပဲ၊ အဲဒီ သိုင်းပညာရှင်ကြီးဟာ ကန္တာရမြေခွေးဂိုဏ်းအပေါ်မှာလည်း အတော့်ကို ဩဇာညောင်းလိမ့်မယ်"

ထိုက်ကူးချိန်က ထင်မြင်ချက်ပေးသည်။

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ကန္တာရမြေခွေးဂိုဏ်းရဲ့ အန္တရာယ် မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့ အေးအေးဆေးဆေး အဆင်ပြေ ပြေ ရှေ့ဆက်သွားနိုင်တာပေါ့"

ထိုက်ကူးသောက်က ဝမ်းသာအားရ စကားဆိုသည်။

"သိပ် ဝမ်းသာမနေနဲ့ဦး၊ သူတို့က အထူးညှို့သည်တွေလို ဖိတ်ခေါ်ညှို့ခံပြီး အကျယ်ချုပ်သဘောမျိုး ရှေ့ဆက်မသွားရအောင် လုပ်ထားရင် ခက်နေမယ်"

လိုင်ယီတင်က သံသယဖြင့် ပြောသည်။

"အဲဒီလို လုပ်ထားရင်တော့ စိတ်ခေါ်တိုက်ခိုက်ကြဖို့ပဲ ရှိတာပေါ့၊ ယုဝန်ကော ဘယ်လိုသဘောရလဲ"



ထိုက်ကူးချိန်က လိုင်ယုဝန်ကိုမေးသည်။

"အခြေအနေက အတော့်ကို ခန့်မှန်းရခက်နေတယ်၊ သူတို့ဂိုဏ်းချုပ်နဲ့တွေ့ပြီးမှ ဘာဆက်လုပ်သင့်တယ်ဆိုတာ စဉ်းစားကြတာပေါ့"

လိုင်ယုဝန်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာသွားပြီးနောက် ကန္တာရမြေခွေးဂိုဏ်းချုပ် ဖူးယောင်နင်က လိုင်ယုဝန်တို့ကို လာရောက်တွေ့ဆုံသည်။ အပြန်အလှန် မိတ်ဆက် ညှိဝတ်စကားများ ပြောကြပြီးနောက် ဖူးယောင်နင်က စကားအစပျိုးသည့်မေးခွန်း မေးလေတော့သည်။

"မိန်းကလေး လိုင်ယုဝန်တို့က ဘယ်လိုအကြောင်းကိစ္စရှိလို့ ဒီနေရာကို စွန့်စွန့်စားစား ရောက်လာကြတာလဲ"

"ကျွန်မတို့က မြေနီရိုင်းဒေသထဲကို သွားကြမလို့ပါ"

လိုင်ယုဝန်ကလည်း ပွင့်ပွင့်လင်းလင်းပင် အဖြေပေးလိုက်သည်။

"မြေနီရိုင်းဒေသကို သွားကြမလို့ကိုး၊ တောင်ညိုတောင်ကြားလမ်းကို အေးအေးဆေးဆေး ဖြတ်ကျော်သွားကြပါ၊ လမ်းခရီးအတွက် လိုအပ်တဲ့စားနပ်ရိက္ခာတွေလည်း ဖြည့်တင်းစီစဉ်ပေးလိုက်ပါ့မယ်၊ မြေနီရိုင်းဒေသထဲကို ခရီးတစ်ထောက် ရောက်တဲ့အထိပဲ လိုက်ပို့ပေးပါ့မယ်၊ အခြားလိုအပ်တဲ့အကူတွေရှိရင်လည်း ပြောပါ"

"အခုလောက် ကူညီပေးတာကိုပဲ အားနာလှပါပြီ"



"ဘာမှ အားနာစရာမလိုပါဘူး၊ ကျုပ်တို့ ကူညီဆောင်ရွက်ပေးသင့်ပါတယ်"

"ကျွန်မတို့ အတွေးရခက်စရာ ဖြစ်နေတာ တစ်ခုမေးပါရစေ၊ မမေးသင့်တဲ့မေးခွန်း မေးရတာကိုတော့ အားနာပါတယ်၊ ကြိုတင် တောင်းပန်ပါရစေ"

"ဟာ ... မဟုတ်တာ၊ မေးစရာရှိရင် မေးနိုင်ပါတယ်"

"ကျွန်မတို့ကို အေးအေးချမ်းချမ်း ဖြတ်သန်းသွားလာခွင့်ပြုပြီး အကူအညီတွေပေးနေတာ ဘာကြောင့်လဲ သိပါရစေလား"

"မိန်းကလေးရဲ့ မေးခွန်းကို အပြည့်အစုံ အဖြေမပေးနိုင်တာကိုတော့ ခွင့်လွှတ်ပါ၊ ကျုပ်တို့အတွက် အများကြီးအကျိုးဆောင်ပေးတဲ့ မိတ်ဆွေတစ်ယောက်ရဲ့ မေတ္တာရပ်ခံထားချက်ကြောင့်လို့ပဲ ပြောပါရစေ၊ ကိုင်း ... ကျုပ် ပြန်လိုက်ဦးမယ်၊ မိန်းကလေးတို့ ကြိုက်တဲ့အချိန်မှာ ခရီးစထွက်နိုင်ပါတယ်"

ဖူးယောင်နင်က နောက်ထပ် ဆက်လက် စူးစမ်းမေးမြန်းခြင်း မလုပ်စေလို၍ စကားဖြတ်လိုက်ခြင်းဖြစ်ကြောင်း လိုင်ယုဝန်တို့ နားလည်သည်။

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီးကြွပါ"

ဆက်လက် မေးမြန်းစူးစမ်းရန်လည်း မသင့်လျော်တော့

www.burmeseclassic.com

www.burmeseclassic.com



မှန်း နားလည်သည့်အတွက် လိုင်ယုဝန်က နှုတ်ဆက်ဂါရဝစကားသာ ဆိုလိုက်သည်။



မြေနီရိုင်းဒေသသို့ လိုင်ယုဝန်တို့ ရောက်ရှိသွားကြလေသည်။ ထိုဒေသရှိ မြေတို့သည် အနီရောင်ဖြစ်သည်။ သွေးချောင်းစီးအောင် ပြင်းထန်ကြမ်းတမ်းသည့် တိုက်ခိုက်မှုကြီး ဖြစ်ပွားပြီးနောက် မြေပြင်တစ်ဝှမ်း သွေးရောင်လွှမ်းနေသည့် အသွင်မျိုး ဖြစ်သည်။

သစ်ပင်များ ကျိုးတဲကျဲတဲသာ ပေါက်ရောက်သည်။ အတော်ကျယ်ပြန့်သော မြေပြန့်ဖြစ်လျက် တောင်ကမူများကတော့ အတော်ပင်များသည်။ တောင်ကမူတို့သည် သိပ်တော့ မမြင့်မားလှပေ။

မြေသည် အချို့နေရာများတွင် မာကာ အချို့နေရာများတွင် ပျော့သည်။ မြေမာသည့်နေရာသည် ဂဝံကျောက်ခင်းထားသလို ဖြစ်လျက် မြေပျော့သည့်နေရာများကတော့ ရွှံ့နွံများလို ရှိနေကြသည်။

ဖခင်ကြီးပြောလိုက်သည့် ခရီးလမ်းညွှန်အရ ဝပ်ရနေသော ခြသေ့်တစ်ကောင်အသွင်ရှိသည့် တောင်ကမူကို လိုင်ယုဝန် လိုက်ရှာရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူတော့ ရှာမတွေ့။ စိတ်ပျက်လက်လျှော့မိတော့မတတ် ကြိုးစားပမ်းစား လှည့်ပတ်ရှာဖွေပြီးမှ ခြသေ့်တစ်ကောင် ဝပ်နေသည့် ပုံသဏ္ဌာန်ရှိသော တောင်ကမူတန်းကို ရှာ၍တွေ့သည်။

တောင်ကမူတစ်ခုတည်းက ထိုသို့သော ပုံပန်းသဏ္ဌာန်မျိုးဖြစ်ပေါ်နေသည်တော့ မဟုတ်ပါပေ။ တောင်ကမူငယ်သုံးခု တန်းနေသည်ကို ဆက်စပ်ကြည့်နိုင်မှ ဝပ်နေသည့် ခြသေ့်တစ်ကောင်၏ ပုံသဏ္ဌာန် ပေါ်လာခြင်းဖြစ်သည်။

ခြသေ့်သဏ္ဌာန်၏ ဦးခေါင်းဦးတည်ရာဆီသို့ ညသန်းခေါင်အချိန်တွင် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းသွားရင်း ထိုက်ကူးချိန်ထံတွင် ရှိနေသော ဓားကျိုးကို ကိုင်စွဲလျက် လျှပ်ပြက်ဓားမြန်သိုင်း၏ သိုင်းဟန်နှင့် ဓားကွက်များကို တစ်ကွက်ချင်း အပြန်အလှန် လှုပ်ရှားကစားသွားရမည်ဟု ခရီးလမ်းညွှန်အဆုံးတွင် ပါရှိနေသည်။

ခြသေ့်သဏ္ဌာန် တောင်ကမူတန်းကို ရှာတွေ့သည်မှာ ညနေစောင်းအချိန်ဖြစ်လေရာ ခြသေ့်ဦးခေါင်းနေရာ တောင်ကမူနားတွင် ယာယီစခန်းချ၍ သန်းခေါင်ယံအချိန်ရောက်သည်အထိ စောင့်ဆိုင်းကြရသည်။

မည်သို့သော ထူးခြားမှုများနှင့် တွေ့ရမည်ကို မခန့်မှန်းနိုင်



သောကြောင့် ညနေစာ ဝလင်အောင် စားသောက်ကြလျက် အလှည့်ကျ ကင်းစောင့်ရန် စီစဉ်ပြီး အနားယူအိပ်စက်ကြသည်။

ညသန်းခေါင်မတိုင်မီ အချိန်တွင်တော့ အားလုံး အဆင်သင့်ဖြင့်ကြသည်။ သူတို့လေးယောက်စလုံး လန်းဆန်းအားပြည့်ကာ စိတ်ဓာတ်လည်း တက်ကြွနေကြသည်။

သန်းခေါင်ရောက်လုလုတွင် လိုင်ယုဝန်က ထိုက်ကူးချိန်ထံမှ ဓားကျိုးကို တောင်းယူလိုက်သည်။

"ကျွန်မ ရှေ့က သွားနှင့်မယ်၊ ကျွန်မနောက်ဘက် ပေ တစ်ရာလောက်ခွာပြီး လိုက်လာခဲ့ကြပါ"

သန်းခေါင်ယံအချိန်ရောက်သည်နှင့် လိုင်ယုဝန်ကပြောကာ စတင်ခြေလှမ်းထွက်ခွာသည်။ ခြေလှမ်းဆယ်လှမ်း လျှောက်လှမ်းပြီးနောက် လိုင်ယုဝန်က လျှပ်ပြက်ဓားသိုင်း၏ သိုင်းဟန်နှင့် ဓားကွက်များကို လမ်းလျှောက်ရင်း လှုပ်ရှားလေတော့သည်။

ကျန်လူများကတော့ လိုင်ဆစ်ကိန်း၏ မှာကြားချက်များကို အကုန်အစင် မသိကြပေ။ ထို့ကြောင့် လိုင်ယုဝန် ဘာလုပ်နေသည်ကို နားမလည်နိုင်ကြ။

သို့သော် လိုင်ယုဝန် ကြိုတင်မှာကြားထားခဲ့ချက်အရ နောက်ဘက် ပေတစ်ရာခန့်ခွာကာ အသာပင် လိုက်ပါလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်သည် လျှပ်ပြက်ဓားမြန်သိုင်းကို အတော်ပင် ကျွမ်းကျင်ပိုင်နိုင်သည်။

သို့ရာတွင် ဓားရှည်မဟုတ်ဘဲ ဓားကျိုးလေးတစ်လက်ကို ကိုင်စွဲကာ သိုင်းဟန်လှုပ်ရှားရသည်မှာ ပေါ့ပြက်ပြက်ဖြစ်နေသည်။ အစပိုင်းတွင် လိုင်ယုဝန်၏ လျှပ်ပြက်ဓားမြန်သိုင်းလှုပ်ရှာဟန်တို့သည် အသက်မပါ။

သိုင်းကွက်လေးငါးကွက်လောက် လှုပ်ရှားပြီးသည့်နောက်တွင် မိမိ၏လိုအပ်နေချက်ကို လိုင်ယုဝန် သတိပြုမိသည်။ ယခုလိုမျိုး ညကြီးသန်းခေါင် ထလမ်းလျှောက်ရင်း လျှပ်ပြက်ဓားမြန်သိုင်းလှုပ်ရှားရသည့်အကြောင်းရင်းကို လိုင်ယုဝန် သေသေချာချာမသိပေ။

သို့သော် ခရီးလမ်းဆုံးတွင် လုပ်ဆော ်င်ရန် နောက်ဆုံး ညွှန်ကြားချက်ဖြစ်နေသည့်အတွက် အကြောင်းထူးရှိရမည်ဟုတော့ နားလည်သည်။

မိမိ ပေါ့ပြက်ပြက်လုပ်နေမိလျှင် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်နိုင်သည်ဟုလည်း တွေးမိသည်။ ထို့ကြောင့် လိုင်ယုဝန်သည် ဓားကျိုးလေးကို ဓားရှည်ကောင်းတစ်လက်လို သဘောထားကာ အင်အားနှင့်စွမ်းရည်တို့ အပြည့်အဝ ထည့်သွင်းလျက် သိုင်းဟန် လှုပ်



ရှားလေသည်။

ဤလျှပ်ပြက်ဓားမြန်သိုင်း၏ သိုင်းကွက်သိုင်းဟန်များ ပြည့်ဝပီပြင်လာသည်။ ဓားကျိုးလေးကိုသာ ကိုင်စွဲထားသော်လည်း လျှပ်ပြက်ဓားမြန်သိုင်းကို အပြည့်အဝ ပီပြင်စွာ လှုပ်ရှားသောအခါ ဓားချက် လေခွင်းသံတို့သည် တဝုန်းဝုန်း တဝှစ်ဝှစ် ပေါ်ထွက်လာသည်။

ဓားရှည်ကိုင်စွဲလှုပ်ရှားလျှင် ပေါ်လာသည့် ဓားခုတ်သံတို့ထက် ပို၍ စူးစူးရှရှ ရှိသည်။ သိုင်းဟန်နှင့် ဓားခုတ်ချက်လမ်းကြောင်း အပြောင်းအလဲတို့နှင့်အတူ ဓားချက်လေခွင်းသံကလည်း အနိမ့်အမြင့် ပြောင်းလဲသည်။

ဂီတသံစဉ်တစ်ခုလို ဖြစ်နေသည်။ ဓားချက်နှင့် သိုင်းဟန်တို့တွင် စိတ်အာရုံကို အပြည့် နှစ်မြှုပ်ထားသော လိုင်ယုဝန်သည် ဓားချက်လေခွင်းသံကြောင့် ဖြစ်ပေါ်နေသောအသံတို့ကို သတိမပြုမိပါ။

နောက်မှ လိုက်လာကြသူများကတော့ ထိုထူးခြားချက်ကို သတိပြုမိကြသည်။ ဤသို့သော ဓားချက်လေခွင်းသံမျိုးကို သူတို့ မကြားဖူးသေးပါ။

အချိန်အနည်းငယ်အကြာတွင် အဝေးဆီမှ လေချွန်သံလိုလို တူရိယာတစ်ခုခု တီးမှုတ်သံလိုလို အသံရှည်များ ပေါ်ထွက်လာခြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အစက ခပ်တိုးတိုး သဲ့သဲ့မျှသာ ထို့နောက် အသံများက ပို ပီသလာသည်။

ထို့နောက် အသံတို့သည် ရုတ်တရက် ဓားနှင့် ခုတ်ဖြတ်သလို တိခနဲ ပြတ်တောက် ရပ်တန့်သည်။ လိုင်ယုဝန်မှာလည်း လျှပ်ပြက် ဓားမြန်သိုင်းကွက် အပြည့်အစုံ လှုပ်ရှားပြီးသွား၍ နောက်တစ်ခေါက် ပြန်ကျော့ရန် တစ်ချက်ဆိုင်းလိုက်သည်။

"မင်းတို့ ရောက်လာကြပြီကိုး"

လိုင်ယုဝန်၏ သိုင်းဟန်လှုပ်ရှားမှုတစ်ချက် အဆိုင်းတွင် စကားသံပေါ်လာသည်။ ထိုအသံကြောင့် လိုင်ယုဝန်မှာ ဆက်လက် သိုင်းဟန် လှုပ်ရှားတော့ရန် ဟန်ပြင်ပြီးမှ တုံ့ရပ်သည်။ အသံပေါ် ထွက်လာရာကို စူးစမ်းသည်။

မြေနီရိုင်းလွင်ပြင်တွင် လေတိုက်ကြမ်းသည်။ ထို့ပြင် လေ တိုက်သည့် လမ်းကြောင်းကလည်း အမျိုးမျိုး အဖုံဖုံဆိုသလို အပြောင်းအလဲ ဖြစ်နေတတ်သည်။ လိုင်ယုဝန်တို့အနေဖြင့် အသံ ပေါ်လာရာ အရပ်မျက်နှာကိုပင် အမှန်းဆရခက်နေသည်။

အရှေ့ဘက်က ပေါ်လာသလိုလို၊ အနောက်ဘက်ကပဲ ဖြစ်သယောင်ယောင်၊ တောင်ဘက်နှင့် မြောက်ဘက်ကဟုလည်း ထင်ရပြန်သည်။





ထူးဆန်းသော လေလှုပ်ရှားသံတစ်ချက် ဝေါခနဲ ပေါ်လာသည်။ ပြီးတော့ လိုင်ယုဝန်၏ ရှေ့သို့ လူတစ်ယောက် ခုန်ချရောက်ရှိလာသည်။ လိုင်ယုဝန်က ရောက်လာသူကို ဖျတ်ခနဲ ကြည့်လိုက်သည်။

✵

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုတစ်ယောက် ဖြစ်သည်။

အသက်အရွယ် မည်မျှရှိပြီဟု ခန့်မှန်းရခက်သည်။ အတော်တော့ အိုမင်းနေသည်။

အသက် ခုနစ်ဆယ် ရှစ်ဆယ်လောက်တော့ ရှိနိုင်သည်။ ထိုထက်လည်း ပို အသက်ကြီးချင် ကြီးနိုင်သည်။

အရပ်အမောင်းအနေတော် ပိန်သွယ်သော်လည်း ကျစ်လျစ်သော ကိုယ်လုံးကိုယ်ထည်ရှိသည်။

အနောက်ပိုင်းဒေသရှိ လူများ ဝတ်လေ့ရှိသော အဝတ်အစားမျိုး မဟုတ်ဘဲ တောင်ပင်လယ်ဒေသသားတို့၏ အဝတ်အဆင်မျိုး ဝတ်ဆင်ထားသည်။

ခေါင်းရှိဆံပင်များသာမက မျက်ခုံးများပါ ဖြူဖွေးနေသည်။

သို့သော် လှုပ်ရှားဟန်ကတော့ သက်လတ်ပိုင်းအရွယ် တစ်ယောက်ထက်ပင် ပေါ့ပါးသွက်လက်သည်။ သန်မာသည်။

"ကျွန်မ မန်ပင်းနယ် စင့်ရှီးမြို့ ဓားသုံးလက်ဂေဟာက ဂေဟာရှင်ကြီးရဲ့သမီး လိုင်ယုဝန်ပါ၊ ဘဘက ဘယ်သူပါလဲရှင်"



လိုင်ယုဝန်က လေးစားစွာ ဂါရဝပြုပြီး ရိုသေစွာ မေးမြန်းသည်။

"ကျုပ်နာမည် မိစ္ဆာငါးမန်းနက်"

အဘိုးအို လေသံအေးအေးဖြင့် ပြန်ပြောသည်။

နာမည်ဆိုး ဖြစ်နေသော်လည်း သွင်ပြင်ဟန်ပန်ကတော့ ကြမ်းတမ်းခက်ထန်ခြင်း မရှိ။

ဘာကြောင့်များ မိစ္ဆာငါးမန်းနက်ဆိုသောအမည်ကို ခံယူထားသနည်းဟု လိုင်ယုဝန် စိတ်ထဲတွေးမိသည်။

မိစ္ဆာငါးမန်းနက်က ထိုက်ကူးချိန်တို့လူစုဘက်သို့ တစ်ချက် လှမ်းကြည့်သည်။

ထိုအခါ လိုင်ယုဝန်က အလိုက်သိစွာပင် ထိုက်ကူးချိန်တို့၏ အမည်များကို ပြောပြမိတ်ဆက်စကားဆိုလိုက်သည်။

"အင်း ... အင်း ဘဝရေစက်ရှိလို့ မင်းတို့လူစုနဲ့ ဆုံရတယ်၊ မင်းတို့ကို ရေအောက်မြို့တော်က ကြိုဆိုပါတယ်၊ ကျုပ်နောက်ကို လိုက်ခဲ့ကြပေတော့"

လိုင်ယုဝန်အတွက် အတွေးရခက်စရာတစ်ခု ထွက်ပေါ်လာပြန်သည်။

သူတို့ရောက်နေကြသည်မှာ အနောက်ပိုင်း သဲကန္တာရ

www.burmeseclassic.com

www.burmeseclassic.com



အစပ် နေရာဖြစ်သည်။

ရှေ့ရှားသည်။

သည်နေရာတွင် ဘယ်လိုလုပ်၍ ရေအောက်မြို့တော် ရှိနေနိုင်မည်နည်း။

စိတ်ထဲ ဇဝေဇဝါ ဖြစ်နေကြသော်လည်း မိစ္ဆာငါးမန်းနက်ခေါင်းရာနောက်သို့မူ လိုက်လာခဲ့ကြသည်။

အဘိုးအိုနောက်သို့ လိုက်သွားလျှင် ရေအောက်မြို့တော်ဆိုသည့် နေရာကိုရောက်လျက် သူတို့အတွက် ဇဝေဇဝါဖြစ်နေရသည်တို့ ရှင်းလင်းသွားလိမ့်မည်ဟု တွေး ကြသည်။

ဉာဏ်ကောင်းသော လိုင်ယုဝန်သည် ဓားကျိုးလေးကို ကိုင်စွဲကာ လျှပ်ပြက်ဓားမြန်သိုင်း လှုပ်ရှားကစား၍ ပေါ်ထွက်သော ဓားချက်လေခွင်းသံ စူးရှရှများသည် မိစ္ဆာငါးမန်းနက် အဘိုးအိုကို ဆက်သွယ်ခေါ်ယူသည့် လျှို့ဝှက်အချက်ပေးသံဖြစ်မည်ဟု နားလည်လိုက်သည်။

ထို့ကြောင့် လျှပ်ပြက်ဓားမြန်သိုင်း ဆက်၍လှုပ်ရှားခြင်း မပြုတော့။

ဓားကျိုးလေးကိုလည်း အသာသိမ်းထားလိုက်၏။

အတန်ကြာ သွားမိကြပြီးနောက် တောင်ကမူများနှင့် သစ်



ပင်အုပ်များ အတော်ထူထပ်များပြားသော နေရာတစ်ခုသို့ ရောက်လာကြသည်။

မိစ္ဆာငါးမန်းနက်အဘိုးအိုသည် ဟိုကွေ့သည်ကောက် ဟိုချိုးသည်တိုးနှင့် ရှေ့မှလျှောက်သွားသည်။ အတော်ပင် ရှုပ်ရှုပ်ထွေးထွေး ကွေ့ကွေ့ကောက်ကောက် သွားနေခြင်းဖြစ်သည်။

လိုင်ယုဝန်မှာ ခြေရာကောက်ပညာ အစွမ်းထက်မြက်သည့်အတွက်သာ အဘိုးအိုကို မျက်ခြည်ပြတ်မသွားအောင် နောက်မှလိုက်လာနိုင်ခဲ့သည်။

ကျန်လူများကိုလည်း နောက်ပြတ်ကျန်မနေခဲ့အောင် လိုင်ယုဝန်က ထိန်းခေါ်လာခဲ့သည်။

ထို့နောက် ခပ်နိမ့်နိမ့်တောင်ကမူတစ်ခုရှေ့တွင် မိစ္ဆာငါးမန်းနက် အဘိုးအိုက ရပ်တန့်လိုက်သည်။

ထိုနေရာသည် မှောင်ရိပ်ကျနေသည်။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရ။

"ဒီနေရာဟာ နေ့ဘက်ဆိုရင် အရမ်းကိုပူပြင်းတယ်၊ ညဘက်မို့သာ ဝင်လာနိုင်တာ၊ မင်းတို့အားလုံး လူစုံကြရဲ့လား"

အဘိုးအိုက မေးသည်။

လိုင်ယုဝန်လည်း မိမိလူများ စုံ မစုံ အမြန်ပင် မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြည့်သည်။

"ဟုတ်ကဲ့ ... လူစုံပါတယ် ဘဘ"

လူအားလုံးရှိနေသည့်အတွက် လိုင်ယုဝန်က အဘိုးအိုကို ပြန်ပြောလိုက်သည်။

"အခု လျှို့ဝှက်ဥမင်လှိုဏ်ခေါင်း လမ်းကြောင်းတစ်ခုအတွင်း ဝင်ကြမယ်၊ အထဲမှာ အရမ်းမှောင်မိုက်နေလိမ့်မယ်၊ ဒီလိုဏ်ခေါင်း လမ်းထဲမှာ မီးအိမ်မီးခွက်လည် ထွန်းလို့ မရနိုင်ဘူး၊ ဒါကြောင့် မှောင်ထဲမှာပဲ သတိထားပြီး သွားရလိမ့်မယ်၊ နောက်ကျန်မနေခဲ့ရ အောင်တော့ သတိထားကြပေတော့"

အဘိုးအိုက သတိပေးစကားပြောသည်။ ထို့နောက် လျှို့ဝှက်ခလုတ်တစ်ခုခုကို ဆွဲလိုက်ဟန်တူ၏။

တံခါးတစ်ခုပွင့်သွားသည့်အသံ တကျိကျိကို ကြားကြရသည်။

"ဝင်လိုက်ခဲ့ကြ"

အဘိုးအိုကပြောပြီး လှမ်းဝင်သွားရာ လိုင်ယုဝန်တို့လည်း အဘိုးအို၏နောက်မှ ရှေ့နောက်တန်းစီလျက် လိုက်ဝင်သွားကြသည်။

ဝင်သွားရသည့်အပေါက်မှာ လူတစ်ယောက်ဝင်သာရုံ ရှိသည်။



...မ်းပြရှေ့ဆောင် ခေါ်သွားသူ အဘိုးအို၏နောက်မှ လိုင် ယုဝန်၊ ...ို့နောက် လိုင်ယိတင်၊ ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ အစဉ်လိုက်ဖြစ်ကြသည်။

အပေါက်မှ လှမ်းဝင်လိုက်သောအခါ ဥမင်လှိုဏ်ခေါင်းလမ်း ထဲသို့ ရောက်ကြသည်။

အမှောင်ထုက သိပ်သည်းစွာ စိုးမိုးနေသည်။ မိမိ၏ လက် ...ါးကို မျက်နှာရှေ့တွင် ထောင်ကြည့်လျှင်ပင် မမြင်နိုင်။

ရှေ့မှသွားသူ၏ခြေသံနှင့် အသက်ရှူသံတို့ကို နားထောင် ၍သာ နောက်မှလိုက်နေသည်။

မွှန်ထွန်ထွန် အနံ့မရှူးတရှူးကိုလည်း ရှူမိကြသည်။

"လက်နှစ်ဖက်ကို ဘေးသို့ဆန့်လိုက်လျှင် ဥမင်လှိုဏ်ခေါင်း လမ်း၏ ဘေးနံရံများကို ထိစမ်းမိသည်။ မျက်မမြင် လမ်းလျှောက် သလို မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် လျှောက်လှမ်းသွားနေကြရ သည်။

လိုင်ယုဝန်တို့လူစုသည် နားပါးပြီး ဟန်ချက်လည်း ကောင်း ...ာ ပိန်းသိမ်းတတ်သူချည်း ဖြစ်သည့်အတွက် မှောင်ထဲတွင် မမြင် မစမ်း သွားနေကြရသော်လည်း ထိမိခိုက်မိခြင်း၊ ခြေချော်လဲခြင်း မရှိကြ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျန်နေခဲ့ခြင်းလည်း မရှိ။

ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းသွားနေနိုင်ကြသည်။

လမ်းလျှောက်သွားရင်း ခလုတ်တစ်ခုခုအသံများ၊ တံခါးတွန်းဖွင့်သံများကို ရံဖန်ရံခါ ကြားကြရသည်။

လျှို့ဝှက်ခလုတ်များကိုဆွဲကာ တံခါးများအား ဖွင့်၍သွားနေပုံ ရ၏။

လိုင်ယုဝန် မှတ်သားထားလိုက်သမျှ တံခါး ၉ ခုတိတိ ရှိ၏။

နဝမမြောက်တံခါးကို ဖြတ်ကျော်ဝင်မိကြသောအခါတွင် အတော်ကျယ်ဝန်းသော အခန်းအကျယ်ကြီးတစ်ခုထဲ ရောက်လာသည်။

မွန်ထွန်ထွန်အနံ့လည်း ပျောက်သည်။ လေက လတ်ဆတ်လာသည်။

မွှန်ထွန်ထွန်အနံ့ကြောင့် အသက် ဝဝမရှူရသည့်အတွက် မွန်းကျပ်သလိုလို ဖြစ်နေမှုများမှာလည်း ပပျောက်သွားသည်။

ထိုအခန်းကျယ်ကြီးထဲတွင် အလင်းရောင် မှုန်ပျပျရှိသည်။ အလင်းရောင် အားနည်းသော်လည်း ပိုးတိုးဝါးတားတော့ မြင်နိုင်တွေ့နိုင်သည်။

အခန်းအလယ်တည့်တည့်လောက်တွင် ဆီမီးခွက်တင်



ကျောက်ခုံမြင့် တစ်ခုရှိသည်။

ကျောက်ခုံမြင့်ပေါ်တွင် ကျောက်သားဆီမီးခွက်တစ်ခု ရှိသည်။

ထိုအရာများမှလွဲ၍ အခြားမည်သည့်ပစ္စည်းမျှ မရှိ။

မိစ္ဆာငါးမန်းနက်အဘိုးအိုက ကျောက်သားဆီမီးခွက်၏ မီးစာကို မီးညှိလိုက်သည်။

ဆီမီးခွက်ရောင်ဖြင့် အခန်းထဲတွင် လင်းလာသည်။ ကောင်းကောင်းမြင်တွေ့နိုင်လာသည်။

အခန်း၏ နံရံလေးဖက်တွင် တံခါး ၃ ခုစီ ရှိကြသည်။ တံခါးများသည် တစ်ခုနှင့်တစ်ခု ပုံစံများတူကြသည်။

တံခါးရွက်များပေါ်တွင် အပေါက်ငယ်လေးများ ရှိသည်။

အပေါက်ငယ်လေးများ၏ အရေအတွက်ကတော့ တံခါးတစ်ချပ်နှင့်တစ်ချပ်မတူကြပါ။

အပေါက်များ တည်ရှိနေသည့် ပုံစံအနေအထားကလည်း ကွဲပြားသည်။

"အပေါက်သုံးပေါက် တြိဂံပုံရှိနေတဲ့ တံခါးဆီကိုသွား၊ ထိပ်ဆုံး အပေါက်ထဲကို သော့တံစားအဆုံးထိ ထိုးသွင်းပြီး ညာဘက်ကို တစ်လှည့်ပေးလိုက်ပါ၊ တံခါးပွင့်သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာငါးမန်းနက် အဘိုးအိုက လိုင်ယုဝန်ကိုပြောသည်။ ရုတ်တရက်တော့ သော့တံခါးဆိုသည်မှာ ဘာကိုပြောမှန်း လိုင်ယုဝန် မသိပေ။

သို့သော် သေသေချာချာ စဉ်းစားလိုက်သောအခါ ဓားကျိုးလေးကို ဆိုလိုကြောင်း သဘောပေါက်သည်။

စဉ်းစားရသည့်အတွက် ခေတ္တတုံ့ဆိုင်းနေပြီးနောက် လိုင်ယုဝန်သည် အပေါက်လေးသုံးပေါက် တြိဂံပုံရှိနေသော တံခါးပေါက်လေးရှိရာသို့ လျှောက်လှမ်း၍ သွားသည်။

တြိဂံပုံ အပေါက်လေးသုံးခေါက်အနက် ထိပ်ဆုံးနေရာတွင်ရှိသော အပေါက်လေးထဲသို့ ဓားကျိုးလေးကို ထိုးသွင်းထည့်လိုက်သည်။

တစ်လက်မခန့် လျှောခနဲ ဝင်သွားပြီးနောက် တစ်စုံတစ်ခု ခံနေဟန်ဖြင့် တစ်သလိုလိုဖြစ်သည်။

အဆုံးမဝင်သေးသည့်အတွက် လိုင်ယုဝန်သည် အားစိုက်ကာ ဖိကိုးထည့်သည်။

ထစ်နေသော ဓားကျိုးဆက်၍ တိုးဝင်သည်။ ထို့နောက် တစ်၍နေပြန်သည်။

လိုင်ယုဝန်လည်း အားပိုထည့်ကာ ဖိထိုးသွင်းသည်။



ဤသို့ တစ်နေလိုက်၊ အားပိုထည့်ကာ ဖိထိုးလိုက်နှင့် နောက်ဆုံးတွင်တော့ ဓားကျိုးအသွား အဆုံးတိုင်အောင် ဝင်သွားသည်။

လိုင်ယုဝန်က ဓားကျိုးကို ညာဘက်သို့ ဆွဲလှည့်သည်။ ချက်ချင်း လှည့်၍ မရ။ တင်းခံနေသေးသည်။

အတွင်းအားသုံးသည် ... မရ။

အတွင်းအား ဆယ်ပုံရှစ်ပုံအထိ သုံးတော့မှပင် ဓားကျိုးတစ်ပတ်လည်သည်။

လိုင်ယုဝန်၏နားထဲတွင် ‘ကျလစ်’ ဟူသောအသံလေး ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

“တံခါးပွင့်သွားပြီ ... တွန်းဖွင့်လိုက်လေ”

မိစ္ဆာငါးမန်း အဘိုးအို၏ တိုက်တွန်းသံ ပေါ်လာသည်။ လိုင်ယုဝန်က တံခါးကို လက်နှစ်ဖက်ဖြင့် ဖိတွန်းကာ ဖွင့်လိုက်သည်။ တံခါးက အလွယ်ပင် ပွင့်သွားသည်။ ကျပ်နေမည်အထင်နှင့် အားစိုက်ကာ ဖိတွန်းလိုက်သော လိုင်ယုဝန်မှာ အားလွန်ကာ ရှေ့သို့ ဟပ်ထိုးလဲပြိုကျသွားမတတ်ပင် ဖြစ်သည်။

တံခါးသည် ကျောက်သားတံခါးကြီးဖြစ်သည်။ ထုအတော်ထူသည်။ လေးလံပုံလည်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလံသော ကျောက်သားတံခါး ထုထုကြီးကို အသာ တွန်းရုံနှင့် ပွင့်သွားသည်မှာ ဆုံလည်သဘောကို သုံးကာ စနစ်တကျ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိသာနိုင်သည်။

တံခါးပွင့်သွားသည်နှင့် အလင်းရောင် ဝင်းခနဲလက်ခနဲပင် ထိုးဝင်လာသည်။ အေးမြသည့် စိမ်းဖန့်ဖန့်အလင်းရောင်များ ဖြစ်ကြသည်။ အတော်ပင် လင်းသော်လည်း မျက်စိမစူး။

ပွင့်သွားသော တံခါး၏ ဟိုမှာဘက်တွင်တော့ ...

✸

BURMESE CLASSIC .com



ပွင့်သွားသောတံခါးခေါက်၏ ဟိုမှာဘက်တွင် ကြီးမား ကျယ်ပြောသော မြေအောက်လိုဏ်ဂူကြီးတစ်ခုကို တွေ့ရလေသည်။ ထိုမြေအောက် လိုဏ်ဂူကြီးထဲတွင် ပိုးစုန်းကြူးတွေ အမြောက်အမြား ရှိနေသည်။

များပြားလှသော ပိုးစုန်းကြူးများမှ ထွက်သော သဘာဝ အရောင်များကြောင့် ထိုမြေအောက်လိုဏ်ဂူကြီး တစ်ခုလုံးသည် စိမ်း ဖန့်ဖန့်အရောင်ဖြင့် လင်း၍နေသည်။

ပိုးစုန်းကြူးတို့သည် လိုဏ်ဂူကြီး၏ အမိုးဆီတွင် အများဆုံး ဖြစ်သည်။ ဟိုမှသည်မှလည်း ပျံသန်းနေကြရာ ပိုးစုန်းကြူးအလင်း ရောင်တို့ အလူးလူးအလိမ့်လိမ့်နှင့် လင်းလက်လှုပ်ခါနေကြသည်။

လသာသော ညအချိန် ရေပြင်တွင် လရောင်ဟပ်သလိုမျိုး ဖြစ်နေသည်။

"အဲဒီလိုဏ်ဂူကြီးထဲမှာ အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း ရှိလိမ့်မယ်၊ မင်းဝင်သွားပြီး ယူလိုက်ပါ၊ မြန်မြန်တော့လုပ်၊ ဒီတံခါး ဟာ သိပ်ကြာကြာတော့ ပွင့်မနေဘူး၊ အချိန်စေ့ရင် သူ့အလိုလို ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်သွားလိမ့်မယ်”

အဘိုးအိုက လိုင်ယုဝန်ကို တိုက်တွန်းပြောဆိုသည်။

“ဘယ်လောက်အချိန်ကြာကြာ ပွင့်နေမှာလဲ”

“အတိအကျတော့ မသိဘူး၊ အမွေးတိုင်တစ်တိုင် ထွန်းညှိကုန်သွားလောက်တဲ့အချိန်လို့တော့ သိရတာပဲ၊ မြန်မြန်လုပ်နိုင်လေကောင်းလေဖြစ်လိမ့်မယ်”

လိုင်ယုဝန်လည်း ဘာမျှပြောမနေတော့။ မြေအောက်လိုဏ်ဂူကြီးထဲသို့ အမြန်ပင် ပြေးဝင်သည်။ အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းကို လိုက်ရှာရသည်။

အမွေးတိုင်တစ်တိုင် ထွန်းညှိကုန်ဆုံးသည့် အချိန်ပိုင်းအတွင်း ရှာလို့တွေ့နိုင်ပါမည်လားဟုတော့ တွေးပူမိသည်။ မြေအောက်လိုဏ်ဂူကြီးကလည်း ကျယ်ပြောလှသည် မဟုတ်ပါလား။

ဘယ်ကစ၍ ဘယ်နေရာတွင် ရှာရမည်ကိုပင် ဆုံးဖြတ် ရွေးချယ်ဖို့ ခက်နေသည်။ ကုသိုလ်ကံက ဖေးမထောက်ကူနေသည်ဟု ဆိုရမည်လားတော့ မပြောတတ်။

အပြေးတစ်ပိုင်းလေးဝင်လာခဲ့သော လိုင်ယုဝန်သည် ကျောက် သေတ္တာလိုလို အရာတစ်ခုဆီသို့ တန်း၍ရောက်သွားသည်။ အဖုံး သဘောမျိုး အပေါ်ဘက်တွင်ရှိနေသော ကျောက်ချပ်ပြားကို



တွန်း ဖယ်လိုက်ရာ အတွင်းဘက်တွင် ဖယောင်းလုံးကြီးတစ်ခု တွေ့ရသည်။

ဖယောင်းလုံးကို ထုခြေခွဲလိုက်ရာ ဆိတ်သားရေနှုဖြင့် ပတ်ထုတ်ထားသော အထုပ်တစ်ခု ထွက်ပေါ်လာသည်။ ပတ်ထားသော ဆိတ်သားရေနှုကို အမြန်ခွဲခွာဖွင့်ကြည့်ရာ စာအုပ်ပါးလေးတစ်အုပ် ထွက်လာသည်။ စာအုပ်မျက်နှာဖုံးပေါ်တွင် ရေးထားသည်က ...

“အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း”

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကျမ်းကို ရှာဖွေရယူနိုင်ပြီးနောက် လိုင်ယုဝန်သည် ဝမ်းသာအားရပင် ပြန်ထွက်လာနိုင်ခဲ့သည်။

"တွေ့ပြီ တွေ့ပြီ ... အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းကို ရှာလို့ရခဲ့ပြီ"

အားရဝမ်းသာလည်း ပြောသည်။ လိုင်ယုဝန် ပြန်တက်လာနိုင်ပြီးနောက် ခဏအကြာမှာပင် ပွင့်နေသော ကျောက်တံခါးကြီး ဝုန်းခနဲ ပြန်ပိတ်သွားသည်။

"မင်းနဲ့ဒီသိုင်းကျမ်း ကံစပ်တယ်၊ အချိန်တိုတိုလေးနဲ့ကို တွေ့အောင်ရှာနိုင်တယ်၊ တံခါးက ကျုပ်ထင်ထားတာထက်တောင် အချိန်ကြာကြာ ပွင့်မနေဘူး၊ ဒီလို မြန်မြန်ရှာမတွေ့ရင် မင်းတော့ လိုဏ်ဂူကြီးထဲမှာ ပိတ်မိနေမှာ အမှန်ပဲ၊ ဒီတံခါးဟာ နောက် ဘယ်လိုမှ ထပ်ဖွင့်လို့ မရတော့ဘူး၊ အသေပိတ်သွားပြီ"

မိစ္ဆာငါးမန်းနက်အဘိုးအိုက ပြောသည်။ ကျောက်သေတ္တာလိုလို အရာ၏ အဖုံးသဖွယ်ဖြစ်နေသော ကျောက်ချပ်ပြားကို ဆွဲဖွင့်လိုက်ချိန်၌ မောင်းလက်တစ်ခုခု ကျသွားသလို အသံသဲ့သဲ့ကြားမိ



သည်ကို ယခုမှ လိုင်ယုဝန် သတိရသည်။

"ဒီသိုင်းကျမ်းကို ကျောက်သေတ္တာတစ်ခုထဲက ရလာခဲ့တာ၊ ကျောက်သေတ္တာအဖုံးကို ဖွင့်လိုက်တုန်းက မောင်းလက်တစ်ခုခု ကျသွားတဲ့အသံလိုလို ကြားလိုက်ရတယ်၊ အဲဒါဟာ ဟောဒီ ကျောက်တံခါးကြီး ပြန်ပိတ်သွားစေတဲ့ ခလုတ်ဖြစ်လိမ့်မယ်၊ သိုင်းကျမ်းယူပြီး ပြန်ထွက်လာနိုင်တာနဲ့ အချိန်ကိုက် ကျောက်တံခါးလည်း ပိတ်သွားတာပဲ"

လိုင်ယုဝန်က ဆင်ခြင်စဉ်းစားကာ ပြောသည်။

"သိုင်းကျမ်း ရှာလို့မတွေ့ရင်ကော ဒီတံခါးက ဒီအတိုင်း ပွင့်နေမှာလား"

လိုင်ယိတင်က ဝင်ပြောသည်။

"အဲဒီလိုကြီးတော့ ပွင့်နေမယ်မထင်ဘူး၊ ဘာဘပြောသလို အမွေးတိုင်တစ်တိုင်ထွန်းလို့ ကုန်လောက်တဲ့အချိန်ကြာပြီးရင် သူ့အလိုလို ပြန်ပိတ်သွားမယ် ထင်ရတာပဲ"

"အင်း အင်း ... ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်၊ မိန်းကလေးက တော်တော်စဉ်းစားဉာဏ်ကောင်းတာပဲ"

မိစ္ဆာငါးမန်းနက်အဘိုးအိုက ချီးမွမ်းစကား ဆိုသည်။

"ဒီလောက်လည်း မဟုတ်ပါဘူး ဘာဘရယ်၊ ဘာဘ ချီးမွမ်း

www.burmeseclassic.com

www.burmeseclassic.com



လွန်နေပြီ”

“အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းရဲ့ ထူးခြားချက်တွေ ပြောပြဦးမယ်”

“ဟုတ်ကဲ့ ... ပြောပါ ဘဘ”

“ဒီသိုင်းကျမ်းထဲက သိုင်းပညာတွေကို လေ့ကျင့်တဲ့အခါ ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးတွေ စားသုံးပြီး လေ့ကျင့်ရင် ပိုအကျိုး ရှိနိုင်တယ်”

“ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံး ဘယ်လို အချိုးအဆနဲ့ စားရ မှာလဲ ဘဘ”

ထိုက်ကူးချိန်က ဝင်မေးသည်။

“ယောကျ်ားလေးဆိုရင် ဂမုန်းဖြူဆေးလုံး သုံးလုံး၊ ဂမုန်း နက်ဆေးလုံး နှစ်လုံး စားရမယ်၊ မိန်းကလေးဆိုရင်တော့ ဂမုန်းဖြူ ဆေးလုံးနှစ်လုံးနဲ့ ဂမုန်းနက်ဆေးလုံးသုံးလုံးပေါ့”

“ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးတွေ မစားဘဲ လေ့ကျင့်လို့ ရော မရနိုင်ဘူးလား”

ထိုက်ကူးချိန်က ဆက်မေးသည်။

“ရနိုင်ပါတယ် ... ဒါပေမဲ့ ကွာခြားမှုတော့ ရှိတယ်”

“ဘယ်လိုကွာခြားမှုလဲ ဘဘ”



“ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးတွေ မစားဘဲ လေ့ကျင့်ရင် အဖြူအနက် သိုင်းဆယ်ကွက်ရဲ့ စွမ်းရည်သုံးပုံတစ်ပုံပဲ ရနိုင်မယ်၊ ဆေးလုံးတွေ စားသုံးပြီး တစ်ယောက်တည်း လေ့ကျင့်ရင် သိုင်းစွမ်း ရည် သုံးပုံနှစ်ပုံရမယ်”

“ဘယ်လိုမျိုးလေ့ကျင့်မှ အဖြူအနက် သိုင်းဆယ်ကွက်ရဲ့ စွမ်းရည်အပြည့်အဝ ရနိုင်မှာလဲ”

“ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးတွေ စားသုံးထားကဲ့ ယောကျ်ား လေးနဲ့ မိန်းကလေး အတူတူ ပူးပေါင်းလေ့ကျင့်မယ်၊ နှစ်ယောက် ပူးတွဲ တိုက်ခိုက်မယ်ဆိုရင်တော့ သိုင်းစွမ်းရည်အပြည့် ရနိုင်မယ်၊ အဲဒီနှစ်ယောက် စိတ်သဘောမျှတကြမယ်ဆိုရင်တော့ သိုင်းစွမ်းရည် အပြည့်တောင် မဟုတ်ဘူး၊ အတိုင်းအဆမရှိတဲ့ သိုင်းပညာတွေ ဖော် ထုတ်နိုင်ကြလိမ့်မယ်”

“ဂမုန်းဖြူဆေးလုံးနဲ့ ဂမုန်းနက်ဆေးလုံးတွေ ဘယ်မှာရှိနိုင် မလဲ ဘဘ”

**သည်မေးခွန်းကို မေးလိုက်သူကတော့ ထိုက်ကူးသောက် ဖြစ်သည်။ လိုင်ယုဝန်ကတော့ မိမိထံတွင် ဂမုန်းဖြူဆေးလုံးငါးလုံး ဂမုန်းနက်ဆေးလုံးငါးလုံး ရှိနေကြောင်း ထုတ်ပြောရန် သင့်မသင့် စဉ်းစားရင်း နှုတ်ဆိတ်၍နေသည်။**

www.burmeseclassic.com

www.burmeseclassic.com



“ဂမုန်းဖြူဆေးလုံးဆယ်လုံးနဲ့ ဂမုန်းနက်ဆေးလုံးဆယ်လုံးကို ရသေ့ကြီးကျန်းဆန်းဖုန်းနဲ့ မယ်သီလရှင်ကြီး ကော့ရှမ်းတို့က ဖော်စပ်ခဲ့ကြပြီး သူတို့ကွယ်လွန်သွားကြတဲ့ နောက်ပိုင်း သိုင်းသမားမျိုးစုံက အရယူဖို့ ကြိုးစားကြရင်း တိုက်ခိုက်သတ်ဖြတ်မှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာကိုပဲ ကျုပ်သိတယ်၊ ဂူတန်းဂိုဏ်းနဲ့ အော့မေဂိုဏ်းတို့မှာ ရှိကြတယ်လို့တော့ ကြားမိတာပဲ၊ သေတော့ မသေချာဘူး၊ ဒီဆေးလုံးတွေမရဘဲ ဒီအတိုင်း လေ့ကျင့်ရင်လည်း သိုင်းပညာ အများကြီး တိုးတက်လာနိုင်ပါတယ်”

“ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးတွေ မရှိပေမယ့် စိတ်တူကိုယ်မျှတဲ့ ယောကျာ်းတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် အတူပူးပေါင်းလေ့ကျင့် အသုံးချမယ်ဆိုရင်ကော”

လိုင်ယိတင်က မေးသည်။ ထိုက်ကူးချိန်နှင့် လိုင်ယုဝန်တို့ကိုလည်း တစ်ချက်စီ ကြည့်သည်။ မိစ္ဆာငါးမန်းနက် အဘိုးအိုက ခေတ္တစဉ်းစားလိုက်ပြီး ...

“အဖြူအနက် သိုင်းဆယ်ကွက်ရဲ့ စွမ်းရည်သုံးပုံနှစ်ပုံ ရနိုင်မယ်လို့ ထင်ရတာပဲ၊ ကဲ ... မေးစရာမရှိတော့ရင် အပြင်ပြန်ထွက်ကြရအောင်”

“ကျွန်မ မေးချင်တာလေးတွေ ရှိတယ် ဘဘ”



လိုင်ယုဝန်က ပြောသည်။

“မေးစရာရှိတာ မေးလေ”

“ဒီနေရာကို ဘာကြောင့် ရေအောက်မြို့တော်လို့ ခေါ်ရတာလဲ”

“အဲဒါကတော့ ကျုပ်လည်းမသိဘူး၊ ကျုပ် ဒီကိုမရောက်ခင်ကတည်းက အဲဒီလိုခေါ်နေခဲ့တာပဲ”

“ဘဘဟာ စိတ်ကောင်းနှလုံးကောင်းရှိလျက်နဲ့ ဘာကြောင့် မိစ္ဆာငါးမန်းနက်လို့ နာမည်ခံယူထားရတာလဲ”

“ဒီနာမည်ဟာ ဒီနေရာကို ကြည့်ရှုစောင့်ရှောက်နေရတဲ့ လူတွေ အစဉ်အဆက် မှည့်ခေါ်ခဲ့တဲ့နာမည်ပါ၊ ကျုပ်လည်း ဒီရောက်လာပြီး ဒီနာမည်ကို ဆက်ခံယူခဲ့တာပဲ”

“ဘဘနောက် ဘယ်သူဆက်ခံဦးမှာလဲ”

“အဖြူ အနက် သိုင်းဆယ်ကွက်ကျမ်းကို ကံစပ်ပြီး ထိုက်သင့်တဲ့လူတွေ ရယူသွားနိုင်ပြီဆိုတော့ ဒီနေရာမှာ ဆက်လက် စောင့်စရာမလိုတော့ပါဘူး၊ ကျုပ်ကို ဆက်ခံမယ့်လူ ရွေးချယ်ထားပြီးဖြစ်ပေမယ့် ကျုပ်ဟာ နောက်ဆုံး မိစ္ဆာငါးမန်းနက်ပါပဲ၊ မင်းတို့ ဒီကထွက်သွားပြီးရင် ကျုပ်လည်း ကျုပ်ကို ဆက်ခံဖို့ ရွေးချယ်လေ့ကျင့်ပေးနေတဲ့ လူကို အတူခေါ်ပြီး အဝေးကို ထွက်သွားတော့မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဒီသိုင်းကျမ်းကို အရယူဖို့ ကြိုးစားတဲ့ သိုင်းသမားတွေ ဒီနေရာကို ရောက်လာကြဖူးသေးလား"

"ရေအောက်မြို့တော်ထဲအထိတော့ ဘယ်သူမှ အရောက်မလာနိုင်ကြပါဘူး။ ရေအောက်မြို့တော် အနီးဝန်းကျင်နားကိုတော့ ရောက်လာကြတဲ့ သိုင်းသမားတွေ ရှိတယ်၊ ကျုပ်တို့ မိစ္ဆာငါးမန်နက် အစဉ်အဆက် ကာကွယ်မောင်းထုတ်ပစ်လိုက်နိုင်ကြပါတယ်"

"ကန္တာရ မြေခွေးဂိုဏ်းကရော"

"ကျုပ် လက်ထက်မှာတော့ ကန္တာရ မြေခွေးဂိုဏ်းက သိုင်းသမားတွေဟာ သဲသဲမဲမဲ အရှိဆုံးပဲ"

အဘိုးအို၏ ရှေ့ဆောင်မှုဖြင့် လိုင်ယုဝန်တို့လူစု အပြင်သို့ ပြန်ထွက်လာခဲ့ကြသည်။

✸



ရေညှိစမ်းသို့ လိုင်ယုဝန်တို့ ပြန်ရောက်လာကြသည်။

အဖြူမနက် သိုင်းဆယ်ကွက်ကျမ်း ရယူနိုင်ခဲ့မှုကို ကန္တာရမြေခွေးဂိုဏ်းမှ မရိပ်မိစေရန်အတွက် လိုင်ယုဝန်တို့သည် ထင်တိုင်း မပေါက်။ စိတ်ပျက်အားလျော့သည့်အသွင်များ ဆောင်ထားကြသည်။

စိတ်မောလူမော ဖြစ်လာကြသည့် သဘောမျိုးဖြင့် ရေညှိစမ်းတွင် နှစ်ရက်ကြာအောင် အနားယူသလို နေထိုင်ကြသည်။

ပြန်ရောက်လာပြီး ခဏလာနေကာ ထွက်ခွာလာလျှင် ကန္တာရမြေခွေးဂိုဏ်းက သံသယဖြစ်လာနိုင်မည့် အရေးကို ကာကွယ်ခြင်းဖြစ်သည်။

ကန္တာရ မြေခွေးဂိုဏ်းတွင် နှစ်ရက်ကြာ နေထိုင်စဉ်အတွင်း အထူးပင် သတိထားသည်။ အစစအရာရာ စူးစမ်းလေ့လာသည်။

ထိုအခါ ကန္တာရမြေခွေးဂိုဏ်းစခန်း ပရိဝုဏ်ထဲတွင် ဟန်ချက်တင်၏ ခြေရာလက်ရာ အစအနတို့ကို လိုင်ယုဝန် တောက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် သည်လိုမျိုး ခြေရာလက်ရာတွေ တွေ့ရှိရလိမ့်မည်ဟု လိုင်ယုဝန် လုံးဝထင်မထားခဲ့ပါ။

လိုင်ယုဝန်သည် ခြေရာကောက်အတတ်ပညာ ကျွမ်းကျင်လိမ္မာပြီး ဟန်ချက်တင်နှင့်လည်း ငယ်စဉ်ကစ၍ အတူတူကြီးပြင်းလာခဲ့သည့်အတွက် ဟန်ချက်တင်အကြောင်း အတွင်းသိအစင်းသိ သေသေချာချာသိထားသောကြောင့်သာ ဟန်ချက်တင်၏ ခြေရာလက်ရာ အစအနများကို ကောက်မိခြင်းဖြစ်သည်။

ဟန်ချက်တင် ကန္တာရမြေခွေးဂိုဏ်းစခန်းသို့ ရောက်ဖူးသည်ကတော့ သေချာနေလေပြီ။

မိမိတို့ တည်းခိုနေထိုင်သည့်အချိန်တွင်ပင် စခန်းတစ်နေရာ၌ ဟန်ချက်တင် ရှိကောင်းရှိနေနိုင်မည်ဟုပင် ထင်စရာအကြောင်းတွေက ရှိနေသည်။

မိမိနောက်သို့ ဟန်ချက်တင် နောက်ယောင်ခံလိုက်လာခဲ့ပြီး ကန္တာရမြေခွေးဂိုဏ်းနှင့် ဆုံမိကာ ဖမ်းဆီးရန်ပြုခြင်းခံရမှုများ ဖြစ်လေမည်လားဟု အစက လိုင်ယုဝန် တွေးပူမိသေးသည်။

လိုင်ယုဝန် တွေ့ရှိ ကောက်မိရသမျှသော ခြေရာလက်ရာ အစအနများအရတော့ ဟန်ချက်တင်သည် အေးအေးသက်သာ အခြေအနေတွင် ရှိနေသည်ကို ဖော်ညွှန်းပြဆိုနေကြသည်။



ဘာကြောင့် သည်လိုအခြေအနေမျိုး ရှိနေသည်ဆိုခြင်းကိုတော့ လိုင်ယုဝန် စဉ်းစားအဖြေရှာ၍ မရခဲ့ပေ။

လိုင်ယုဝန်တို့လူစုသည် ကန္တာရမြေခွေးဂိုဏ်းတွင် နှစ်ရက်နေထိုင် အနားယူပြီးနောက် အပြန်ခရီးဆက်ရန်အတွက် ထွက်လာခဲ့ကြ၏။

ကန္တာရမြေခွေးဂိုဏ်းက မည်သို့မျှ အနှောင့်အယှက် မပေးခဲ့ပေ။

လိုင်ယုဝန်တို့၏ အိမ်ပြန်ခရီးသည် ထင်ထားသည်ထက်ပင် ချောမောအေးချမ်းနေသည်။

မည်သည့်အနှောင့်အယှက်မျှ မတွေ့ရ။

ဘာအခက်အခဲမျှလည်း ရင်မဆိုင်ရ။

ဟန်ချက်တင်ရှိနေသည့် အရိပ်အယောင်လေးတွေကိုတော့ လိုင်ယုဝန် မကြာခဏဆိုသလို မြင်ရတွေ့ရသည်။

ဟန်ချက်တင်ကျန်ခဲ့သော ခြေရာလက်ရာတွေ မဟုတ်။ တမင်ချန်ထားခဲ့သော အရိပ်အယောင်တွေဖြစ်ကြောင်း လိုင်ယုဝန် သိသည်။

လိုင်ယုဝန်လို ခြေရာကောက်အတတ်ပညာ မကျွမ်းကျင်ကြသော ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီနောင်ကတော့

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင် အနီးဝန်းကျင်တွင်ရှိနေသည့်အကြောင်းကို မရိပ်မိကြပါ။

လိုင်ယိတင်ကတော့ တစ်စွန်းတစ်စ အကဲခတ်မိသည်။ သို့သော် မသိဟန်ဆောင်၍နေသည်။

ထိုက်ကူးချိန်သည် အသွားခရီးတုန်းကထက် အပြန်ခရီးတွင် လိုင်ယုဝန်ကို ပို၍ အရေးတယူလုပ်သည်။

လိုင်ယုဝန်မှာလည်း ထိုက်ကူးချိန်၏ ဂရုစိုက်မှုများတွင် ကြည်နူးမိသည်။

အတော်အသင့်လည်း လိုက်လိုက်လျောလျော ဆက်ဆံသည်။

သို့သော် ဟန်ချက်တင်၏အကြောင်းကို သိနေသည့်အတွက် ထိန်းသိမ်းသင့်သမျှ ထိန်းသိမ်းနေရသည်။ နောက်ယောင်ခံလိုက်နေသော ဟန်ချက်တင်က မိမိနှင့် ထိုက်ကူးချိန်တို့ ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် ရှိနေသည်များကို တွေ့မြင်ကာ ကမူးရှူးထိုး လုပ်လာမည်ကို စိုးရိမ်သည်။

အပြန်ခရီးတစ်လျှောက်တွင် ဟန်ချက်တင်သည် လူရိပ်လူယောင်ပင် ထွက်မပြပါ။

နောက်ဆုံးတွင် ...



ဓားသုံးလက်ဂေဟာသို့ ကောင်းမွန်ချောမောစွာ ပြန်လည်ရောက်ရှိသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းသုံးလက်ဂေဟာရှင်ကြီး လိုင်ဆစ်ကိန်းကိုယ်တိုင် လိုင်ယုဝန်တို့ကို ကြိုဆိုသည်။

"ခရီးသွားရတာ အဆင်ပြေရဲ့လား ... ဘာထူးခြားတာတွေများ ဖြစ်ပျက်ခဲ့သေးလဲ သမီး"

သမီးဖြစ်သူကို ပွေ့ဖက်နှုတ်ဆက်ပြီးနောက် လိုင်ဆစ်ကိန်းကပြောသည်။

"ဖေဖေက ပြောစရာတွေ အများကြီးရှိတယ် ... သိလား၊ စာကြည့်ခန်းထဲကို သွားကြမယ်လေ"

လိုင်ယုဝန်က ပြန်ပြောသည်၊

"ခရီးဝေးက ပြန်ရောက်လာတာ အနားယူလိုက်ပါဦး၊ ပြောစရာရှိတာတွေ ဖြည်းဖြည်းမှ ပြောကြတာပေါ့"

"ခရီးဝေးက ပြန်လာတာပေမယ့် မပင်ပန်းပါဘူး ဖေဖေရဲ့၊ လာပါ သွားကြရအောင်"

လိုင်ယုဝန်က ဖခင်ကို စာကြည့်ခန်းဆီသို့ ဆွဲခေါ်လာခဲ့သည်။



လိုက်ကူးချိန်က အတူလိုက်မည်ပြုသေး၏။

ပြီးမှ ဘာစိတ်ကူးရသည်မသိ။ အသာ ကိုယ်ရှိန်သတ်လိုက်၏။

အစ်ကိုဖြစ်သူ လိုက်မသွားသောကြောင့် ထိုက်ကူးသောက်လည်း ရပ်မြဲရပ်နေသည်။

"ရှင်တို့နှစ်ယောက်လည်း စောစောအနားယူလိုက်ပါ၊ အဆာပြေစားသောက်စရာတွေ ခဏကြာရင် ရှင်တို့ဆီ လာပို့ပေးကြလိမ့်မယ်၊ ကျွန်မလည်း သွားနားတော့မယ်၊ မနက်ကျမှ ပြန်ဆုံကြတာပေါ့"

လိုင်ယိတင်က နှုတ်ဆက်စကားဆိုသည်။

ထိုက်ကူးချိန်တို့ ညီနောင်လည်း လိုင်ယိတင်ကို ပြန်လည်နှုတ်ဆက်စကားဆိုကာ မိမိတို့ တည်းခိုနေထိုင်ခဲ့သည့် အဆောင်ငယ်ဆီသို့ လျှောက်လှမ်းသွားကြလေသည်။

စာကြည့်ခန်းထဲသို့ ရောက်သွားသောအခါ လိုင်ယုဝန်က လမ်းတွင် တွေ့ကြုံဖြစ်ပျက်ခဲ့ပုံများကို ဖခင်အား ပြန်ပြောပြသည်။

ဟန်ချက်တင်အကြောင်းနှင့် ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးများ ရရှိခဲ့ပုံအကြောင်းများကိုမူ ပြောမပြဘဲ ချန်လှပ်ထားသည်။

တကယ်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးများ ရရှိခဲ့ကြောင်းကို ဖခင်ကြီးအား လျှို့ဝှက်မထားလိုပါ။ ပြောပြချင်သည်။

ထိုဆေးလုံးများရရှိခဲ့ပုံကိုပြောလျှင် ဟန်ချက်တင်က ယန်ချန်ကျောင်းကို အနိုင်ယူချေမှုန်းခဲ့သည့်အကြောင်း ပါရှိလာမည်မို့ အသာချန်လှပ်ထားလိုက်ခြင်းဖြစ်သည်။

ရေအောက်မြို့တော်မှ အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း ရရှိခဲ့ပုံအကြောင်းကိုတော့ ပြည့်ပြည့်စုံစုံ ပြောပြသည်။ သိုင်းကျမ်းကိုလည်း ထုတ်ယူကာ ဖခင်လက်သို့ အပ်သည်။

"ဒီသိုင်းကျမ်း ရလာနိုင်တာဟာ သမီးနဲ့ထိုက်အမျိုးအနွယ်ညီနောင်တွေ အတူပူးပေါင်း စွန့်စားပြီး ကံကလည်း စပ်လို့ပဲ၊ ဖေဖေကတော့ သမီးနဲ့ ထိုက်ကူးချိန်တို့နှစ်ယောက် အတူပူးတွဲပြီး အဖြူအနက် သိုင်းဆယ်ကွက်ကို လေ့ကျင့်သင့်ယူစေချင်တယ်"

လိုင်ယုဝန်သည် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ သိုင်းပညာများကို သင်ကြားလိုစိတ်ရှိသည်။

ထိုက်ကူးချိန်နှင့်အတူ သိုင်းလေ့ကျင့်ဖို့ကိုလည်း သာမန်အခြေအနေမျိုးဆိုလျှင် ဝန်မလေးပါ။

သို့ရာတွင် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ သိုင်းပညာများကို အတူလေ့ကျင့်သော ယောကျ်ားပျိုနှင့် မိန်းမပျိုတို့



တစ်ယောက်နှင့်တစ်ယောက် သဘောတူမှုသည့် စိတ်အခြေခံရှိရမည်ဟူသော အချက်ကြောင့် စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်နေသည်။

ထို့ကြောင့် လိုင်ဆစ်ကိန်းက ထိုက်ကူးချိန်နှင့်အတူ ပူးပေါင်း၍ သိုင်းလေ့ကျင့်ရန်ပြောသောအခါ လိုင်ယုဝန်၏မျက်နှာ ကွက်ခနဲဖြစ်သည်။

"ထိုက်ကူးချိန်ရဲ့ဖခင်နဲ့ ဖေဖေဟာ သွေးသောက်ညီနောင်တွေ၊ သူ့သား ထိုက်ကူးချိန်နဲ့ သမီးကို စေ့စပ်ပေးချင်တဲ့ဆန္ဒလည်း သူ့မှာ ရှိနေတယ်"

အချိန်အခါ အခြေအနေသင့်လာသည့်အတွက် လိုင်ဆစ်ကိန်းက ထိုအကြောင်းကို အစဖော်ကာ ပြောသည်။

"ဖေဖေက အဲဒါကို သဘောတူ လက်ခံလိုက်သလား"

"သဘောတူတယ်လည်း မဟုတ်ဘူး၊ ဒီကိစ္စကို ကန့်ကွက်စရာ အကြောင်းတော့ ဖေဖေမှာ ဘာမှမရှိဘူး၊ ထိုက်ကူးချိန်ဟာ ဖြောင့်မတ်တည်ကြည်ပြီး သိုင်းပညာ အစွမ်းအစလည်း အတော်ထက်မြက်တာ သမီးကိုယ်တိုင်လည်း သိနေပြီးပြီပဲ၊ ဒါကြောင့် သမီးအနေနဲ့ ဘယ်လိုသဘောထားမျိုး ရှိတယ်ဆိုတာသာ သိချင်တယ်"

လိုင်ယုဝန် ရှက်စနိုးဖြင့် ခေါင်းလေးငုံ့သွားသည်။

ဖခင်ကြီးပြောသည့်အတိုင်း ထိုက်ကူးချိန်သည် မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် အိမ်ထောင်ဖက်အဖြစ် လက်ခံသင့်သော ယောက်ျားပျိုတစ်ယောက်ဖြစ်ကြောင်းကို လိုင်ယုဝန် နားလည်ပါသည်။

လိုင်ယုဝန်အနေဖြင့်လည်း ထိုက်ကူးချိန်အပေါ် ခင်မင်အားကိုးသောစိတ်က ရှိနေသည်။

သို့သော် မိမိ၏ တစ်သက်တာ ဘဝလက်တွဲဖော်အဖြစ် လက်ခံရန်ကိုတော့ ယတိပြတ် မဆုံးဖြတ်တတ်။ ဇဝေဇဝါ ဖြစ်နေသည်။

အကယ်၍ ဖခင်လိုင်ဆစ်ကိန်းက စေ့စပ်ကြောင်းလမ်းမှုကို ကျေနပ်လက်ခံသည်ဟု ဆိုလာလျှင် လိုင်ယုဝန်သည် ငြင်းဆန်မည်မဟုတ်ဘဲ ဖခင်၏ စီမံမှုကို နာခံမည်သာဖြစ်သည်။

ယခု လိုင်ဆစ်ကိန်းက စေ့စပ်ကြောင်းလမ်းရေးနှင့် ပတ်သက်၍ ပြတ်သားစွာ မပြောဘဲ လိုင်ယုဝန်၏ ဆန္ဒကိုသာ မေးလေရာ လိုင်ယုဝန် တကယ်အဖြေရခက်နေသည်။

ထိုက်ကူးချိန်ကို လက်ခံသင့်သလား၊ လက်မခံ ငြင်းဆန်ရမည်လား လိုင်ယုဝန်အနေဖြင့် ဆုံးဖြတ်ရခက်နေသည်။

✸



"နင်နဲ့ ဟို ထိုက်မျိုးနွယ် အကြီးကောင် စေ့စပ်ကြတော့မယ်ဆို"

ဟန်ချက်တင်က မေးချလိုက်ရာ လိုင်ယုဝန် မျက်လုံးပြူးသွားသည်။ ဤကိစ္စကို ယမန်နေ့ညက လိုင်ဆစ်ကိန်း စိတ်ကူးရကာ သည်နေ့မနက်တွင် ဟန်စွမ်းဟိုကို သွားပြောခြင်းဖြစ်သည်။

ဟန်စွမ်းဟိုကို သွားပြောပြီး စားသုံးလက်ဂေဟာသို့ ပြန်လာရာ လိုင်ယုဝန်နှင့် လိုင်ယိတင်တို့က ဈေးသို့ထွက်သွားကြသည့်အတွက် သမီးနှင့်အဖေ မဆုံမိကြသေး။

မိမိ၏ စိတ်ကူးဆုံးဖြတ်ချက်ကို လိုင်ဆစ်ကိန်းက လိုင်ယုဝန်ကိုပင် မပြောရသေးပါ။ ထို့ကြောင့် ဟန်ချက်တင်က မေးချလာသောအခါ လိုင်ယုဝန်မှာ အံ့အားသင့်၍ သွားရလေသည်။

"ငါမေးတာ ဖြေစမ်းယုဝန်"

လိုင်ယုဝန်ထံမှ အဖြေစကား မကြားရသည့်အတွက် ဟန်ချက်တင်က ထပ်မေးသည်။

"အဲဒီကိစ္စ နင့်ကို ဘယ်သူက ပြောသလဲ၊ နင် ဘယ်လိုသိ

www.burmeseclassic.com

www.burmeseclassic.com



သိတာလဲ"

လိုင်ယုဝန်က ပြန်မေးသည်။

"ငါ့အဖေ ပြောပြတာ"

"ဦးလေးကရော ဘယ်လိုသိတာလဲ"

"နင့်အဲ့ဖေကိုယ်တိုင် မနက်စောစော လာပြောတာတဲ့"

သည်တော့မှပင် ဖခင် လိုင်ဆစ်ကိန်း သူ့ဘာသာ စိတ်ကူးရကာ ဟန်စွမ်းဟိုကို ကြိုတင်အသိပေးလိုက်ခြင်း ဖြစ်ကြောင်း လိုင်ယုဝန်ဆက်စပ် နားလည်သွားလေတော့သည်။

"ဩော် ... ဖေဖေလာပြောတာကိုး"

လိုင်ယုဝန်က ခပ်တိုးတိုးရေရွတ်သည်။

"နင်ကကော အဲဒီ အယုတ်တမာကောင်ကို သဘောကျနေလို့လား"

"နင်နော်၊ သူတစ်ပါးကို မှိုချိုးမျှစ်ချိုး မပြောပါနဲ့"

လိုင်ယုဝန်နှင့် ခင်ခင်မင်မင်ရှိသော ယောကျ်ားပျိုများအပေါ် ဟန်ချက်တင်က ချိုးချိုးဖွဲ့ဖွဲ့ ပြောနေကျဖြစ်ကာ ထိုသို့နှိမ့်ချပြောလေတိုင်း လိုင်ယုဝန်ကလည်း သည်လို တုံ့ပြန်ပြောမြဲဖြစ်သည်။

သည်လို အပြောအဆိုမျိုးတွေက သူတို့နှစ်ယောက်အကြားတွင် မထူးဆန်းလှပါ။ သို့သော် ယခုမူ ဇွေစပ်ကြောင်းလမ်းတော့မည်



ဆိုသော သတင်းကြောင့် ဟန်ချက်တင်၏ စိတ်ထဲတွင် အမြင်တစ်မျိုးရှိနေရာ ထိုက်ကူးချိန်ကိုထိ၍ လိုင်ယုဝန် မခံအောင်ဖြစ်သွားခဲ့သည်ဟု ထင်မှတ်သွားခဲ့သည်။

"နင့်အကောင်ကိုထိလို့ နင်ကနာသလား"

"ချက်တင်နော် မမိုက်ရိုင်းနဲ့"

"မိုက်ရိုင်းတော့ ဘာဖြစ်လဲ၊ နင်က ခရီးဝေးတစ်ခေါက်အတူသွားလိုက်တာနဲ့ ဒီကောင့်ကို တစ်ခါတည်း ကျသွားတာပဲလား"

"အေး ... ဟုတ်တယ်၊ ငါကလည်း သူ့ကို သဘောကျတယ်၊ နင့်လို မိုက်ရိုင်းတဲ့ကောင်မျိုးကိုတော့ ဝေးသေး"

မိမိအပေါ် မဟုတ်မဟပ် စွပ်စွဲလာမှုကြောင့် လိုင်ယုဝန် ဒေါသထွက်လာကာ အရွဲ့တိုက်သလိုမျိုး ပြောချလိုက်လေသည်။

"တောက် ... နင် ဒီကောင်နဲ့ မစေ့စပ်ရဘူး"

"သွားစမ်းပါ၊ ငါ့အဖေကိုယ်တိုင်တောင် သဘောတူထားပြီးပြီ၊ လာပြောမနေနဲ့"

ဟန်ချက်တင် ဘာမှ ထပ်မပြောတော့။ လိုင်ယုဝန်ကို ရုတ်တရက် အကြောထိုးပိတ် ဖမ်းချုပ်ကာ ပခုံးပေါ် ထမ်း၍ ခေါ်ဆောင်ပြေးသွားလေတော့သည်။

သည်လိုလုပ်လိမ့်မည် မထင်သောကြောင့် လိုင်ယုဝန်မှာ

www.burmeseclassic.com

www.burmeseclassic.com



သာဘ မတုံ့ပြန်နိုင်။ အကြောပိတ်ခံရပြီး ဟန်ချက်တင်ခေါ်ရာနောက် လိုက်ပါသွားရလေတော့သည်။

လှမ်းကြည့်နေသောလိုင်ယိတင်မှာလည်း မထင်မှတ်သော ဖြစ်ရပ်ကြောင့် အံ့အားသင့်ကာ ကြက်သေသေသွားသည်။ ထို့နောက် သတိဝင်လာ၍ ပြေးလိုက်မည်ပြုတော့ ဟန်ချက်တင် အဝေးသို့ ရောက်သွားခဲ့လေပြီ။

✹



ဟန်ချက်တင်က လိုင်ယုဝန်ကို ခေါ်ဆောင်သွားသော သတင်းသည် စင်ရှိုးမြို့လေးတွင် တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သည်။ လူအပေါင်းက အမျိုးမျိုးအဖုံဖုံ ထင်ကြေးပေးကြသည်။

အဆိုးရွားဆုံးမှာ ဟန်ချက်တင်က အနိုင်ကျင့်ကာ အတင်း အဓမ္မဖမ်းခေါ်သွားသည်ဟု ပြောဆိုမှုဖြစ်သည်။ မိုးမြေဓား စံအိမ် တော် သခင်ကြီး ဟန်စွမ်းဟိုမှာလည်း သားဖြစ်သူ၏ ပျောက်ရှမ်းမှု ကြောင့် အတော်ပင် မျက်နှာပူရသည်။

ဓားသုံးလက်ဂေဟာသို့ ကိုယ်တိုင်သွားရောက်ကာ တောင်း ပန်စကား ဆိုရသည်။ ဟန်ချက်တင်ကို အပူတပြင်း လိုက်လံရှာဖွေ ရန် မိုးမြေဓားစံအိမ်မှ သိုင်းသမားများကို နေရာခွဲဖြန့်စေလွှတ်ရ သည်။

ဓားသုံးလက်ဂေဟာကလည်း ဟန်ချက်တင်နောက်သို့ ခြေ ရာခံလိုက်ရန် အဖွဲ့များ ဖွဲ့စည်းစီမံသည်။ အမိက ခြေရာခံမည့်အဖွဲ့ တွင် ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ညီနောင် ပါဝင်သည်။

ဓားသုံးလက်ဂေဟာနှင့် မိုးမြေဓားစံအိမ်တို့မှာ ခြေရာ

www.burmeseclassic.com

www.burmeseclassic.com



ကောက် အတတ်ပညာ ထူးချွန်ကျွမ်းကျင်ကြသည့်အတိုင်း ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့၏ ခြေရာများကို ကြိုးစား၍ ရှာဖွေကြသည်။

သို့သော် ထူးခြားသည်မှာ ဟန်ချက်တင်တို့၏ ခြေရာလက်ရာ အစအနများပင် မကျန်ခဲ့ဘဲ မြေလျှိုးမိုးပျံသွားကြသလို စုပ်စမြုပ်စ ပျောက်၍နေသည်။

ရှာဖွေသူများသည် အပူတပြင်းပင် ကြိုးစား၍တော့ ဆက်လက် ရှာဖွေနေကြသည်။

✱



မိမိတို့နောက်သို့ ဓားသုံးလက်ဂေဟာမှ လူများသာမက မိုးမြေဓားစံအိမ်မှ သိုင်းသမားများပါ အပူတပြင်း လိုက်လာနိုင်ကြောင်း ဟန်ချက်တင် သိသည်။

မိမိ၏ ဖခင်ကြီးကိုယ်တိုင်ပင် လိုက်လာကောင်း လိုက်လာနိုင်ကြောင်းလည်း တွက်မိသည်။ လိုက်လံရှာဖွေကြမည့်လူများသည် ခြေရာကောက်အတတ်ပညာ ကျွမ်းကျင်လိမ္မာတတ်သိသူတွေချည်း ဖြစ်မည်ကိုလည်း နားလည်ထားသည်။

ထို့ကြောင့် ခြေရာကောက်၍ မလွယ်စေရန်နှင့် ခြေရာ ဖျောက်နိုင်ရန် အထူးဂရုစိုက် ကြိုးစားလုပ်ဆောင်ခဲ့လေသည်။ အဝေးသို့ ချက်ချင်းထွက်မပြေး။

ဓားသုံးလက်ဂေဟာ အနောက်ဘက်နားရှိ သစ်ပင်ကြီး တစ်ပင်ပေါ်တွင် တက်ကာ ပုန်းအောင်းနေသည်။ လူအများ သွားလာကြသည့် လမ်းပေါ်မှသွားသည်။

ဤနည်းဖြင့် သူ၏ခြေရာတို့သည် အခြားလူများနှင့် ရောထွေး ပျောက်ကွယ်သွားသည်။ မိမိ၏ ခြေရာလက်ရာများ ထင်ကျန်

www.burmeseclassic.com

www.burmeseclassic.com



နေမည့်နေရာတို့တွင်လည်း အတတ်နိုင်ဆုံး ခြေရာဖျောက်ဖျက်ဆီးမှုများ လုပ်ထားခဲ့သည်။

အပူတပြင်း လိုက်ရှာဖွေကြသူများက ဟာန်ချက်တင်သည် အဝေးသို့ တစ်ခါတည်း ထွက်ပြေးမည်ဟုသာ တွက်ကြသည်။

ဓားသုံးလက်ဂေဟာ အနောက်ဘက်နားတွင် ပုန်းအောင်းနေလိမ့်မည်ဟု မည်သူကမျှ မထင်ကြပါ။

ထို့ကြောင့် ဓားသုံးလက်ဂေဟာ အနီးဝန်းကျင်တစ်ပိုက်တွင် ခြေရာကောက်ရှာဖွေခြင်း မပြုကြ။ မြို့ပြင်သို့ထွက်သည့်လမ်းကြောင်း နေရာများတွင်သာ လိုက်လံခြေရာကောက်ကြရာ ဟာန်ချက်တင်တို့၏ ခြေရာလက်ရာ သဲလွန်စများ ရှာမရနိုင်ဘဲ ရှိနေကြသည်။ မြို့ပြင်ဘက် ထွက်ကာ နေရာအနှံ့ လိုက်ရှာနေကြသည်။

ဗိုမိတို့ ဓားသုံးလက်ဂေဟာအနီးတွင် ပုန်းအောင်းနေကြောင်း လိုက်ရှာသူတို့ မရိပ်မိကြောင်း အကဲခတ်မိသောအခါ ဟာန်ချက်တင်သည် အကြောပိတ်ခံထားရ၍ မလှုပ်နိုင်၊ အသံမပြုနိုင်ဖြစ်နေသော လိုင်ယုဝန်ကို သစ်ပင်ခွဆုံနေရာတစ်ခုတွင် ကျကျနန သေသေချာချာ တပ်ထားခဲ့ကာ သစ်ပင်တစ်ပင်မှတစ်ပင်သို့ကူး၍ အဝတ်အစားပေါင်းနှင့် ဖိနပ်ပေါင်းများကို လိုက်ရှာသည်။

သိပ်ကြိုးစားရန် မလိုဘဲ လိုချင်သည့် အဝတ်အစားနှင့်ဖိနပ်



တို့ကို ရယူနိုင်ခဲ့သည်။ လိုင်ယုဝန်ရှိရာသို့ ပြန်သည်။ ရယူလာသည့် အဝတ်အစားများနှင့် ဖိနပ်တို့ကို လိုင်ယုဝန်အား လဲလှယ်ဝတ်ဆင်ပေး၏။ သူကိုယ်တိုင်လည်း လဲလှယ်ဝတ်ဆင်သည်။

သူတို့နှစ်ယောက်အသွင်သည် ဆင်းရဲသားလိုဖြစ်သွား၏။ ရုပ်ကိုတော့ အထွေအထူး ပြုပြင်ခြင်းမလုပ်။ ဖုန်များ၊ မြေမှုန်များ မျက်နှာတွင် ပေကျံနေအောင်လုပ်လျက် ဆံပင်များကိုလည်း ကျကျနန မဖြီးမသင်တော့ဘဲ ဖွာဆန်ကြဲ ခပ်ဖွာဖွာ ပြေပြေလျောလျော ဖြစ်နေအောင် လုပ်သည်။

သေရည်အိုးတစ်အိုးတည်း ခိုးယူလာခဲ့ရာ နှစ်ယောက်လုံး၏ ကိုယ်ပေါ်သို့ သေရည်များပေကျံအောင် လောင်းချ၏။ သေရည်နံ့ တထောင်းထောင်းဖြင့် အရက်မူးယစ်လာသူ နှစ်ယောက်၏အသွင် ဖြစ်သွားသည်။

လိုင်ယုဝန်ကို စိတ်ချရအောင် အကြောများ ထပ်ပိတ်၏။ ပြီးတော့ အရက်အရမ်းမူးနေသူတစ်ယောက်ကို အရက်အသင့်အတင့် မူးယစ်နေသူက ဖေးဖတ်တွဲခေါ်လာသည့်အသွင်မျိုး အယောင်ဆောင်ကာ လိုင်ယုဝန်ကို ဖက်တွဲခေါ်ပြီး မြို့ပြင်သို့ထွက်သည်။

ဟာန်ချက်တင်အတွက် ကံကောင်းထောက်မသည်မှာ ဈေးရောင်းပြီး အိမ်ပြန်လာသော ဈေးသည်တစ်စုနှင့် လမ်းကြုံသွားမှု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထိုတောချေးသည်များသည် အရက်အနည်းအကျဉ်း သောက်ထားကြသည်။

မူးယစ်ခြင်းမရှိသော်လည်း ရီဝေဝေတော့ ဖြစ်ကြ၏။

ဟန်ချက်တင်က ထိုလူစုတွင် အသာရောစွ၍ လိုက်ပါလာခဲ့ရာ ပို၍ အဆင်ပြေသွားသည်။

လမ်းတွင် သူတို့ကို လိုက်ရှာနေကြသည့် အဖွဲ့သုံးလေးဖွဲ့လောက်နှင့် ဆုံမိကြသေးသည်။

ထိုသူများသည် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ကို မမှတ်မိကြ၊ သတိမပြုမိကြ။

တောချေးသည်အစုနှင့်အတူ မြို့ပြင်သို့ အရောက်ထွက်လာနိုင်ခဲ့သည်။ မြို့ပြင်ရောက်သော်လည်း ဟန်ချက်တင်က ခွဲမသွားဘဲ တောချေးသည်အစုနှင့် မယောင်မလည် ဆတ်လက် ရောနှောလိုက်ပါလာခဲ့သည်။

မြို့နှင့် အတန်ဝေးတော့မှ အသာလမ်းခွဲကာ တောတန်းလေးထဲသို့ ဝင်ခဲ့သည်။

ခြေရာကောက် လိုက်ရှာနေကြသည့် လူစုများသည် မြို့ပြင်နားတွင် လိုက်ရှာဖွေကြပြီး ဘာမျှ အကြောင်းမထူး သည်မို့ တချို့က



မြို့ထဲသို့ ပြန်ဝင်ကာ တစ်ကျော့ပြန် စူးစမ်းရှာဖွေ ကြလျက် အချို့က အဝေးဆီသို့ ခရီးဆန့်လိုက်ရှာကြရာ မြို့ပြင်ဘက် တစ်ပိုက်တွင် ရှာဖွေသူများပင် မရှိကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်သည် အပိတ်ခံထားရသော အကြောများ ပြေပွင့်သွားအောင် အတွင်းအား စုစည်းလိုးဖောက် ကြိုးစားခဲ့ရာ မြို့ပြင်သို့ ထွက်မိကြပြီး တောတန်းလေးနှင့် မလှမ်းမကမ်းသို့ အရောက်တွင် ပိတ်နေသောအကြောများ ပြန်ပြေပွင့်သွား၏။

သို့သော် အကြောပိတ်ခံရသည့်အသွင်မျိုး ဆက်၍ ဟန်ဆောင်ကာနေခဲ့သည်။ ခြေထောက်ကိုသာ ဟန်ချက်တင်မသိရအောင် လှုပ်ရှားလျက် မိမိနောက်သို့ ခြေရာကောက်ရ လွယ်ကူအောင် လမ်းညွှန်သဲလွန်စများ မသိမသာ လုပ်ထားခဲ့သည်။

ဟန်ချက်တင်ကတော့ သည်အခြေအနေကိုမသိ။ လိုင်ယုဝန် အကြောပိတ်ခံနေရသည်ဟုသာ မှတ်ယူကာ စိတ်ချလက်ချ ရှိနေသည်။ ဖိနပ်ပါ လဲလှယ်ဝတ်ဆင်ထားခဲ့သည်မို့ မိမိတို့၏ ခြေရာများကို မြင်သည့်တိုင် မှတ်မိရန် မလွယ်ဟုလည်း အပိုင်တွက်လာခဲ့သည်။

တောတန်းလေးမှာ တစ်ချိန်တစ်ခါက နှင်းတောင်ဝံပုလွေဂိုဏ်းသား ၃ ယောက်က လိုင်ယုဝန်ကို စော်ကားရန်စကြ၍ ဟန်ချက်တင်နှင့် ဆုံမိပြီး ၃ကိုက်ခိုက်ခဲ့ကြဖူးသည့် တောတန်းလေးဖြစ်သည်။



တောတန်းလေးအတွင်းဘက်သို့ ရောက်သောအခါ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝင်နားသည်။

"ပြေးရလွှားရနဲ့ နင်လည်း ဆာရော့မယ်၊ ငါ ပေါက်စီတွေ ရလာတယ်၊ စားလိုက်ဦး ... ဟုတ်လား"

ဟန်ချက်တင်က ထိုသို့ပြောပြီး လိုင်ယုဝန်ကို အကြော ပြန်ဖွင့်ပေးလိုက်သည်။ လိုင်ယုဝန်လည်း ယခုမှ အကြောပြေပွင့်သွားသည့် အသွင်မျိုး လုပ်လိုက်သည်။

"ငါ့ကို အိမ်ပြန်ပို့ပေး၊ ဒီလိုမျိုးလုပ်တာ ငါမကြိုက်ဘူး"

လိုင်ယုဝန်က ခပ်ဆတ်ဆတ်ပြောသည်။

"ကြိုက်တာ မကြိုက်တာ နောက်မှပြော၊ အခုတော့ ဗိုက်ပြည့်အောင် စားလိုက်ဦး"

ဟန်ချက်တင်က ပေါက်စီသုံးလုံး ထုတ်ပေးသည်။ လိုင်ယုဝန်ကို သစ်ပင်ပေါ် ထားခဲ့ပြီး အပြင်ထွက်လာခိုက် အလစ်သုတ်ယူလာခဲ့သည့် ပေါက်စီများဖြစ်သည်။

ဟန်ချက်တင်၏ ယခုလို ရမ်းရမ်းကားကား အတင်းအကျပ်လုပ်မှုကြောင့် လိုင်ယုဝန် အတော်ပင် ဒေါသဖြစ်နေသည်။ သို့သော် ဗိုက်ကဆာနေသည့်အပြင် ဟန်ချက်တင်နှင့် အတိုက်အခံလုပ်ရလျှင်လည်း ဗိုက်ပြည့်ကာ အားရှိနေဖို့လိုသည်ဟု တွေးမိသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်ပေးသော ပေါက်စီသုံးလုံးကို ဆတ်ခနဲ ဆောင့်ယူလိုက်သည်။

မျက်စောင်းတစ်ချက်လှမ်းထိုးကာ ပေါက်စီတစ်လုံးကို စားသည်။ ဆာလောင်နေသည့်မို့ ပေါက်စီတစ်လုံး ချက်ချင်း ကုန်သည်။ ဒုတိယပေါက်စီကို ဆက်စားသည်။

ဟန်ချက်တင်သည် လိုင်ယုဝန် အားရပါးရ စားသောက်နေသည်ကို အသာပင် ကြည့်နေသည်။ ဒုတိယပေါက်စီ ကုန်သွားကာ တတိယပေါက်စီကို ကိုက်လိုက်သည့်အချိန်တွင် လိုင်ယုဝန်သည် တစ်စုံတစ်ရာကို တွေးမိလေသည်။

"နင်ရော မစားဘူးလား"

တတိယပေါက်စီကို တစ်ကိုက်သာကိုက်စားပြီး လိုင်ယုဝန်က မေးသည်။

"ဟင့်အင်း ... မစားဘူး"

"ဘာဖြစ်လို့ မစားတာလဲ ... မဆာဘူးလား"

"ရပါတယ် ... နင်ပဲစားပါ"

ဟန်ချက်တင်အကြောင်း ကောင်းကောင်းသိထားသော လိုင်ယုဝန်သည် ယခုပေါက်စီသုံးလုံးသာရှိပြီး မိမိမဝမည်စိုးသောကြောင့် ဟန်ချက်တင်က မစားတော့ဘဲနေကာ မိမိကို အကုန်ကျွေး



ကြောင်း ချက်ချင်းနားလည်သည်။

ဟန်ချက်တင်အပေါ် ဒေါသထွက်နေသော်လည်း ငယ်သူငယ်ချင်းမို့ သည်လို အငတ်ခံကာ မိမိကိုသာ ကျွေးနေသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

"ရော့ ... စား"

လိုင်ယုဝန်က ပေါက်စီကို ဟန်ချက်တင်အား ကမ်းပေးသည်။

"နေပါစေ ... နင်ပဲ ဝအောင်စားပါ"

"ငါ ဝပြီ ... ရော့"

"ဟင့်အင်း"

"ဘာလဲ ... ငါ တစ်ကိုက်ကိုက်ထားလို့ မစားချင်တာလား"

"ဟာ ... မဟုတ်ပါဘူး"

"ဒါဆိုရင်စား ... ရော့"

လိုင်ယုဝန်က သည်လိုပြောဆိုကာ ကျွေးလာတော့သည်။ ဟန်ချက်တင်မှာ လှမ်းယူကာ စားလိုက်ရလေသည်။ ဟန်ချက်တင်သည် လိုင်ယုဝန်ကိုထမ်းကာ ပြေးလွှားလှုပ်ရှားခဲ့ရ၊ ဖေးမတွဲလျက်ခေါ်ခဲ့ရနှင့်မို့ လိုင်ယုဝန်ထက် ပိုဆာနေသည်။ ပေါက်စီ ပြုံက်ခနဲပင် ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင် အားရပါးရ စားသောက်နေသည်ကို ကြည့်ရင်း လိုင်ယုဝန်မှာ စိတ်မကောင်းသလို ဖြစ်မိသည်။ ဟန်ချက်တင်က အဆာခံကာ မိမိကို ဦးစားပေး၍ ကျွေးမွေးကြောင်းကိုလည်း နားလည် သဘောပေါက်သည်။

"နင်လည်း အရမ်းဆာနေတာကိုး"

လိုင်ယုဝန်၏ ပါးစပ်မှ အကြင်နာစကားလေးများ ပြောထွက်သည်။

"ရပါတယ်ဟာ ... ငါက လူကြမ်းလူရမ်းပဲ၊ ဆာတာလောက်က ဘာမှမပြောပလောက်ပါဘူး"

"ငါ့ကို အိမ်ပြန်ပို့ပေးဟာ ... နော်၊ နင် ဖွတ်တရွတ် လျှောက်မလုပ်ပါနဲ့"

လိုင်ယုဝန်က ခပ်ချော့ချော့မော့မော့လေး ပြောသည်။ ခါတိုင်းဆိုလျှင် သည်လို ဖြေသိမ့် ချော့မော့မှုတွင် ပျော့ကျသွားမြဲဖြစ်သော ဟန်ချက်တင်သည် ယခုအခါတွင်တော့ တောင့်ခံထားသည်။

လိုင်ယုဝန်အလိုကို လိုက်လျောလိုက်လျှင် မိမိ၏အချစ်လုံးဝ ဆုံးရှုံးသွားတော့မည်ဟူသော စိတ်ဖြင့် တင်းခံထားသည်။

"နင့်အကြိုက် ငါအမြဲ လိုက်လုပ်ပေးနေကျပါ ယုဝန်၊ ဒီ





တစ်ခါတော့ ငါ့ကိုနားလည်ပါ ... နင့်ကို ပြန်မလွှတ်နိုင်ဘူး၊ ငါ နင့်ကို ခိုးပြေးလာတာ"

"မဟုတ်တာ ချက်တင်ရယ် ... အရူးမထစမ်းပါနဲ့ဟာ"

"ငါ အရူးထတာ မဟုတ်ဘူး၊ အေး အချစ်ရူး ရူးနေတယ်လို့ပြောရင်တော့ ရတယ်၊ နင့်ကိုချစ်မိတဲ့အချစ်အတွက် ငါရူးတယ်၊ [illegible] ဝာယ်"

"နင် ဖွတ်လုပ်ရင် ငါ စိတ်ဆိုးမှာနော်"

"စိတ်ဆိုးချင်ဆိုး၊ စိတ်ဆိုးရုံမကလို့ ငါ့ကို သတ်ချင်တယ်ဆိုရင်လည်း နင်ကိုယ်တိုင် သတ်လိုက် ... ရော့"

ဟန်ချက်တင်က ခါးပတ်ကြားတွင် ထိုးထားသော ဓားတိုလေးကို ဆွဲထုတ်ကာ လိုင်ယုဝန်ကိုပေးသည်။

"ငါပြန်မယ်"

လိုင်ယုဝန်က ဓားတိုလေးကို ဆတ်ခနဲဆွဲယူကာ ပြောသည်။ ချော့မော့ပြော၍ မရနိုင်တော့ကြောင်း နားလည်သည့်အတွက် အတင်းပင် ထွက်သွားရန်ဟန်ပြင်သည်။

"မပြန်ရဘူး"

ဟန်ချက်တင်က လိုင်ယုဝန်၏ရှေ့မှာ ပိတ်ကာထားပြီး ပြောသည်။ လိုင်ယုဝန် အတင်းထွက်ပြေးလျှင် အရအမိ ပြန်[illegible]ချုပ်

www.burmeseclassic.com

www.burmeseclassic.com



မည့် အသွင်လည်း အသင့်ပြင်ထားသည်။

"ဖယ်စမ်း ချက်တင် ... ငါ့ကိုမတားနဲ့"

"မဖယ်ဘူး ... နင် ထွက်သွားမယ်ဆိုရင် တားမှာပဲ၊ ပြန်ဖမ်းထားမှာပဲ"

ဟန်ချက်တင်က ခပ်ပြတ်ပြတ်ပြောသည်။ အနိုင်အထက်လုပ်လာမည့် အခြေအနေကြောင့် လိုင်ယုဝန် စိတ်ထဲ ထောင်းခနဲဒေါသထွက်လာသည်။

"တောက် ... အေးအေးဆေးဆေး ပြောမရတာ သေပေတော့"

လိုင်ယုဝန်က ဟန်ချက်တင်ကို ဓားဖြင့် လှမ်းထိုးသည်။ ဒေါသထွက်နေသည့် လိုင်ယုဝန်သည် ဟန်ချက်တင်ကို ခြိမ်းခြောက်သည့်သဘောဖြင့် ဓားကိုဝင့်ကာ ထိုးစိုက်ချလိုက်သည်။

တကယ်တမ်း တိုက်ခိုက်သည့် သဘောတော့ မဟုတ်ပါ။ လိုင်ယုဝန်၏ ဓားထိုးချက်သည် သိုင်းဟန်လည်းမပါ။ သာမန် အရပ်သူတစ်ယောက် ဒေါသထွက်ထွက်နှင့် လှမ်းထိုးလိုက်သည့် ဓားချက်မျိုးသာ ဖြစ်နေသည်။

ဟန်ချက်တင်အနေဖြင့် အသာရှောင်လိုက်လျှင်ပင် လွတ်နိုင်သည်။ သို့သော် ဟန်ချက်တင်က မရှောင်ပါ။ မိမိ အရှူးအမူး



ချစ်မြတ်နိုးနေမိသည့် မိန်းကလေးကို လက်လွှတ်ရတော့မည့်အဖြစ်ကြောင့် ခံပြင်း ဒေါသထွက်ကာနေသည့်အချိန်တွင် ထိုမိန်းကလေးက ဓားဖြင့်ပင် ထိုးချလာသောအခါ အရမ်းပင် ထိခိုက်နာကျင်သည်။

အလွန်လည်း စိတ်ပျက်သည်၊ စိတ်ဓာတ်ကျသည်။ လိုင်ယုဝန်က သတ်ရက်လျှင် အသေခံလိုက်မည်ဟူသော ခပ်ရွတ်ရွတ်စိတ်ပင် ဖြစ်ပေါ်သည်။

ထို့ကြောင့် မရှောင်မတိမ်း၊ ခုခံခြင်းလည်း မပြုသည့်အပြင် ရင်ကိုပင် ကော့ဖွင့်ကာ ရှေ့သို့ တိုးပေးလိုက်လေသေးသည်။ ဓားသွားသည် ဟန်ချက်တင်၏ ညာဘက်ရင်ဘတ်ကို ထိုးစိုက်စူးဝင်သည်။

"အား"

ဓားထိုးခံရသူ ဟန်ချက်တင်က ဓားချက်ကို အံကြိတ်ကာ ခံသည်။ ဓားဖြင့်ထိုးလိုက်သူ လိုင်ယုဝန်ကသာ အလန့်တကြား အော်ဟစ်မိသည်။

သည်လိုမျိုးဖြစ်လာလိမ့်မည်ဟု လိုင်ယုဝန် ထင်မထားပါ။ သူမကို အတင်းအကျပ် ဖမ်းဆီးခေါ်လာမှု၊ အိမ်မပြန်ရဟု အနိုင်အထက် ပိတ်ပင်တားဆီးနေမှုတို့ကြောင့် ဟန်ချက်တင်အပေါ် ဒေါသထွက်နေသော်လည်း ငယ်သူငယ်ချင်းတစ်ယောက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်သံယောဇဉ်ကတော့ ရှိနေသည်။

ငြိမ်းခြောက်သလို ထိုးစိုက်ချလိုက်သောဓားချက် တကယ်ပင် ထိသွားသောအခါ လိုင်ယုဝန် ထိတ်လန့်သည်။ စိတ်လည်း အရမ်းလှုပ်ရှားသည်။

စိုက်ဝင်သွားသောဓားကို ကမန်းကတန်း ပြန်ဆွဲနုတ်မိသည်။

"အင့်"

ဓားပြန်အနုတ်တွင် ဟန်ချက်တင်၏ နှုတ်ဖျားမှ ညည်းသံတစ်ချက် လွတ်ခနဲထွက်သည်။ ဓားဒဏ်ရာမှ သွေးများလည်း ပန်းထွက်သည်။

"ဟာ ... ဒုက္ခပဲ၊ နင် ... နင် ဘာလို့ မရှောင်တာလဲ"

လိုင်ယုဝန် ထိတ်ထိတ်ပျာပျာနှင့်ပြောသည်။ လက်ထဲမှ ဓားတိုဒလေးကိုလည်း အလိုလိုပင် လွှတ်ချလိုက်မိသည်။

"နင် ထိုးရက်ရင် ငါခံရဲပါတယ်"

ဟန်ချက်တင်က ခပ်ပြုံးပြုံးပြောသည်။ အပြုံးက အသက်မဝင်။

"သွေးတွေ အရမ်းထွက်နေပြီ"

လိုင်ယုဝန်က စိုးရိမ်တကြီးပြောကာ ဟန်ချက်တင်အနားသို့



အလိုအလျောက်ပင် တိုးကပ်သွားမိသည်။ သွေးတိတ်စေရန် အကြောများ အမြန်ထိုးပိတ်သည်။ အနာကျက်ဒဏ်ကြေဆေးကိုလည်း ထုတ်ယူသည်။

"နင်က ငါ့ကို ချစ်သားပဲ၊ မသွားတော့ဘူး မဟုတ်လား"

ဟန်ချက်တင်က လိုင်ယုဝန်၏ဘယ်လက်ကို လှမ်းဆုပ်ကိုင်ပြီးပြောသည်။ မိမိကို ထပ်မံချုပ်ဖမ်းတော့မည်ဟု ထင်ကာ လိုင်ယုဝန် ဆတ်ခနဲ ရုန်းထွက်သည်။ ရုန်းအထွက်တွင် ဟန်ချက်တင်ကိုလည်း တွန်းဖယ်ပစ်လိုက်သည်။

ဟန်ချက်တင် ပက်လက်လန် လဲကျသည်။ လိုင်ယုဝန် ချာခနဲလှည့်ကာ ထွက်ပြေးမည်ပြုပြီးမှ ဟန်ချက်တင်ကိုလည်း ပြန်လှည့်ကြည့်သည်။ အကြောများ ထိုးပိတ်ပြုစုပေးပြီးသည်မို့ ဓားဒဏ်ရာမှ သွေးထွက်တော့ ရပ်သွားပေပြီ။

စောစောက ထွက်ခဲ့သော သွေးများကတော့ ဟန်ချက်တင် ဝတ်ထားသော အင်္ကျီရင်ဘတ်တွင် ခြင်းခြင်းနီနေလေသည်။ ဓားဒဏ်ရာရထားသူကို တွန်းပစ်မိသည့်အတွက် လိုင်ယုဝန် စိတ်မကောင်း ဖြစ်မိသည်။ ငယ်သူငယ်ချင်းဆိုသည့် သံယောဇဉ်စိတ်ဖြင့် ဟန်ချက်တင်ကို သွားပြုစုသည်။

အနားသို့ ကပ်သွားလျှင် မိမိကို ချုပ်ဖမ်းမှာကိုလည်း စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခွင့်အရေးရခိုက် အလွန်လည်း ထွက်ပြေးချင်သည်။ ဟန်ချက်တင်ကိုလည်း ဒဏ်ရာကြီးနှင့် သည်အတိုင်း မထားခဲ့ရက်။

လိုင်ယုဝန်၏ စိတ်ထဲတွင် ဆန့်ကျင်ဘက် သဘောဆန္ဒများ ထွေးရောယှက်တင် ဖြစ်နေသည်။

"နင့်ကို ဓားနဲ့ထိုးမိတာ စိတ်မကောင်းပါဘူး၊ နင်က အတင်းလုပ်တာကိုး၊ ရော့ ... ဒဏ်ရာကို ဆေးထည့်လိုက်"

လိုင်ယုဝန်သည် ဟန်ချက်တင်ဘက်သို့ ပြန်လှည့်ကာ ညာလက်ထဲတွင် ကိုင်ထားဆဲဖြစ်သော အနာကျက်ဒဏ်ကြေဆေးဘူးကို လှမ်းပစ်ပေးသည်။ ဆွဲဖမ်းလျှင် မိနိုင်သော်လည်း ဟန်ချက်တင်က မဖမ်း။

'ဖုတ်'

လိုင်ယုဝန်ပစ်ပေးလိုက်သော အနာကျက်ဒဏ်ကြေဆေးဘူးသည် ဟန်ချက်တင်၏ ရှေ့နားတွင် ကျသွားသည်။ ဆေးဘူးပစ်ပေးပြီးနောက် လိုင်ယုဝန် ချာခနဲလှည့်ကာ လျှောက်လှမ်းထွက်သည်။ ခြေလှမ်းသုံးလေးလှမ်းမျှ လျှောက်ပြီးသောအခါ နောက်ဆံတင်းသလို ဖြစ်လျက် ဟန်ချက်တင်ကို လှည့်ကြည့်မိပြန်သည်။

ဟန်ချက်တင်သည် မြေကြီးပေါ်တွင် ထိုင်လျက်သားလဲကျနေရာမှ မလှုပ်မရှား သည်အတိုင်းရှိလျက် မိမိကိုငေးကြည့်နေသည်



ကို လိုင်ယုဝန် မြင်ရသည်။ ဆေးဘူးကလည်း သူ့ရှေ့တွင် သည်အတိုင်း။

"ဒဏ်ရာမှာ ဆေးထည့်လိုက်ဦး"

ပါးစပ်မှပြောမိသည်။ ထို့နောက် မိမိကိုယ်မိမိ အားပေးစိတ်တင်းကာ အံတင်းတင်းကြိတ်လျက် ခပ်သုတ်သုတ် လျှောက်လှမ်းထွက်လာခဲ့လေတော့သည်။

ကျောခိုင်းကာ ထွက်လာခဲ့ပြီးဖြစ်သော်လည်း မိမိကို ငေးမောကာ ကျန်နေခဲ့သော ဟန်ချက်တင်၏ သွေးအလိမ်းလိမ်းနှင့် အသွင်ကတော့ လိုင်ယုဝန်၏ စိတ်အာရုံကို စိုးမိုးထားလျက်။

www.burmeseclassic.com

www.burmeseclassic.com



"အလို ... မိန်မလှလေးနဲ့ တစ်ကျော့ပြန် လာဆုံရပါရောလား"

စိတ်လှုပ်ရှားစွာ အမောတကော လျှောက်လှမ်းလာခဲ့သော လိုင်ယုဝန်မှာ ရုတ်တရက် ကြားလိုက်ရသော စကားသံကြောင့် ခြေလှမ်း တုံ့ရပ်သွားသည်။

ရှေ့တွင် လူရွယ်သုံးယောက် ပခုံးချင်းယှဉ်ကာ ရပ်နေကြသည်ကို တွေ့ရသည်။ ဟိုတစ်ခါက ဆုံတွေ့မိကာ ပြဿနာဖြစ်ခဲ့ရသော နှင်းဆောင်ဝံပုလွေဂိုဏ်းသား လူရွယ်သုံးယောက်တို့ပင်တည်း။

"တောက် ... အရေးထဲမှ ဒီကောင်တွေနဲ့ လာဆုံနေရသေးတယ်"

လိုင်ယုဝန်၏စိတ်ထဲမှ မကျေမနပ်ဖြစ်ကာ ရေရွတ်မိသည်။ သူမ၏ မျက်နှာမှာလည်း ခပ်အိုအိုဖြစ်သည်။

"မျက်နှာတော်ညိုပြီး ဘာများ အလိုမကျဖြစ်နေရတာလဲ မိန်းကလေးရဲ့"

ရုပ်ချောချော လူရွယ်ကပြောသည်။



"တို့နဲ့ဆုံချင်လို့ ရောက်လာတာ နေမှာပေါ့၊ ကျောက်ပိုင်ချမ်းရာ"

ရုပ်ကြမ်းကြမ်းလူရွယ်က ခပ်လှောင်လှောင် ဝင်ပြည့်စွက်ပြောသည်။

"ဟိုတစ်ခါက စထားခဲ့တဲ့ ဇာတ်လမ်းလေး အဆုံးသတ်လိုက်ကြတာပေါ့"

ရုပ်ဆိုးဆိုးလူရွယ်က ဝင်ပြောသည်။

'ရွှီ'

ရုပ်ချောချောလူရွယ်က အချက်ပေး လေချွန်သံတစ်ချက်ပြုသည်။ ထို့နောက် နှင်းတောင်ဝံပုလွေဂိုဏ်းသား လူရွယ်သုံးယောက်တို့သည် လိုင်ယုဝန်ကို သုံးဖက်သုံးတန်မှ တြိဂံပုံခွဲဖြန့်ကာ ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

သူတို့သုံးယောက်သည် ပူးပေါင်းတိုက်ခိုက်မှုကို အထူး ကြိုးစားလေ့ကျင့်ထားခဲ့ကြရာ ယခင်တစ်ကြိမ် ရင်ဆိုင်ခဲ့ရသည်ထက် ပို၍ ထိထိမိမိ ထက်ထက်မြက်မြက် တိုက်ခိုက်နိုင်ကြလေသည်။

ရုပ်ချောချောလူရွယ်က စတင်ကာ ဦးဆောင်တိုက်စစ်ဆင်သည်။ လိုင်ယုဝန်က တိုက်စစ်ကို ရင်ဆိုင်ခုခံချိန်တွင် ရုပ်ကြမ်းကြမ်း လူရွယ်၏ တိုက်ကွက်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ချောချောလူရွယ်က ရုတ်ခြည်းပင် သိုင်းဟန်ပြောင်းကာ ခုန်ကွက်ပြုလျက် ရုပ်ကြမ်းကြမ်းလူရွယ်၏ တိုက်စစ်ကွက်ကို ကာကွယ် အားဖြည့်ပေးသည်။

လိုင်ယုဝန်လည်း ရုပ်ကြမ်းကြမ်းလူရွယ်၏ တိုက်ကွက်များကို လှည့်ကာပတ်ကာ ခုခံတိုက်ဖျက်ရပြန်သည်။ ထိုအချိန်တွင် ရုပ်ဆိုးဆိုးလူရွယ်က လိုင်ယုဝန်ကို လှမ်းဖက် ဆွဲငင်လာသည်။

သိုင်းဟန်ပါသော်လည်း သိုင်းကွက်သဘောမျိုး မဟုတ်သည့် ထိုလုပ်ဆောင်မှုကြောင့် လိုင်ယုဝန် ဒေါသထွက်ရသည်။ မိမိကို ရှက်ကြောက်စိတ်လှုပ်ရှားကာ ဟာကွက်များ ပေါ်လာအောင် ဖန်တီးခြင်းဖြစ်သည်ဟုလည်း တွက်မိသည်။

လိုင်ယုဝန်သည် ရုပ်ဆိုးဆိုးလူရွယ်၏ အဖက်အဆွဲမခံရအောင် လိပ်ပြာပျံကိုယ်ဖော့ပညာသုံးလျက် လှုပ်ရှားရှောင်ထွက်သည်။ ကျန်လူရွယ်နှစ်ယောက်က လိုင်ယုဝန် စိတ်ကြိုက် မလှုပ်ရှားနိုင်အောင် ပိတ်ဆို့တားဆီးကွက်များ ဝင်လုပ်ကြသည်။

လိပ်ပြာပျံ ကိုယ်ဖော့ပညာ၏ လျင်မြန်သွက်လက်သောအစွမ်းကြောင့် လိုင်ယုဝန်သည် လူရွယ်သုံးယောက်၏ ဝိုင်းဝန်းညှပ်ပိတ် တိုက်ခိုက်နေမှုမှ ထိုးဖောက်ထွက်လာနိုင်ခဲ့သည်။

'ရှီ ... ရှီ'



ရုပ်ချောချောလူငယ်က အချက်ပေးသံတစ်မျိုး ပြုသည်။ ရုပ်ကြမ်းကြမ်းလူရွယ်သည် ကြိုးရှည်တစ်ချောင်းကို ထုတ်ဆန့်ကာ လိုင်ယုဝန်ကို လှမ်းရိုက်သည်။

ကျာပွတ်ရှည်နှင့် လှမ်းရိုက်သည့် အကွက်မျိုးဖြစ်သလို ကြိုးလှမ်းပစ်သည့်ဟန်မျိုးလည်း ဖြစ်သည်။

'ဖဝစ် ဖဝစ် ဖဝစ်"

ရုပ်ဆိုးဆိုးလူရွယ်ကလည်း လက်နက်ပုန်းသုံးခုဖြင့် လှမ်းပစ်တိုက်ခိုက်ပြန်သည်။ ကြိုးရှည်ဖြင့် လှမ်းရိုက်သည်ကို လိုင်ယုဝန် အသာ ပတ်ရှောင်နိုင်သည်။

လက်နက်ပုန်းသုံးခုလုံးကိုလည်း လွတ်အောင် ရှောင်နိုင်သည်။ သို့သော် လူရွယ်သုံးယောက် တြိဂံပုံစံဖြင့် ဝိုင်းဝန်းလာမှုခွင်ထဲသို့တော့ ပြန်၍ ရောက်သွားသည်။

'ဗိုး'

ရုပ်ကြမ်းကြမ်းလူရွယ်က လိုင်ယုဝန်ကို ကြိုးရှည်ဖြင့် လှမ်းပစ်လိုက်သည်။ လိုင်ယုဝန်က မြွေပျံတစ်ကောင်လို တန်းဝင်လာသော ကြိုးရှည်ကို အလွယ်ပင် လွတ်အောင်ရှောင်လိုက်သည်။

ထိုသို့ ရှောင်လိုက်နိုင်ပြီးမှ မိမိသည် တစ်ဖက်လူများ၏ တိုက်ကွက်ပရိယာယ်ထဲသို့ တိုးဝင်မိသွားပြီဟု တွေးမိသည်။ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်းလူရွယ်က လိုင်ယုဝန်ကို ကြိုးရှည်ဖြင့် ထိအောင် လှမ်းပစ်လိုက်ခြင်း မဟုတ်ပါ။

လိုင်ယုဝန်ကို တိုက်ခိုက်သလိုလိုနှင့် ရုပ်ဆိုးဆိုးလူရွယ်ထံသို့ ကြိုးရှည်၏ တစ်ဖက်အစွန်းကို လှမ်းပစ်ပေးလိုက်ခြင်းဖြစ်သည်။ လိုင်ယုဝန် ကိုယ်အသာကိုင်းတိမ်း၍ ရှောင်လိုက်ချိန်တွင် ကြိုးရှည် တစ်ဖက်စွန်းက ရုပ်ဆိုးဆိုးလူရွယ်ရှိရာသို့ ရောက်သည်။

ရုပ်ဆိုးဆိုးလူရွယ်က ကြိုးရှည်အစကို ညာလက်ဖြင့် မိမိရရ ဆုပ်ဖမ်းလိုက်သည်နှင့် နှစ်ယောက်ပြိုင်တူ ပြေးလွှားလှုပ်ရှားသည်။ တန်း၍သွားသော ကြိုးရှည်သည် လိုင်ယုဝန်၏ ခါးနားကို ဖြတ်ကာ ထိမိလာသည်။ လိုင်ယုဝန်ကို ကြိုးရှည်ဖြင့် ဝိုင်းပတ်လာခြင်းမျိုး ဖြစ်သည်။

လိုင်ယုဝန်လည်း ကြိုးစားကာ ရှောင်ထွက်သည်။ ထိုသို့ ရှောင်အထွက်မှာပင် ရုပ်ချောချောလူရွယ်ရှိရာဘက်သို့ ဦးတည် ထွက်မိသည်။ ရုပ်ချောချောလူရွယ်ကလည်း လှစ်ခနဲ ရှေ့တိုးလာကာ နှစ်ယောက်သား ချက်ချင်းပင် ရင်ဆိုင်မိသည်။

ရုပ်ချောချောလူရွယ်၏ ညာလက်လှုပ်ရှားသည်။ လက်နက် ပုန်းတစ်ခုနှင့် အနီးကပ်ပစ်လွှတ် တိုက်ခိုက်လာသည်။ လိုင်ယုဝန် ကပ်ကာရှောင်နိုင်သည်။



သို့သော် ထိုလက်နက်ပုန်း အနီးကပ်ပစ်လွှတ်မှုက အ ယောင်ပြလှည့်ကွက်ဖြစ်နေသည်။ လက်နက်ပုန်းပစ်လွှတ်လိုက်ချိန် မှာပင် ရုပ်ချောချောလူရွယ်က ဘယ်လက်ဖြင့် လိုင်ယုဝန်၏ အင်္ကျီစ ကို လှမ်းဆုပ်ကိုင်ဆွဲသည်။

လက်နက်ပုန်းကို အာရုံစိုက်ကာ ရှောင်တိမ်းသော လိုင်ယု ဝန်က ဘယ်လက်ဖြင့် လိုင်ယုဝန်၏အင်္ကျီစကို လှမ်းဆုပ်ကိုင်ဆွဲ သည်။

လက်နက်ပုန်းကိုအာရုံစိုက်ကာ ရှောင်တိမ်းသော လိုင်ယု ဝန် အငိုက်မိခံလိုက်ရသည်။ အင်္ကျီစ ညာဘက်ပခုံးသား ဆုပ်ဖမ်းမိ သွားသည်။

ရုပ်ချောချောလူရွယ်သည် ဆုပ်ဖမ်းမိသောအင်္ကျီစကို ခပ် ကြမ်းကြမ်း ဆွဲဆုတ်ဖြဲပစ်လိုက်သည်။

'ဖြဲ'

လိုင်ယုဝန်ဝတ်ထားသော အင်္ကျီညာဘက်ပခုံးသားများ စုတ်ပြဲထွက်သည်။ လိုင်ယုဝန်က ရုပ်ချောချောလူရွယ်၏ပါးကို ညာ လက်ဖြင့် ဖြတ်ရိုက်သည်။

သိုင်းဟန်လှုပ်ရှားမှုတော့ မဟုတ်ပါ။ နှုတ်ကြောက်ဒေါသ ထွက်သွားသော မိန်းမပျိုတစ်ယောက်၏ ရိုက်ချက်သက်သ

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သိုင်းကွက်လှုပ်ရှားမှုဆိုလျှင် လူရွယ်သုံးယောက်၏ ပူးပေါင်းသိုင်းကွက်ခွင်မိကာ ဝိုင်းဝန်းညှပ်ပိတ်တိုက်ခိုက်နေမှုအရှိန်ဖြင့် လိုင်ယုဝန်၏ရိုက်ချက်သည် အထိန်းအချုပ်ခံရလျက် ထက်မြက်သင့်သလောက် ထက်မြက်မည်မဟုတ်ပါ။

သိုင်းဟန်မပါသော သာမန်ရိုက်ချက်သက်သက် ဖြစ်သည့်အတွက် ရုပ်ချောချောလူရွယ်၏ ဘယ်ဘက်ပါးကို ကျကျနန ရိုက်မိသည်။

'ဖြန်း'

မိန်းမပျိုတစ်ယောက် ပါးရိုက်တာခံရသည့် ယောကျ်ားပျိုတစ်ယောက်၏ ရှက်ကြောက်စိတ် လှုပ်ရှားတုန်လှုပ်မှုမျိုး ရုပ်ချောချောလူရွယ် ခံစားရသည်။

ထိုအခါ သုံးယောက်ပူးပေါင်းတိုက်ကွက်တွင် ပါဝင်နေသောသူ၏လှုပ်ရှားဟန်များ အံချော်ကုန်သည်။ လစ်ကွက်ဟာကွက်တွေအများအပြားပေါ်သည်။

လိုင်ယုဝန်ကသာ ထိုလစ်ကွက်ဟာကွက်များကို ကောင်းကောင်း အသုံးချကာ ဆက်၍ဖိတိုက်လျှင် ရုပ်ချောချောလူရွယ်မှာ ကောင်းကောင်းခံရဖို့သာရှိသည်။

သို့သော် လိုင်ယုဝန်သည် ရှက်ကြောက်ဒေါသထွက်သော



မိန်းမပျိုတစ်ယောက်၏ စိတ်အခြေအနေတွင်ရှိနေကာ သိုင်းဟန်လှုပ်ရှားမှုများကို ချက်ချင်းမလုပ်နိုင်။

မိမိ၏လက်ဝါးနှင့် ယောကျ်ားပျိုတစ်ယောက်၏ပါး ထိရိုက်သွားမှုအတွက် မိန်းမပျိုတစ်ယောက် ခံစားရသည့် စိတ်လှုပ်ရှားမှုမျိုးလည်း ခံစားနေရသည်။

ကြိုးရှည်ကို တစ်ဖက်စီကိုင်ထားကြသော လူရွယ်နှစ်ယောက်သည် ရုပ်ချောချောလူရွယ် အခြေမပျက်သည်ကို မြင်သည်တွင် သိုင်းဟန်ကိုပြောင်းကာ ဝိုင်းကူညှပ်ပိတ်တိုက်ကွက်ကို ရုတ်တရက်ဆင်သည်။

နှစ်ယောက်သား ဝိုက်ကာပြေးလျက် လိုင်ယုဝန်ကို ကြိုးရှည်ဖြင့် ရစ်ပတ်သည်။ ကြိုးရှည်ကို တုပ်၍ဆွဲလိုက်ကြရာ လိုင်ယုဝန်မှာ ချုပ်ဖမ်းခံလိုက်ရသည့် အနေအထားမျိုးသို့ ရောက်သွားသည်။

"မြန်မြန်ဝင်လေ"

ရုပ်ကြမ်းကြမ်းလူရွယ်က လှမ်းအော်သတိပေးသည်။ သိုင်းကွက်သိုင်းဟန် ပျက်သွားသော ရုပ်ချောချောလူရွယ်လည်း သတိပြန်ဝင်လာကာ ကိုယ်ဟန်ကိုပြန်ထိန်းပြီး လိုင်ယုဝန်ရှိရာသို့ ပြေးဝင်လာသည်။

ကျန်နှစ်ယောက်က ကြိုးရှည်ကို ဆွဲဆန့်ကိုင်ထိန်းပေးထား

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ခါးတွင် ကြိုးရှည်ဖြင့် တစ်ပတ်ရစ်ပတ်မိခံထားရသော လိုင်ယုဝန်မှာ ရှေ့တိုးနောက်ဆုတ်ပင် မလှုပ်ရှားနိုင်တော့။

ပြေးဝင်လာသော ရုပ်ချောချောလူရွယ်က လိုင်ယုဝန်၏ အကျီရင်ဘတ်ကို ဆုတ်ဖြဲပစ်ဖို့ လက်လှမ်းလာသည်။ လိုင်ယုဝန် အကြီးအကျယ် ရှက်သွားသည်။ အရမ်းလည်း ဒေါသထွက်သည်။

✸



လိုင်ယုဝန်ကို လိုက်ရှာဖွေကြသည့် အဖွဲ့များတွင် ယိုက်ကူး ချိန်နှင့် ထိုက်ကူးသောက်တို့ ညီအစ်ကို ပါဝင်သောအဖွဲ့သည် အလှုပ်ရှားဆုံး အတက်ကြွဆုံးဖြစ်သည်။

မြို့တွင်းမြို့ပြင် နေရာအနှံ့ကို အထပ်ထပ်ပင် ရှာကြဖွေကြသည်။ သူတို့အဖွဲ့ကိုပင် ထပ်မံ၍ လူစုထပ်ခွဲကာ အဝေးသို့ အချို့က သွားရှာလျက် အချို့က မြို့တွင်းမြို့ပြင် နေရာများတွင် လိုက်ရှာကြသည်။

ထိုသို့ ထပ်မံလူစုခွဲကြ ရှာကြရင်းနှင့် ထိုက်ကူးချိန်၊ ထိုက်ကူး သောက်နှင့် လိုင်ယိတင်တို့ သုံးယောက်အစုလေး ဖြစ်၍လာသည်။ သုံးယောက်လုံး ကိုယ်ဖော့ပညာ ကောင်းပြီး စိတ်အားထက်သန်မှုလည်း ရှိနေရာ လျင်မြန်စွာ ပြေးလွှားလှုပ်ရှားလျက် အားကြိုးမာန်တက် ရှာကြဖွေကြ ခြေရာကောက်ကြသည်။

ရှာဖွေစူးစမ်းပြီးသည့်နေရာများကိုပင် တစ်ကျော့ပြန်၍ ကြည့်ရှုခြေရာကောက်ကြလေရာ မြို့ပြင်တစ်နေရာတွင် လိုင်ယုဝန် ချထားခဲ့သော လှို့ဝှက်လမ်းပြ သင်္ကေတကို လိုင်ယိတင်က တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။

"ဟော ... တွေ့ပြီ တွေ့ပြီ"

လိုင်ယိတင်က အားရဝမ်းသာ ပြောသည်။

"ဘာတွေ့တာလဲ ဘာတွေ့တာလဲ"

ထိုက်ကူးသောက်က အလောတကြီးမေးသည်။

"ဟိုမှာလေ ဟိုမှာ"

လိုင်ယိတင်က လိုင်ယုဝန်လုပ်ထားခဲ့သည့်လမ်းညွှန်သင်္ကေတကို ညွှန်ပြသည်။

ဓားသုံးလက်ဂေဟာမိသားစု၏ လျှို့ဝှက်လမ်းညွှန်သင်္ကေတကို ထိုက်မျိုးနွယ်ညီနောင်တို့ ဘာမှန်းညာမှန်း နားမလည်ကြပါ။ ဘာကိုပြသည်ပင် မသိနိုင်ကြ။

"ဘာလဲ ... ဘာတွေ့လို့လဲ"

ထိုက်ကူးချိန်က ဇဝေဇဝါနှင့် ပြန်မေးသည်။

"ယုဝန်ထားခဲ့တဲ့ လမ်းညွှန်ကိုတွေ့တာ"

"ဒါဆို ဘာစောင့်နေတာလဲ၊ အဲဒီလမ်းညွှန်အတိုင်း လိုက်ပါတော့လား"

ထိုက်ကူးချိန်က ဝင်ပြောသည်။ ထိုက်ကူးသောက်နှင့် အချီအချ စကားတွေပြောကာ အချိန်ဖြုန်းသလိုဖြစ်နေကြောင်း တွေးမိ



သွားသော လိုင်ယိတင်လည်း ဘာမျှပြောမနေ ပြမနေတော့။

လိုင်ယုဝန် လုပ်ထားခဲ့သော လမ်းညွှန်အတိုင်းသာ အမြန်ခြေရာကောက်၍ ခပ်သုတ်သုတ်လိုက်သွားလေတော့သည်။ ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ နှစ်ယောက်လည်း လိုင်ယိတင် ရှေ့ဆောင်ရာနောက်မှ လိုက်လာခဲ့ကြလေသည်။

ဘာပဲပြောပြော ခြေရာကောက်နိုင်ခဲ့ပြီမို့ သူတို့နှစ်ယောက် အတော်ကို အားတက်လာကြသည်။ ဤသို့ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်မှာ လူရွယ်သုံးယောက်၏ ဝိုင်းပိတ်ချုပ်ဖမ်းထား မှုခွင်ထဲ တိုးဝင်ရောက်နေရာ အရှက်တကွဲ ဖြစ်ရတော့မည့် အခြေ ဆိုက်နေသည်။

ခါးတွင် ကြိုးရစ်ပတ်တုပ်ဖွဲ့ခံထားရမှုကြောင့် ရှေ့တိုး နောက်ဆုတ်ပင် မလုပ်နိုင်ဘဲ ရှိနေသော လိုင်ယုဝန်၏ရှေ့ကို ရုပ် ချောချော လူရွယ် ရောက်လာသည်။

အောင်ပွဲဆင် အနိုင်ယူတော့မည်မို့ ထိုလူရွယ်၏မျက်နှာ ပြုံးဖြီးဖြီးဖြစ်နေသည်။ အနီးသို့ ကပ်မိသည်နှင့် ရုပ်ချောချောလူရွယ် သည် ညာလက်ကို ဆန့်တန်း၍ လိုင်ယုဝန်၏ အင်္ကျီရင်ဘတ်ကို လှမ်း ဆုတ်ဖြဲလိုက်သည်။

သို့ရာတွင် သူ၏လက်ချောင်းများက အင်္ကျီရင်ဘတ်ကို ထိ လုထိခင် အချိန်မှာပင် သူတို့နှစ်ယောက်အနီးသို့ လူတစ်ယောက် ရိပ်ခနဲ ရောက်လာသည်။

ရောက်လာသည်က မြန်လှသည်။

လိုင်ယုဝန်ရော ရုပ်ချောချောလူငယ်ပါ ရုတ်တရက် ရောက်



လာသူ မည်သူမည်ဝါဟု ချက်ချင်းမသိ။

ကောင်းကောင်းလည်း မမြင်။ ရိုးတိုးရိပ်တိပ် လှုပ်ရှားဟန် ကိုသာ မပီဝိုးတဝါး မြင်မိလိုက်ရသည်။ ရုပ်ချောချောလူရွယ်က လည်း မခေပါ။

သွက်လက်ချက်ချာသည်။ လူရိပ်ပုံသဏ္ဌာန် လှုပ်ရှားမှုကို ရိုးတိုးရိပ်တိတ်မျှ မြင်လိုက်သည်နှင့်ပင် နှောင့်ယှက်မည့်သူ ပေါ်လာ ပြီကိုသိသည်။

မိမိတို့အပိုင်ကိုင်မိထားသောအကွက် ပျက်ပြားနိုင်ကြောင်း လည်း သဘောပေါက်သည်။ ရုပ်ချောချောလူရွယ်သည် ဘယ်လက် ကို ဘေးသို့ဝိုက်ကာ ဘယ်လက်ဝါး ရိုက်ချက်တစ်ချက် ရိုက်ထုတ် သည်။ ပြေးဝင်လာသူကို ဟန့်တားခြင်းဖြစ်သည်။

ဘယ်လက်ဝါးရိုက်ထုတ်ပြီးနောက် လိုင်ယုဝန်၏ အင်္ကျီ ရင်ဘတ်ကို ညာလက်ဖြင့် လှမ်း၍ ကုတ်ဆွဲသည်။ ဟန့်ကွက်ဆင်ရင်း မူလရည်ရွယ်ချက်ကိုလည်း ပြည့်အောင် လုပ်လိုက်ခြင်းဖြစ်သည်။

သူ၏ ဘယ်လက်ဝါးရိုက်ချက်သည် လေကိုသာ ရိုက်မိ သည်။ ထို့ပြင် လိုင်ယုဝန်မှာလည်း နောက်သို့ ရွှေ့လျားဆုတ်သွား သည်။

သူ၏ ညာလက်ချောင်းများကလည်း လိုင်ယုဝန်၏ အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကို ဆုပ်ကိုင်ဆွဲမိခြင်းမရှိ။

'ဖြောင်း'

ဘယ်နံစောင်းတွင် တိုက်ချက်တစ်ချက် ပြင်းစွာထိမိသည်။ ဘယ်လိုတိုက်ကွက်မျိုးဖြစ်သည်ကိုပင် ရုပ်ချောချော လူရွယ်အနေဖြင့် ခွဲခြားမသိနိုင်။

"အား"

တစ်ချက်သာအော်နိုင်ကာ လူမှာလည်း တစ်ပတ်လည်ထွက်လျက် ဗိုင်းခနဲလဲကျသည်။ ပြေးဝင်လာသူသည် ကြိုးရှည်ကိုဖြတ်တောက်ပစ်ကာ လိုင်ယုဝန်ကို နောက်သို့ အချိန်မီ ဆွဲယူရင်း ရုပ်ချောချောလူ၏ ဘယ်နံစောင်းကို ညာခြေဖြင့် ပြင်းထန်စွာ ဖြတ်ကန်ထည့်လိုက်ခြင်း ဖြစ်သည်။

ကြိုးရှည်ကို တစ်ဖက်စွန်းစီမှ ကိုင်ကာ တုပ်ဆွဲထားကြသော လူရွယ်နှစ်ယောက်မှာလည်း ကြိုးရှည် ရုတ်တရက် ပြတ်တောက်သွားသောကြောင့် မိမိတို့ အားအရှိန်ကို မိမိတို့ မထိန်းနိုင်ကြတော့။ ဟန်ချက်ပျက်ကာ ဒယီးဒယိုင်နှင့် လဲကျလုလု ဖြစ်ကုန်ကြသည်။

'ဗြိုး'

ဓားတိုတစ်လက်သည် လေကိုခွင်းကာ အရှိန်အဟုန်ပြင်းစွာ



နှင့် ရုပ်ကြမ်းကြမ်း လူရွယ်ရှိရာသို့ ဝင်လာသည်။

ဒယီးဒယိုင်ဖြစ်လျက် မိမိကိုယ်မိမိ လဲပြိုကျမသွားရအောင် မနည်းကြီး ထိန်းနေရလေသော ရုပ်ကြမ်းကြမ်းလူရွယ်မှာ အရှိန်ပြင်းစွာ တန်းဝင်လာသော ဓားတိုကို ခုခံရှောင်တိမ်းနိုင်စွမ်းမရှိတော့။

'စွပ်'

ဓားတိုက ချက်ကောင်းနေရာကို ကျကျနန ထိုးစိုက်မိသည်။

"အွတ်"

ရုပ်ကြမ်းကြမ်းလူရွယ်မှာ ညည်းသံတစ်ချက်သာ ပြုနိုင်လျက် မြေကြီးပေါ် ခွေလျက်သား လဲကျသွားလေတော့သည်။ ကျန်နေသော ရုပ်ဆိုးဆိုးလူရွယ်မှာ မိမိအဖော်နှစ်ယောက် မရှုမလှ အရေးရှုံးနိမ့်သွားရမှုကြောင့် သွေးပျက်သလိုဖြစ်လျက် ဆက်လက်တိုက်ခိုက်လိုစိတ် မရှိတော့ဘဲ ကြောက်လန့်တကြား ထွက်ပြေးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယုဝန်တစ်ယောက် နှင်းတောင်ဝံပုလွေဂိုဏ်းသား လူရွယ် သုံးယောက်လက်ထဲတွင် အရုက်တကွဲ ဖြစ်ရတော့မည်ကို ရုတ်တရက် ဝင်ရောက်ကယ်တင်လိုက်သူမှာ ဟန်ချက်တင်ဖြစ်သည်။

ဟန်ချက်တင်သည် ဓားဒဏ်ရာရလျက် ကျန်နေခဲ့ရာမှ အားတင်းကာ လှျောက်ရင်း လိုင်ယုဝန်၏နောက်မှ လိုက်လာခဲ့သည်။

လိုင်ယုဝန်သည် မိမိကိုလိုက်လံရှာဖွေသူများ အလွယ်ခြေရာကောက်နိုင်ရန် ခြေရာလက်ရာများ ကျန်ခဲ့အောင် တမင်ပင် လုပ်ခဲ့ရာ ဟန်ချက်တင်အနေဖြင့် ဘာမျှအခက်အခဲမရှိဘဲ ခြေရာခံနိုင်ခဲ့သည်။

ဒဏ်ရာအရှိန်ကြောင့် ခြေလှမ်းတော့ သိပ်မြန်မြန်သွက်သွက် မလှမ်းနိုင်။

လိုင်ယုဝန်ကို လိုက်မီသွားကာ အကျဉ်းအကျပ် အခြေအနေ ရင်ဆိုင်နေရသည်ကိုတွေ့သောအခါ ဟန်ချက်တင်သည် မိမိဒဏ်ရာရထားသည်ကိုပင် မေ့လျက် အတင်းဝင်တိုက်ခိုက် ကယ်တင်ခဲ့သည်။



လိုင်ယုဝန်အပေါ် ထိခိုက်အောင်လုပ်ရန် ကြံနေကြသည့် နှင်းတောင်ဝံပုလွေဂိုဏ်းသားများအပေါ် ဒေါသအကြီးအကျယ်ထွက်ကာ အတော်လည်း ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ခဲ့သည်။

စိတ်လောကြီးနေမှုကြောင့် ရှိသမျှ စွမ်းအားတွေကို အကုန်ထုတ်သုံးသည်။

ရုတ်တရက် ရောက်လာပြီး အတင်းတရကြမ်း တိုက်ခိုက်ခဲ့မှုအောက်တွင် နှင်းတောင်ဝံပုလွေဂိုဏ်းသား လူရွယ်နှစ်ယောက်မရှုမလှ အရေးနိမ့်လျက် တစ်ယောက်ကတော့ ထွက်ပြေးသွားနိုင်ခဲ့သည်။

ဟန်ချက်တင်မှာလည်း ရှိသမျှအားတွေ အကုန်ထုတ်သုံးလိုက်ရသည့်အတွက် ရထားသော ဓားဒဏ်ရာ ပိုဆိုးသည့်အပြင် အတွင်းဒဏ်ပါရလျက် ရုပ်ဆိုးဆိုးလူရွယ် ထွက်ပြေးသွားချိန်မှာပင် သွေးများအန်ကာ ယိမ်းယိုင်လဲကျသည်။

လိုင်ယုဝန်မှာ ရုတ်တရက် ဆက်တိုက်ဖြစ်သွားသော ဖြစ်ရပ်များကြောင့် အံ့အားလည်းသင့် စိတ်လည်းလှုပ်ရှားဖြစ်ရသည်။

ဝင်ကယ်သူ မည်သူမည်ဝါဟုပင် မသိနိုင်ဘဲ ရှိသည်။

တိုက်ခိုက်မှုများ အဆုံးသတ်သွားတော့မှ ဝင်ကယ်သူမှာ ဟန်ချက်တင်ဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ချက်တင် ချက်တင်"

ပါးစပ်မှ ခေါ်မိသည်။

ယိမ်းယိုင်လဲကျသွားသော ဟန်ချက်တင်ကို ကမန်းကတန်းပင် ပြေး၍ဖေးမပွေ့ထူသည်။

ပါးစပ်မှ သွေးစ သွေးနများကို ယုယုယယ သုတ်ပေးသည်။

လိုင်ယုဝန်၏ အကြင်အနာနှင့် အပြုအစုလေးများက ဟန်ချက်တင်အတွက် အစွမ်းထက်လှသော အားဆေးဖြစ်သည်။ အတွင်းဒဏ်ဖြင့် ရီဝေနေသောခေါင်းပင် ကြည်လင်လာသည်။ မောပန်းသမျှလည်း ပျောက်သလိုဖြစ်သည်။

"နင် ဘာဖြစ်သွားသေးလဲဟင် ဘာဖြစ်သေးလဲ"

လိုင်ယုဝန်က စိုးရိမ်ဟန်ဖြင့်လည်း မေးသည်။

"ဘာမှ မဖြစ်ပါဘူးဟာ"

ဟန်ချက်တင်က လိုင်ယုဝန်၏မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ရင်း ပြန်ဖြေသည်။

"နင်ဟာလေ တကယ်ပဲ"

လိုင်ယုဝန်က ဟန်ချက်တင်၏နဖူးကို ညာလက်ညှိုးလေးနှင့် အသာတို့ထောက်ကာ ကတုန်ကယင် ပြောမိသည်။

ဒဏ်ရာအနာတရ ဖြစ်နေသည့်ကြားမှ မိမိကို စွန့်စား တိုက်



ခိုက် ကယ်တင်ပြီး အတွင်းဒဏ်ရာပင် ရသွားမှုကြောင့် ဟန်ချက်တင်အပေါ် ရှိရင်းစွဲ ငယ်သူငယ်ချင်း ခင်မင်စိတ်တွေ နိုးကြွလာလျက် အထူးကျေးဇူးတင် အားကိုးစိတ်လည်း ထပ်ဆောင်းလာကာ မိန်းကလေးများ၏ သဘာဝအတိုင်း ပြုမူလိုက်ခြင်းဖြစ်သည်။

ဟန်ချက်တင် အရမ်းကြည်နူးသွားသည်။

ထိုကြည်နူးစိတ်နှင့်ပင် ဟန်ချက်တင်သည် လိုင်ယုဝန်ကို နမ်းလိုက်မိသည်။

လိုင်ယုဝန်က ဖေးမ ပွေ့ထားကာ နှစ်ယောက်သား နီးနီးကပ်ကပ်ရှိနေရာ နမ်းရတာ ဘာမျှမခက်။

"အို"

အနမ်းခံလိုက်ရမှုကြောင့် လိုင်ယုဝန် ဒိတ်ခနဲ ရင်ဖိုကာ ပွေ့ထားသော ဟန်ချက်တင်ကို တွန်းဖယ်ကာ ဆတ်ခနဲ ထရပ်၍ ပြေးထွက်သွားသည်။

"ယုဝန် မပြေးနဲ့လေ ... ပြန်လာခဲ့"

ဟန်ချက်တင် လှမ်းအော်ပြောကာ လဲကျနေရာမှ ထ၍ လိုင်ယုဝန်နောက် အတင်းပြေးလိုက်သည်။

ရင်ဘတ်တွင်အောင့်ကာ အသက်ရှူမဝသလို ဖြစ်သည်ကိုလည်း အရေးမစိုက်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဟင့်အင်း ဟင့်အင်း"

လိုင်ယုဝန်သည် ပါးစပ်မှ ရေရွတ်ပြောကာ အတင်းပြေးသည်။ ထိုအချိန်မှာပင် ...

✹



ကောက်မိထားသော ခြေရာလမ်းကြောင်းအတိုင်း အမြန်လိုက်လာကြသော ထိုက်ကူးချိန်တို့လူစုက ထွက်ပြေးလာသော လိုင်ယုဝန်ကို လှမ်းမြင်သည်။

နောက်မှပြေးလိုက်လာသော ဟန်ချက်တင်ကိုလည်း တွေ့သည်။ ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့၏ အော်သံများကိုလည်း ကြားကြသည်။

မြင်ရ တွေ့ရ ကြားရသမျှတို့ကို အခြေခံ၍ လိုင်ယုဝန် အလွတ်ရုန်းထွက်ပြေးသည်ကို ဟန်ချက်တင်က အတင်းလိုက်ဖမ်းနေခြင်း ဖြစ်သည်ဟု ထင်မိကြသည်။

ထို့ပြင် လိုင်ယုဝန်၏ အဝတ်အစားများ စုတ်ပြတ်ကာ ဖရိဖရဲ ဖြစ်နေမှုကလည်း တစ်မျိုးတစ်မည် ထပ်ထင်စရာဖြစ်သည်။

"ယုဝန် ... တို့လာပြီ၊ မကြောက်နဲ့"

လိုင်ယိတင်က ပြေးသွားရင်း အော်ပြောသည်။

"ဟန်ချက်တင် ... ရပ်လိုက်၊ လူယုတ်မာ"

ထိုက်ကူးသောက်က လှမ်းအော်သည်။ ထိုက်ကူးချိန်က

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမျှမပြော။ အမြန်ဆုံးသာ ပြေးသည်။ အားကုန်ပြေးသော ထိုက်ကူးချိန်သည် လိုင်ယိတင်နှင့် ထိုက်ကူးသောက်တို့ထက် ရှေ့သို့ ကျော်ရောက်သည်။

လိုင်ယုဝန်နှင့် အရင်ဆုံးဆုံမိသည်။ လိုင်ယုဝန် အပြေးရပ်သည်။ ထိုက်ကူးချိန်က ပြေးဖက်မည်ပြုသည်။ လိုင်ယုဝန် အသာနောက်ဆုတ်သည့်အတွက် ကိုယ်ရှိန်သတ်သည်။

ဒဏ်ရာတို့ကို အရေးမစိုက်ဘဲ လိုင်ယုဝန်နောက်မှ အတင်းပြေးလိုက်လာသော ဟန်ချက်တင်လည်း အပြေးရပ်လိုက်သည်။ လိုင်ယုဝန်နှင့် ထိုက်ကူးချိန်တို့ ဆုံမိသွားသည်ကို တွေ့ရသည်တွင် အရာရာ အဆုံးသတ်သွားပြီဟု စိတ်ပျက်အားလျှော့သည်။

အားမာန်တင်းထားမှုတွေလည်း ဘယ်ကိုရောက်ကုန်သည် မသိတော့။ အသက်ရှူကျပ်လာသည်။ မျက်စိထဲ ပြာဝေလာသည်။

"အဲဒီလူမိုက်လေးကို ရှင်းပစ်လိုက်ပါတော့လား"

လိုင်ယိတင်က အော်ပြောသည်။ ထိုက်ကူးချိန် ဟန်ချက်တင် ရှိရာသို့ တိုးကပ်ဝင်သွားသည်။ လိုင်ယုဝန် ထိတ်ထိတ်ပျာပျာ ဖြစ်သည်။

"အစ်ကိုကြီး မလုပ်နဲ့"

လှမ်းအော်ဟန့်တားသည်။ စိတ်အပျက်ကြီးပျက် အား



အလျှော့ကြီး လျှော့သွားသော ဟန်ချက်တင်သည် မဟန်နိုင်တော့ဘဲ ခွေယိုင်လဲကျသည်။

အနားရောက်သွားသော ထိုက်ကူးချိန်က ဟန်ချက်တင်ကို လက်ဝါးနှင့် ရိုက်ချရန်အပြုတွင် လိုင်ယုဝန်၏ အလောတကြီး ဟန့်တားလိုက်သံကြောင့် တုံ့ဆိုင်းသလိုဖြစ်သည်။

"သူ့မှာ ဒဏ်ရာကြီးနဲ့ ... မလုပ်ပါနဲ့ အစ်ကိုကြီးရယ်"

လိုင်ယုဝန်က ထပ်မံဟန့်တား အသနားခံရင်း ဟန်ချက်တင် လဲကျရာသို့ ပြေးလာသည်။ ဖေးမပွေ့ထူသည်။ ဟန်ချက်တင် သတိလစ်နေသည်။

မျက်နှာလည်း သွေးဆုတ်ကာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ လိုင်ယုဝန် စိုးရိမ်စိတ်ပိုလာကာ အသက်ကယ်ဒဏ်ကြေဆေး တိုက်ရန် ဆေးထည့်ထားသော အစ်လေးကို နှိုက်ရှာသည်။

အကျႌအဝတ်အစားများ စုတ်ပြတ်ကုန်မှုကြောင့် အတွင်းအိတ်ထဲတွင် ထည့်ထားသောအစ်လေးလည်း ထွက်ကျပျောက်ခဲ့ပုံရသည်။

ရှာမရ။ လိုင်ယုဝန်၏ ပျာပျာသလဲနှင့် စိုးရိမ်တကြီး ဖြစ်နေပုံကြောင့် ထိုက်ကူးချိန်လည်း ရိုက်ချမည်ပြုထားသော လက်ဝါးကို ရုပ်သိမ်းကာ အသာနောက်ဆုတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

သက်ပြင်းတစ်ချက်လည်း ချသည်။ ထိုက်ကူးသောက်နှင့် လိုင်ယိတင်တို့လည်း အနားသို့ရောက်လာကြကာ အကဲခတ်သလို ရပ်ကြည့်နေကြသည်။

ဘယ်လိုတွေ ဖြစ်သည်ကိုတော့ ခန့်မှန်းရခက်လျက် ရှိကြသည်။

"မမယိတင် ... အသက်ကယ်ဒဏ်ကြေးဆေး ပေးပါ ... မြန်မြန်"

မိမိထံတွင် ဆောင်ထားသော အသက်ကယ်ဒဏ်ကြေဆေး ရှာမရသည့်အတွက် လိုင်ယုဝန်က ဝမ်းကွဲအစ်မထံမှ လှမ်းတောင်းသည်။

လိုင်ယုဝန်၏ စိုးရိမ်တကြီး ပျာပျာသလဲ ဖြစ်နေပုံကို ကျကျနန သိရှိတွေ့မြင်ရသည်တွင် လိုင်ယိတင်သည် အခြေအနေမှန်ကို အတန်အသင့် မှန်းဆမိသွားသည်။

"ရော့"

လိုင်ယိတင်က အသက်ကယ်ဒဏ်ကြေဆေးလုံး ထုတ်ပေးသည်။ လိုင်ယုဝန်သည် ဆေးလုံးကိုယူကာ ဟန်ချက်တင်၏ ပါးစပ်ထဲ အသာထည့်ကာတိုက်သည်။



ကြင်နာစွာ ဖေးမပွေ့ထူလျက် ဂရုတစိုက် တိုက်ကျွေးသည်ကို ကျန်လူသုံးယောက်လုံး တွေ့မြင်ကြရသည်။

"ချက်တင် ချက်တင် သတိရပါ ချက်တင်ရယ်၊ ချက်တင် ငါ့ခေါ်တာ ကြားရဲ့လား"

လိုင်ယုဝန်၏ခေါ်သံတို့မှာ စိုးရိမ်မှုအပြည့် ငိုသံပါကာ တုန်ရင်၍ပင်နေသည်။ လိုင်ယိတင်က ဟန်ချက်တင် ဘေးနားတွင် အသာဒူးထောက်ထိုင်သည်။

သွေးကြောများကို ဖိနှိပ်လျက် အရေးပေါ်ကုသမှုလုပ်ပေးသည်။ ခဏအကြာတွင် ဟန်ချက်တင် အသက်ရှူမှန်လာသည်။ မျက်နှာပေါ်တွင်လည်း သွေးရောင်လျှမ်းလာသည်။

"စိုးရိမ်စရာမရှိတော့ပါဘူး။ သူ ခဏနေရင် သတိပြန်ရလာမှာပါ၊ လာ ငါတို့သွားကြစို့"

"ဟာ ... မမကလည်း ချက်တင်ကို ဒီအတိုင်း တစ်ယောက်တည်း ထားခဲ့လို့ ဘယ်ဖြစ်မလဲ"

"ဒါဆိုလည်း နင်ပဲစောင့်ကြည့်ပေးနေလိုက်ပေါ့"

လိုင်ယုဝန်သည် အစ်မဝမ်းကွဲ၏စကားကို မကြားသလို ပြုနေလိုက်သည်။

"လိုင်ယိတင်ပါ စောင့်နေပေးလိုက်ပါ၊ ကျွန်တော်တို့တော့

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားကြမယ်၊ ယုဝန်ကို ရှာတွေ့ပြီလို့ သတင်းပြပေးရဦးမယ် မဟုတ်လား"

ထိုက်ကူးချိန်က ဝင်ပြောသည်။

"ဟုတ်တယ် အဲဒါကောင်းတယ်၊ ကျွန်မ ဘာမှမဖြစ်ဘူးဆိုတာလည်း သေသေချာချာ ပြောလိုက်ပါ၊ ကျွန်မကို အန္တရာယ်ပေးဖို့ ကြံကြတဲ့လူတွေကို ချက်တင်ကတိုက်ခိုက်ရင်း အတွင်းဒဏ်ရာ ရသွားတာ၊ သူ့ကို ကျွန်မ ဒီအတိုင်း မထားခဲ့နိုင်ဘူး"

လိုင်ယုဝန်က ဝင်ပြောသည်။ ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီအစ်ကိုလည်း ထိုနေရာမှ ထွက်လာခဲ့ကြသည်။

"ဘယ်လိုလဲ အစ်ကိုကြီး ... လိုင်ယုဝန်ရဲ့ စိတ်သဘောထားအမှန်က အခုကျမှ ပေါ်လာပြီ"

အတော်လှမ်းလှမ်းသို့ ရောက်သောအခါ ထိုက်ကူးသောက်က ပြောသည်။

"အေးပေါ့ကွာ ... ဒါလည်းကောင်းပါတယ်"

"အစ်ကိုကြီး ဘယ်လိုလုပ်မယ် စိတ်ကူးသလဲ"

"ဘာလုပ်စရာလိုလဲ ... သူတို့နှစ်ယောက်အတွက် ဂုဏ်ပြုဆုတောင်းပေးရုံပဲ ရှိတာပေါ့"

"ဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ၊ ကျွန်တော် အစ်ကို



ကြီး စိတ်ထိခိုက်ခံစားရမှာကို စိုးလို့ပြောတာပါ"

ထိုက်ကူးချိန်က ဘာမျှပြန်မပြော။ မရှိပြီးသော တစ်ချက်ပြုံးသည်။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ထိုက်ကူးချိန်တို့ညီနောင်၏ ဆက်သွယ်အကြောင်းကြားမှုကြောင့် ဓားသုံးလက်ဂေဟာရှင် လိုင်ဆစ်ကိန်းနှင့် မိုးမြေဓား စံအိမ်တော် သခင်ကြီးဟန်စွမ်းဟိုတို့ကိုယ်တိုင် ဟန်ချက်တင်တို့ ရှိရာသို့ ရောက်လာကြသည်။

လူကြီးများရောက်လာကြချိန်တွင် ဟန်ချက်တင်သည် သတိပြန်နေသည်။ သို့သော် အတွင်းဒဏ် ပိုပြင်းထန်လျက် အားအရမ်းနည်းနေသည်။

ထိုက်ကူးချိန်နိုတို့ထံမှ အရိပ်အမြွက်စကားများ ကြားခဲ့ရသည့်အတွက် အတွေ့အကြုံ ရင့်ကျက်နေသော လူကြီးများဖြစ်သည့်အတိုင်း အခြေအနေကို အကဲခတ်နားလည်သိရှိကြရာ အထွေအထူး မေးမြန်းစစ်ကြောမှု မလုပ်ကြပါ။

ဟန်ချက်တင်၏ဒဏ်ရာကို စူးစမ်းစစ်ဆေးကြည့်ပြီး အရေးပေါ် အတွင်းအားဖြည့်သွင်းကုသရန် လိုအပ်နေကြောင်း တွေ့ရ



သည့်အတွက် လိုင်ဆစ်ကိန်းနှင့်ဟန်စွမ်းဟိုတို့နှစ်ယောက်က တစ်ယောက်တစ်လှည့် အတွင်းအား ဖြည့်သွင်းကုသပေးကြသည်။

အနည်းငယ် သက်သာလာပြီး အသက်အန္တရာယ်မရှိနိုင်တော့ကြောင်း စိတ်ချလောက်တော့မှ ဟန်ချက်တင်ကို မြင်းလှည်းတစ်စီးပေါ်တင်လျက် စင်ရှီးမြို့သို့ ပြန်လာကြသည်။

ဟန်ချက်တင်ကို တင်ဆောင်သော မြင်းလှည်းကို လိုင်ယီတင်က မောင်းသည်။ မြင်းလှည်းပေါ်တွင် ဟန်ချက်တင်အနား၌ လိုင်ယုဝန်တစ်ယောက်တည်းသာ အနီးကပ်ပြုစု လုပ်ပေးရန် လိုက်ပါလာသည်။

လူကြီးနှစ်ယောက်က အလိုက်သိစွာပင် မြင်းကိုယ်စီ စီး၍ ရှေ့မှသွားနှင့်ကြသည်။ မြို့ကိုအပြန်လမ်းတွင် မြင်းလှည်းပေါ်၌ လိုင်ယုဝန်နှင့်ဟန်ချက်တင်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောဆိုနိုင်ခဲ့ကြသည်။

"ချက်တင် ... ဘယ်လိုနေသေးလဲ၊ နေရတာသက်သာရဲ့လား"

မြင်းလှည်းအိမ်ထဲတွင် ခင်းကျင်းထားသော အိပ်ရာထက်တွင် လဲလျောင်းလိုက်ပါလာသော ဟန်ချက်တင်၏ဘေးမှ ထိုင်လျက် အတူပါလာသည့် လိုင်ယုဝန်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သက်သာပါတယ်ဟ၊ ဘာမှမဖြစ်ဘူး"

ဟန်ချက်တင်က ပြန်ပြောသည်။

"နင် ငါ့ကို ကတိတစ်ခု ပေးရမယ် ... သိလား"

"ဘာကတိလဲ ... ပြောလေ"

"ဖွတ်တရွတ်နဲ့ ဟော့ဟော့ရမ်းရမ်း ဘယ်တော့မှ မလုပ်တော့ပါဘူးဆိုတဲ့ ကတိပဲ ... ပေးနိုင်လား"

"နင်ကသာ ငါ့ကို ပြန်ချစ်နိုင်မယ်ဆိုရင် ငါ ဘာမဆို ကတိပေးနိုင်တယ်"

လိုင်ယုဝန် မျက်နှာလေး ရဲခနဲဖြစ်သည်။ ခေါင်းလေးငုံ့သွားသည်။

"ပြောလေ ... ငါ့ကို ပြန်ချစ်တယ် မဟုတ်လား"

ဟန်ချက်တင်က မေးသည်။ လိုင်ယုဝန်၏ ဘယ်လက်ကိုလည်း ညာလက်နှင့် အသာဆုပ်ကိုင်သည်။ လိုင်ယုဝန် ဘာမျှ ပြန်မပြော၊ ခေါင်းပိုငုံ့သည်။ ဟန်ချက်တင် ဆုပ်ကိုင်ထားသော လက်ကိုတော့ ဆွဲမဖယ် ဆွဲမရုတ်။

"ငါ့ကို စိတ်ဆိုးနေလို့လား ယုဝန်"

လိုင်ယုဝန် ခေါင်းလေးခါပြသည်။

"စိတ်မဆိုးရင် ဘာကြောင့် စကားပြန်မပြောတာလဲ"



"ဘာပြောရမှာလဲ"

"ငါ့ကို ချစ်လားဆိုတာ ဖြေလေ"

"ဖြေစရာလိုသေးလို့လား ... အခုလောက်ဆို သိရောပေါ့"

"နင့်ပါးစပ်က ချစ်တယ်လို့ပြောတာကို ကြားချင်လို့ပါ ... ပြောလေ"

"ဟာ ... ပြောချင်ပါဘူး၊ ရှက်စရာကြီး၊ ကဲ ကဲ ... ငါပေးနိုင်းတဲ့ကတိ ပေးနိုင်မလား ... သေသေချာချာပြော"

"ငါပြောပြီးပါပကော ... နင်က ချစ်မယ်ဆိုရင် ငါ ဘာမဆို ကတိပေးနိုင်တယ်"

"ကောင်းပြီ ... ကတိပေး"

"အင်း ... ပေးတယ်၊ နောက် ဘယ်တော့မှ ဖွတ်တရွတ်နဲ့ ဟော့ဟော့ရမ်းရမ်း မလုပ်တော့ဘူး"

"ဒါဆို ပြီးပြီ"

"ဘာပြီးတာလဲ"

"ဒါတောင် မသိဘူးလား"

ထို့နောက် တခစ်ခစ်ရယ်သံလေးများ တိုးတိုးတိတ်တိတ် ထွက်ပေါ်လာသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ လူငယ်နှစ်ယောက် ချစ်ရည်မျှသွားကြသော်လည်း နှစ်ဖက်လူကြီးမိဘများက ဘာကိုမျှ အလော တကြီး မလုပ်သေးဘဲ အသာစောင့်ကြည့်နေကြသည်။

ဟန်ချက်တင်၏ ဖွတ်တရွတ်နှင့် ပေါ့ပေါ့ရမ်းရမ်း လုပ်ဆောင်သည့် အကျင့်စရိုက် တကယ်ပြင်ခြင်း ရှိမရှိ စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

ဒါကို လိုင်ယုဝန်က နားလည်သည်။ ထို့ကြောင့် လူကြီးများ ခပ်အေးအေးရှိနေသည်ကို ဘာမျှမပြော။ သူမကိုယ်တိုင်ကလည်း ဟန်ချက်တင်ကို ပေးထားသည့် ကတိအတိုင်း တည်မတည် အကဲခတ်ချင်သေးသည်။

ဟန်ချက်တင်ကတော့ လိုင်ယုဝန်နှင့် စေ့စပ်ကြောင်းလမ်းမှု အမြန်လုပ်ချင်နေသည်။ စေ့စပ်ကြောင်းလမ်းသည့် မင်္ဂလာအခမ်းအနား မလုပ်သည့်တိုင် စေ့စပ်ကြောင်းလမ်းရန် နှစ်ဖက်လူကြီးမိဘများ စကားပြောဆို သဘောတူညီမှုတော့ လုပ်ထားစေလိုသည်။

ထို့ပြင် ထိုက်ကူးချိန်တို့ညီနောင် ခေါ်သုံးလက်ဂေဟာတွင်



ဆက်လက်နေထိုင်နေခြင်းကိုလည်း သိပ်မကျေနပ်။ ခါတိုင်းလိုဆိုလျှင်တော့ ဟန်ချက်တင်က ဝုန်းဒိုင်းကြဲပစ်လိုက်ပေလိမ့်မည်။

သို့သော် လိုင်ယုဝန်ကိုပေးထားသော ကတိစကားရှိသည့် ဟန်ချက်တင်မှာ အစစ ဆင်ခြင်နေရသည်။ အရာရာကို ထိန်းသိမ်းနေရသည်။

ရက်အနည်းငယ်အကြာတွင် ဟန်ချက်တင်၏ ဒဏ်ရာများ ပျောက်ကင်းသည်။ ထိုအခါ လိုင်ဆစ်ကိန်းနှင့် လိုင်ယုဝန်တို့သည် ဟန်ချက်တင်၏ ဒဏ်ရာနှင့် ပတ်သက်၍ ပြောဆိုတိုင်ပင်ကြသည်။ စေ့စပ်ကြောင်းလမ်းရေးကိစ္စတော့ မဟုတ်။

အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ အဆင့်မြင့် အစွမ်းထက် သိုင်းပညာများ လေ့ကျင့်သင့်ယူရေးအစီအစဉ်နှင့် ပတ်သက်၍ တိုင်ပင်ကြခြင်းဖြစ်သည်။

လိုင်ယုဝန်က ဟန်ချက်တင်နှင့်အတူပူးတွဲကာ အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ အဆင့်မြင့် သိုင်းပညာများကို လေ့ကျင့်သင်ယူလိုသည့် သူမ၏ဆန္ဒကို ဖခင်အား ထုတ်ဖော်ပြောပြသည်။

"သမီးရဲ့ဆန္ဒအတိုင်း လုပ်လို့က ဖြစ်ပါတယ်၊ ဒါပေမဲ့ ထိုက်ကူးချိန်တို့ညီနောင်ကိုတော့ ဘေးဖယ်ထားလိုက်လို့ မဖြစ်ဘူး၊ သူတို့နဲ့အတူတူ ပူးပေါင်းပြီး လုပ်ဆောင်ခဲ့လို့ ဒီသိုင်းကျမ်းကို ရလာခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မမေ့နဲ့၊ တကယ်တော့ သမီးနဲ့ ထိုက်ကူးချိန်တို့နှစ်ယောက် အတူပူးတွဲလေ့ကျင့်သင့်တာ၊ သမီးကသာ သူနဲ့စေ့စပ်ကြောင်းလမ်းဖို့ သဘောတူလိုက်ရင် အားလုံး အဆင်ပြေသွားမှာ၊ အခုတော့"

လိုင်ဆစ်ကိန်းက စကားကို ဆုံးအောင်မပြော။ သို့ပေမယ့် ဘာကိုဆိုလိုကြောင်း လိုင်ယုဝန် ရိပ်မိသည်။

"အစ်ကိုကြီးကို သမီးခင်မင်ပါတယ်၊ ဒါပေမဲ့ စေ့စပ်ကြောင်းလမ်းဖို့အထိတော့ မရင်းနှီးပါဘူး၊ အစ်ကိုကြီးနဲ့အစ်ကိုလေးတို့ နှစ်ယောက်ကိုလည်း အတူတွဲပြီး လေ့ကျင့်စေလိုက်ပေါ့ မကောင်းဘူးလား"

"အတူပူးပေါင်း လေ့ကျင့်တာက ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်မှ ဖြစ်တာ၊ သူတို့ညီနောင် ဘယ်လိုလုပ် ပူးပေါင်း လေ့ကျင့်နိုင်မလဲ၊ ဒါ တစ်ယောက်ချင်းစီပဲ လေ့ကျင့်နိုင်မှာ၊ ဒါဆိုရင် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲက သိုင်းပညာစွမ်းရည်တွေ အားလုံးကို ဘယ်ရနိုင်မလဲ၊ ဖေဖေတို့ဘက်က အခွင့်အရေး ယူလွန်းရာ ကျသွားလိမ့်မယ်"

လိုင်ယုဝန်က အကြံကောင်းတစ်ခု ရုတ်တရက် စဉ်းစားမိသည်။

"အစ်ကိုကြီးနဲ့ မမယိတင်တို့နှစ်ယောက် အတူပေါင်းပြီး



လေ့ကျင့်စေရင်ကော၊ မမယိတင်ကလည်း သမီးတို့နဲ့အတူတူ လိုက်ပါခဲ့တာပဲ မဟုတ်လား၊ သူတို့ကို ဘေးဖယ်ထုတ်ထားသလို ဖြစ်နေတာကလည်း ပျောက်သွားမယ်"

"သမီးစိတ်ကူး အကောင်းသားပဲ"

"ဒါဆိုရင် ဒီအတိုင်း လုပ်ကြတာပေါ့"

"နေဦး ... တစ်ခုစဉ်းစားစရာ ရှိနေသေးတယ်"

"ဘာများလဲ ဖေဖေရဲ့"

"သမီးရထားတဲ့ ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးတွေလေ၊ ဒီဆေးလုံးတွေကို သမီးနဲ့အတူ ဘယ်သူ့ကို ဝေမျှပေးမလဲ"

"ချက်တင်ကို ပေးရင်ကော"

"အမှန်အတိုင်းပြောရရင် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းကို သွားယူတာမှာ ဟန်ချက်တင်က အပြင်လူသက်သက်လို ဖြစ်နေတယ်၊ သူ့ကို ဒီသိုင်းကျမ်းထဲက သိုင်းပညာတွေ သမီးနဲ့အတူ ပူးတွဲလေ့ကျင့်တာကတောင် အထူးအခွင့်အရေး ပေးသလို ဖြစ်နေတာ၊ ဆေးလုံးတွေပါ ပေးလိုက်ရင် သင့်လျော်ပါ့မလား"

လိုင်ယုဝန် တွေဝေသွားသည်။ လိုင်ဆစ်ကိန်းပြောသည်ကလည်း နည်းလမ်းကျနသည်။

"အစ်ကိုကြီးကို ပေးလိုက်မယ် ဖေဖေရာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလုပ်လို့ရော ဖြစ်နိုင်ပါ့မလား။ သမီးက ဟန်ချက်တင်နဲ့ အတူပူးတွဲ လေ့ကျင့်မှာ၊ ထိုက်ကူးချိန်က ယိတင်နဲ့ တွဲလေ့ကျင့်မှာ တကွဲတပြားစီ ဖြစ်ပြီး ဆေးအာနိသင်အစွမ်းအစ ရနိုင်ပါ့မလား"

"ဒါဆိုရင် အဲဒီဆေးလုံးတွေကို ဖယ်သိမ်းထားလိုက်ဦးမယ် ဖေဖေရာ"

"ဂမုန်းဖြူနက်ဆေးလုံးတွေ ရထားပြီး အသုံးမချဘဲ ပစ်ထားလိုက်တော့မလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ခဏ သိမ်းထားမှာပါ၊ အသုံးချလို့ ရမယ့်အခြေအနေ ပြောင်းလဲဖြစ်ပေါ်ချင် ဖြစ်ပေါ်လာနိုင်မှာပေါ့"

"အင်းလေ ... အခုအခါမှာ ဒီလိုပဲ လုပ်ရမှာပေါ့"

✸



နောက်တစ်နေ့တွင် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ အဆင့်မြင့် အစွမ်းထက် သိုင်းပညာကို စတင်လေ့ကျင့်ကြသည်။ သိုင်းလေ့ကျင့်မှုများကို ဓားသုံးလက်ဂေဟာရှင်ကြီး၏ သီးသန့် သိုင်းပညာလေ့ကျင့်ရေးအခန်းတွင် လျှို့ဝှက်စွာ ပြုလုပ်သည်။ သက်ဆိုင်သူများမှလွဲ၍ ဓားသုံးလက်ဂေဟာအဆင့်မြင့် ဦးစီးခေါင်းဆောင် သိုင်းသမားများကိုပင် အသိမပေးကြ။

လိုင်ယိဝန်နှင့် ဟန်ချက်တင်တို့ကတစ်တွဲ၊ ထိုက်ကူးချိန်နှင့် လိုင်ယိတင်တို့က တစ်တွဲ လေ့ကျင့်ကြသည်။ ထိုက်ကူးသောက်မှာမူ အတွဲမရှိ၊ တစ်ယောက်တည်း တစ်ကိုယ်တော် လေ့ကျင့်မှု ပြုသည်။

လေ့ကျင့်ကြသည်နှင့် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း၏ သိုင်းပညာများသည် တကယ်ပင် အဆင့်မြင့်သော ထိပ်တန်းသိုင်းကွက်သိုင်းဟန်များဖြစ်ကြောင်း လက်တွေ့သိရှိကြရသည်။

သဘောတရား ရှင်းလင်းချက်များက တိုတောင်းသော်လည်း တိကျပြတ်သားသည်။ ရုပ်ပုံအနည်းငယ်သာ ပါသော်လည်း ထိုရုပ်ပုံများသည် လက်တွေ့လေ့ကျင့်ရာတွင် များစွာ အထွေထွေ

www.burmeseclassic.com

www.burmeseclassic.com



အကူပြုသည်။

ရက်အနည်းငယ်အတွင်းမှာပင် သူတို့ငါးယောက်၏ သိုင်းပညာစွမ်းမှာ အံ့ဩလောက်အောင် တိုးတက်မြင့်မားလာကြသည်။ တကယ် ကိုယ်တွေ့မဟုတ်လျှင် ယုံနိုင်ဖွယ်ပင် မရှိ။

သည်အတိုင်း လေ့ကျင့်သည်ကပင် သည်မျှလောက် တိုးတက် အောင်မြင်မှုရှိလာလျှင် ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးများ စားသုံးပြီး ဖိဖိစီးစီး လေ့ကျင့်လျှင် အတိုင်းမသိ အစွမ်းထက်နိုင်မည်ကို လိုင်ယုဝန် ကောင်းစွာနားလည်လာသည်။

သို့ရာတွင် ဂမုန်းဖြူ ဂမုန်းနက်ဆေးလုံးများကို ဟန်ချက်တင်နှင့် ထိုက်ကူးချိန်တို့နှစ်ယောက်အနက် မည်သူ့ကိုခွဲဝေပေးရမည်နည်းဟု လိုင်ယုဝန် အဆုံးဖြတ်ရ ခက်နေသည်။

လိုင်ယုဝန်၏ဆန္ဒကတော့ ကိုယ့်ချစ်သူ ဟန်ချက်တင်ကို ခွဲပေးလိုသည်။ ဟန်ချက်တင်နှင့်အတူတူ သိုင်းပညာ ပိုထက်မြက်အောင် လေ့ကျင့်ချင်သည်။ ဒါက ပုဂ္ဂလိကဆန္ဒ။

သမာသမတ်ကျကျ စဉ်းစားမည်ဆိုလျှင် သိုင်းကျမ်းရယူရာတွင် အတူတကွ ပါဝင်ခဲ့သူ တစ်လှေတည်းစီး တစ်ခရီးတည်း သွားခဲ့သော ထိုက်ကူးချိန်ကို ခွဲဝေပေးရပေလိမ့်မည်။

ထိုသို့ ခွဲဝေပေးလိုက်လျှင် လိုင်ယုဝန်အနေဖြင့် ထိုက်ကူးချိန်



နှင့်အတူ ပူးတွဲကာ သိုင်းလေ့ကျင့်ရပေတော့မည်။ လိုင်ယိတင်နှင့် ထိုက်ကူးသောက်တို့က တစ်တွဲဖြစ်သွားမည်။

ဟန်ချက်တင်မှာ အဖြူအနက် သိုင်းဆယ်ကွက်ကို လေ့ကျင့်မည့် အခွင့်အရေး ဆုံးရှုံးသွားပေမည်။ အကယ်၍ အခွင့်အရေး ဆက်ရသည့်တိုင် ဟန်ချက်တင်တစ်ယောက်တည်း သတ်သတ်လေ့ကျင့်ရလိမ့်မည်။

မိမိနှင့် ထိုက်ကူးချိန်တို့နှစ်ယောက် ပူးတွဲလေ့ကျင့်နေမှုများကို တွေ့မြင်သိရှိနေသော •ဟန်ချက်တင်တစ်ယောက် မကျေမနပ်ဖြစ်မှာ သေချာသည်။

ဟန်ချက်တင်အကြောင်းကို လိုင်ယုဝန် ကောင်းကောင်းသိထားသည်ပဲ။ ထိုသို့ မကျေမနပ်ဖြစ်မှုမှစ၍ ဟန်ချက်တင်သည် စိတ်မထိန်းနိုင်တော့ဘဲ ပေးထားသည့် ကတိကို ဖောက်ဖျက်ခဲ့လျှင် အကုန်ရှုပ်ထွေးကုန်နိုင်သည်။

လိုင်ယုဝန်နှင့် ဟန်ချက်တင်တို့နှစ်ယောက်လည်း ကွဲကွာသွားကြနိုင်သည်။ လိုင်ယုဝန်အနေဖြင့် ဆုံးဖြတ်ရခက်၍နေသည်။ အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ အဆင့်မြင့် အစွမ်းထက် သိုင်းပညာများ လေ့ကျင့်မှုကို အထူးလျှို့ဝှက်ထားသော်လည်း ခားသုံးလက်ဂေဟာတွင် အဆင့်မြင့် လျှို့ဝှက်သိုင်းကျမ်းတစ်ခု ရှိခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည့်ဟူသော သတင်းသိုးသိုးသန့်သန့်ကတော့ သိုင်းလောကတွင် ပျံ့နှံ့စ ပြုလာသည်။

လိုင်ယုဝန်တို့ငါးယောက် သိုင်းလေ့ကျင့်မှု ခုနစ်ရက်ပြည့် မြောက်ပြီးသည့် နေ့တွင်မှ သိုင်းကျမ်းနှင့် ပတ်သက်၍ အတိအလင်း အရေးဆိုမည့် သိုင်းသမားတစ်စု ဓားသုံးလက်ဂေဟာသို့ ရောက်လာကြသည်။

မြေခွေးနက် ဖူးယောင်နင်ကိုယ်တိုင် ခေါင်းဆောင်သော ကန္တာရမြေခွေးဂိုဏ်းဝင်များပင် ဖြစ်သည်။



သိုင်းလောက ထုံးတမ်းစဉ်လာအတိုင်း အကြောင်းကြား ဖိတ်စာပေးပို့၍ ရောက်လာကြသည့် ကန္တာရမြေခွေးဂိုဏ်းကို ဓားသုံး လက် ဂေဟာရှင်ကြီး လိုင်ဆစ်ကိန်းက လက်ခံတွေ့ဆုံသည်။

ဓားသုံးလက်ဂေဟာနှင့် ကန္တာရမြေခွေးဂိုဏ်းတို့သည် ယခင်က ဘာအဆက်အသွယ်မျှ မရှိခဲ့ပေ။ ကန္တာရမြေခွေးဂိုဏ်း သည် ရေညှိုစမ်းနှင့် တောင်ညှိုတောင်ကြားလမ်းဟွင် အခြေစိုက်နေ လျက် မည်သည့်နေရာကိုမျှ အသွားအလာမရှိကြောင်းကိုလည်း ဓား သုံးလက် ဂေဟာက ကြားသိထားသည်။

ယခု ထူးထူးခြားခြားဆိုသလို ဂိုဏ်းချုပ်ကိုယ်တိုင် ဦး ဆောင်ကာ ကန္တာရမြေခွေးဂိုဏ်း အင်အားအလုံးအရင်းနှင့် ရောက်ရှိ လာခြင်းသည် လိုင်ယုဝန်တို့လူစု ရယူလာနိုင်ခဲ့သော အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းနှင့် ပတ်သက်လိမ့်မည်ဟု လိုင်ဆစ်ကိန်းက တွက်မိသည်။

“ဘယ်လိုအကြောင်းကိစ္စကြောင့် ရောက်လာကြတယ်ဆိုတာ သိပါရစေ”

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာ ညှို့ဝတ်စကားများ အပြန်အလှန် ပြောပြီး နောက် လိုင်ဆစ်ကိန်းက မေးလိုက်သည်။

"မိုးမြေခြားစံအိမ်သခင်ကြီးရဲ့သား ဟန်ချက်တင် ဓားသုံး လက်ဂေဟာမှာ ရှိနေပြီး အဆင့်မြင့် အစွမ်းထက် သိုင်းပညာတွေ လေ့ကျင့်နေတယ်ဆိုတဲ့ သတင်းကြားရပါတယ်၊ အဲဒီသတင်း အမှန်ပဲ လား"

မြေခွေးနက် ဖူးယောင်နင်က သွယ်ဝိုက်မနေဘဲ တည့်တည့် ပင် မေးချလိုက်သည်။

"ဟန်ချက်တင် ဓားသုံးလက်ဂေဟာကို ရောက်နေတာက တော့ ဟုတ်ပါတယ်၊ အဆင့်မြင့် အစွမ်းထက် သိုင်းပညာတွေ လေ့ ကျင့်နေတယ်ရယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဒီသူငယ်လေးက ကျုပ်တို့ ဂေဟာကို သွားလာဝင်ထွက်နေကျပါ၊ ဒီမှာ သိုင်းလေ့ကျင့်တာလဲ လုပ်နေကျပါ"

လိုင်ဆစ်ကိန်းက မယုတ်မလွန် ချင့်ချင့်ချိန်ချိန် ပြန်အဖြေ ပေးသည်။

"ဟန်ချက်တင်အပြင် ထိုက်မျိုးနွယ် ညီနောင်နှစ်ယောက် လည်း ဒီမှာရှိနေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"



"အဲဒီလူသုံးယောက်နဲ့ တွေ့ချင်ပါတယ်"

ဖူးယောင်နင်ကို လက်ခံတွေ့ဆုံရာတွင် ဓားသုံးလက်ဂေ ဟာ ဦးစီးသိုင်းသမားကြီးများနှင့်အတူ လိုင်ယုဝန်ပါရှိသည်။ ဟန်ချက် တင်၊ ထိုက်ကူးချိန်၊ ထိုက်ကူးသောက်တို့မှာမူ ဓားသုံးလက်ဂေဟာ၏ ညှို့သည်များလို ဖြစ်နေသောကြောင့် ကန္တာရမြေခွေးဂိုဏ်းနှင့် တွေ့ ဆုံရာတွင် မပါဝင်။

"ဘယ်လိုကိစ္စကြောင့် သူတို့သုံးယောက်ကို တွေ့ချင်ဟာ ပါလဲ"

"ဟန်ချက်တင်က ကျုပ်ရဲ့သွေးသောက်ညီတော်မောင် ယောက်ကန်းကို အနိုင်ယူခဲ့ပြီး သူ့ရဲ့မိတ်ဆွေလိုင်ယုဝန်တို့လူစုကို မြေနီရိုင်းဒေသထဲ အဆင်ပြေပြေ အေးအေးချမ်းချမ်း ဝင်ရောက်နိုင် အောင် ကူညီပေးဖို့ တောင်းဆိုခဲ့တယ်"

"ဒါကြောင့် လိုင်ယုဝန်နဲ့ သူ့ရဲ့ဝမ်းကွဲအစ်မ၊ ထိုက်မျိုးနွယ် ညီနောင်တို့ကို ဘယ်လိုဟန့်တားမှုမှမလုပ်ဘဲ တောင်ညိုတောင် ကြားကို ဖြတ်ကျော်သွားဖို့ ကူညီပေးခဲ့တယ်၊ အဲဒီကိစ္စတွေအတွက် သူတို့နဲ့ စကားပြောဆိုစရာလေးတွေရှိလို့ ဆိုပါတော့"

ကန္တာရမြေခွေးဂိုဏ်းချုပ် ဖူးယောင်နက်၏ စကားများ သည် လိုင်ယုဝန်ကို အတော်ပင် စိတ်လှုပ်ရှားသွားစေ၏။ ကိုမြေ

www.burmeseclassic.com

www.burmeseclassic.com



မပျက်ရအောင် မနည်းပင် ကြိုးစားကာ ထိန်းလိုက်ရသည်။

မိမိတို့ မြေနီရိုင်းသွားသည့်ခရီးတွင် ကန္တာရမြေခွေးဂိုဏ်းက မည်သို့မျှ ရန်ပြုနှောင့်ယှက်ခြင်းမရှိဘဲ ကောင်းမွန်စွာ လက်ခံကာ အေးအေးချမ်းချမ်း သွားလာခွင့်ပေးခဲ့ခြင်းမှာ ဟန်ချက်တင်၏ ကြိုတင်စွမ်းဆောင်ထားမှုကြောင့် ဖြစ်ကြောင်း ယခုမှပင် လိုင်ယုဝန် သေသေချာချာ သိရတော့သည်။

ကန္တာရမြေခွေးဂိုဏ်းစခန်းတွင် ရှိခဲ့စဉ်က ဟန်ချက်တင်၏ ခြေရာလက်ရာ အစအနများ တွေ့ခဲ့၍ ဇဝေဇဝါ ဖြစ်နေမှုသည်လည်း အဖြေမှန်ပေါ်သွားသည်။

လိုင်ဆစ်ကိန်းလည်း သမီးကို လှမ်းကြည့်သည်။ လိုင်ယုဝန် ဣန္ဒြေဆည်ထားသော်လည်း စိတ်လှုပ်ရှားနေကြောင်းကိုတော့ လိုင်ဆစ်ကိန်း အကဲခတ်မိသည်။

ဖူးယောင်နင်၏ တောင်းဆိုချက်ကို လက်ခံလိုက်လျှာသင့်ကြောင်း လိုင်ဆစ်ကိန်း ဆုံးဖြတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးက တွေ့ချင်တယ်ဆိုရင် သူတို့သုံးယောက်ကို ခေါ်ပေးပါ့မယ်"

"ဂေဟာရှင်ကြီးကို အများကြီးကျေးဇူးတင်ပါတယ်"

လိုင်ဆစ်ကိန်းက ဟန်ချက်တင်နှင့်ထိုက်ကူးချိန်တို့ ညီနောင်



ကို ခေါ်လာခဲ့ရန် ညွှန်ကြားတာဝန်ခံကို အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချည့်ခန်းဆောင်သို့ ဟန်ချက်တင် ဦးစွာရောက်လာ၏။ ထို့နောက် ထိုက်ညီနောင်နှင့် လိုင်ယုဝန်တို့ ရောက်လာသည်။ ကန္တာရ မြေခွေးဂိုဏ်းချုပ်သည် သူ့လက်ထောက်ကို ဟန်ချက်တင်က အနိုင်ယူခဲ့သဖြင့် လိုင်ယုဝန်တို့လူစုကို မြေနီရိုင်းဒေသသို့ ဝင်ခွင့်ပြုခဲ့သည်။

လိုင်ယုဝန်တို့အနေဖြင့် အဖြူအနက်သိုင်းကျမ်းကို ရှာဖွေရယူသွားနိုင်လိမ့်မည် မဟုတ်ဟု ထင်မှတ်ကာ ခပ်အေးအေး နေခဲ့သည်။

ဟန်ချက်တင်ထံမှ ကန္တာရမိုးကြိုးလက်နက် ပြန်ရယူနိုင်ရေးကိုသာ ဦးစားပေးခဲ့ကြသည်။ ထို့နောက် ဓားသုံးလက်ဂေဟာတွင် အဆင့်မြင့် သိုင်းကျမ်းတစ်ဆူ ရှိနေသည်ဆိုသည့် သတင်းသိုးသိုးသန့်သန့် ထွက်လာသောအခါ မိမိတို့ ရှာနေသည့် သိုင်းကျမ်းကို လိုင်ယုဝန်တို့ ရရှိသွားလေပြီလားဟု တွေးဆမိလာကြသည်။

အကျိုးအကြောင်း စူးစမ်းဖော်ထုတ်နိုင်ရန် ဖူးယောင်နင်ကိုယ်တိုင် ဦးဆောင်ကာ အင်နှင့်အားနှင့် ဓားသုံးလက်ဂေဟာသို့ လာခဲ့ကြသည်။



ဓားသုံးလက်ဂေဟာသို့ ရောက်ရှိလာကြပြီး ဂေဟာရှင်ကြီး လိုင်ဆစ်ကိန်းနှင့် တွေ့ကာ စကားပြောဆို တီးခေါက်ရင်း အကဲခတ်ကြည့်ရာ မိမိတို့ တွေးထင်ထားချက် ဟုတ်မှန်စရာအကြောင်းရှိကြောင်း ဖူးယောင်နင် သိလာခဲ့သည်။

ဟန်ချက်တင်နှင့် ထိုက်မျိုးနွယ်ညီနောင်နှစ်ယောက် ဓားသုံးလက်ဂေဟာတွင် ရှိနေခြင်းသည် လိုင်ယုဝန်တို့နှင့်အတူ သိုင်းကျမ်းကို လေ့လာသင်ယူနေခြင်း ဖြစ်နိုင်သည်ဟုလည်း ဆက်စပ်တွေးမိသည်။

မိမိ၏တွေးဆချက်ပေါ်တွင် အခြေခံကာ အလောင်းအစားပြုသည့်သဘော အဖြေဖော်ထုတ်ကြည့်ရန်အတွက် ဖူးယောင်နက်က ဟန်ချက်တင်ကို အတိအလင်း စိန်ခေါ်လိုက်ခြင်း ဖြစ်ပေသည်။

ဟန်ချက်တင်သည် သွေးဆူလွယ်သည်။ ခပ်မိုက်မိုက် လုပ်တတ်သည်။ မိမိအပေါ် စိန်ခေါ်လာလျှင် ရှောင်လေ့မရှိ။ ရင်ဆိုင်တုံ့ပြန်သည်ချည်းသာ။

ယခုလည်း ဖူးယောင်နင်က စိန်ခေါ်လာသောအခါ ဟန်ချက်တင်၏ သွေးများ ဆူဝေလာသည်။ တစ်ခါတည်း ဝင်တိုက်ပစ်ချင်လာသည်။

သို့သော် လိုင်ယုဝန်ကို ပေးထားသည့်ကတိကို ဒတိရ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဟန်ချက်တင်က မိမိကိုယ်မိမိ အတင်းပင် ထိန်းသိမ်းလိုက်သည်။ သွေးဆူလာသည်ကိုလည်း ချိုးနှိမ်သည်။

"ကျွန်တော်က ဓားသုံးလက်ဂေဟာရဲ့ ဧည့်သည်လို ဖြစ်နေပါတယ်၊ ကန္တာရမြေခွေးဂိုဏ်းချုပ်ကြီးအနေနဲ့ ကျွန်တော့်ကို စိန်ခေါ်တာ လက်ခံဖို့ ခက်ပါတယ်"

"ဒါဆို အိမ်ရှင်ကိုပဲ စိန်ခေါ်ရတော့မှာပေါ့"

ဖူးယောင်နင်က လိုင်ယုဝန်ကို တစ်ချက်လှမ်းကြည့်ပြီး ပြောသည်။ ဟန်ချက်တင် ခေါင်းလျှိုမနေနိုင်တော့ပါ။ ရှေ့သို့ လှမ်းခနဲ ခုန်ထွက်လာပြီး ...

"သူ့ကို စိန်ခေါ်မယ်ဆိုရင် ကျုပ်နဲ့အရင်ယှဉ်ပြိုင်မှဖြစ်မယ်"

ဖူးယောင်နင် ကျေနပ်သဘောကျသွားသည်။

"ဟင်း ဟင်း ဟင်း၊ ဒီလိုပဲ ဖြစ်ရမှာပေါ့"

စိန်ခေါ်မှုကို လက်ခံလိုက်ပြီဖြစ်ရာ ယှဉ်ပြိုင်ကြရုံသာ ရှိတော့သည်။ သို့သော် ကန္တာရမိုးကြိုးလက်နက်ကို ရင်ဆိုင်ရန် ဟန်ချက်တင်တွင် ဓားကောင်းတစ်လက် ရှိမနေပေ။ သာမန်ဓားနှင့် ရင်ဆိုင်ပါက မုချဒုက္ခရောက်သွားနိုင်သည်။

ကန္တာရမိုးကြိုးလက်နက်၏ အဝေးမှ ဝှေ့ယမ်းတိုက်ခိုက်မှုကို ရင်ဆိုင်ရန်မှာ လျင်မြန်စွာ လှုပ်ရှားလျက် အကွက်ကောင်းပေါ်



သည်နှင့် သွက်လက်စွာ ထိုးနက်တိုက်ခိုက်မှုဖြစ်ရာ ဟန်ချက်တင် လက်စွဲသုံးနိုင်ရန် ပေါ့ပါးထက်မြက်သော မိုးပျံဓားကို တမင်ရွေးချယ်ကာ ထုတ်ပေးစေခြင်းဖြစ်သည်။

ဓားသုံးလက်ဂေဟာ၏ အထွဋ်အမြတ်ဓားသုံးလက်ကို အပြင်လူများ စွဲကိုင်ခွင့်မရှိပါ။ ယခု လိုင်ဆစ်ကိန်းက မိုးပျံဓား ထုတ်ပေးကိုင်စွဲစေခြင်းသည် ဟန်ချက်တင်ကို အထူးအခွင့်အရေးပေးရာ ရောက်သည်။

သမက်လောင်းအဖြစ် အသိအမှတ်ပြုလိုက်သည့် သဘောလည်း ဖြစ်နေရာ အန္တရာယ်များသည့် ရင်ဆိုင်တိုက်ပွဲတစ်ခု နွှဲရတော့မည့်ဆဲဆဲမှာပင် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ နှစ်ယောက် ကြည်နူးသွားကြရသည်။

ဟန်ချက်တင်သည် မိုးပျံဓားကို လက်ခံယူပြီးနောက် လိုင်ယုဝန်ကို လှမ်းကြည့်သည်။ လိုင်ယုဝန်ကလည်း တုံ့ပြန်ကြည့်ရာ အကြည့်ချင်းဆုံကြသည်။

လိုင်ယုဝန်က အသာပြုံးပြသည်။ ထိုအပြုံးလေးသည် ဟန်ချက်တင်အတွက် အားဆေးပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းချုပ်ကြီးက ကျွန်တော့်ထက် အသက်ရော ဝါရော ကြီးတဲ့အပြင် ရပ်ဝေးဧည့်သည်ဖြစ်တဲ့အတွက် ဦးစားပေးပါတယ်၊ ဂိုဏ်းချုပ်ကြီးစတိုက်ပါ"

လက်နက်ကိုယ်စီကိုင်စွဲလျက် တိုက်ခိုက်ရန် အသင့်ဖြစ်ကြသောအခါ ဟန်ချက်တင်က ပြောသည်။ ဖူးယောင်နင်လို ဝါရင့်ဂိုဏ်းချုပ်တစ်ယောက်အနေဖြင့် လူငယ်သိုင်းသမား၏ ဦးစားပေးမှုကို လက်မခံသင့်ပေ။

ဟန်ချက်တင်အား စတင်တိုက်ခိုက်ရန် ပြန်၍ အခွင့်အရေးပေးရမည်ဖြစ်သည်။ သို့သော် ဖူးယောင်နင်သည် ဦးစားရသည့် အခွင့်အရေးကို လက်လွှတ်မခံ။

"မင်းက ဒီလိုပြောလာတော့ ကျုပ်လည်း အားမနာတော့ဘူး၊ အကွက်ကြည့်"

ပြောပြောဆိုဆို စတင်တိုက်ခိုက်သည်။ ပွဲစသည်နှင့် အကြမ်းတမ်း အပြင်းထန်ဆုံးသော တိုက်ကွက်ကို ထုတ်သုံးသည်။ ကန္တာရမုန်တိုင်းလက်နက်၏ ဆူးချိတ်တပ်သံလုံးလေးသုံးခုသည်



အရှိန်အဟုန်ပြင်းစွာ ဟန်ချက်တင်ထံသို့ ဝင်လာကြသည်။

တွဲချိတ်ထားသော သံကြိုးအတိုအရှည်တူသည့် သံလုံးလေးသုံးလုံးသည် လမ်းကြောင်းသုံးသွယ်ခွဲကာ ဝင်လာကြသည်။ ရိုက်ချက်ကြမ်းသည်။ ယောက်ကန်းနှင့် ရင်ဆိုင်ခဲ့စဉ်ကပင် သည်မျှ ကြမ်းတမ်းသော တိုက်ကွက်ကို မကြုံခဲ့ရပေ။

ဟန်ချက်တင် မူလသိုင်းပညာနှင့်ဆိုလျှင် ဖူးယောင်နင်၏ ပွဲဦးထွက် တိုက်ခိုက်မှုကို ရင်ဆိုင်နိုင်မည် မဟုတ်ပေ။ လိပ်ပြာဗိုမသိုင်းကွက်နှင့် တန်ပြန်ရမှာကလည်း အတွဲအဖက်ဖြစ်သော ရှားလူမရှိသည့်အတွက် ဘယ်လိုမှ မဖြစ်နိုင်။

ဟန်ချက်တင်သည် ယခု ရက်ပိုင်းအတွင်းကမှ လေ့ကျင့်တတ်မြောက်ထားသော အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း၏ ပထမသိုင်းကွက်ဖြစ်သော နှင်းဖြူအရိပ် ရှောင်တိမ်းကွက်ကို သုံးရလေတော့သည်။

နှင်းဖြူအရိပ် ရှောင်တိမ်းကွက်သည် တစ်ဖက်လူ၏ တိုက်ခိုက်မှုမှ လွတ်အောင်ရှောင်သည့် သိုင်းကွက်သက်သက် မဟုတ်ပါ။ ပေါ့ပါးသွက်လက်ပြီး ဆန်းပြားသော ကိုယ်ဟန်လှုပ်ရှား ရှောင်တိမ်းမှုကို အမိကအခြေခံထားကာ ခုခံကာကွယ်ကွက်လေးများလည်း ဖြည့်စွက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်ရုံတန်ရုံ အဆင့်မြင့်တိုက်ချက်ဆိုလျှင် ရှောင်တိမ်းသည့်အကွက်များဖြင့်သာ လွတ်ရာသို့ အရောက်လှမ်းနိုင်သည်။ ဖူးယောင်နင်၏ ကန္တာရမုန်တိုင်းလက်နက်ဖြင့် အကြမ်းတမ်းဆုံး ရိုက်နှက်တိုက်ခိုက်လာမှုက ကြောက်စရာကောင်းပေရာ ရှောင်တိမ်းကွက်များတွင် ကာကွယ်ခုခံကွက်များကိုပါ ဖြည့်စွက်သုံးရလေသည်။

အရှည်ဆုံးသံကြိုးနှင့် အလယ်အလတ်သံကြိုးတို့တွင် တွဲထားသော ဆူးချိတ်တပ် သံလုံးငယ်နှစ်လုံးကို ရှောင်တိမ်းသိုင်းဟန်များဖြင့် လွတ်အောင် ရှောင်နိုင်သည်။

အတိုဆုံးသံကြိုးတွင် တွဲထားသော သံလုံးငယ်ကိုမူ မိုးပျံဓားဖြင့် ရုပ်ကာ ဖြတ်ခုတ်ဖယ်ရှားလိုက်ရသည်။ မိုးပျံဓားကလည်း နှင်းဖြူအရိပ်ရှောင်တိမ်းကွက်၏ ပေါ့ပါးသွက်လက်သော သိုင်းဟန်လှုပ်ရှားမှုများနှင့် အလွန်ပင် လိုက်ဖက်ညီနေသည်။

'ဒလံ'

ဆူးချိတ်တပ်သံလုံးငယ်ကို လွင့်ထွက်သွားစေသည်။ အဆင့်မြင့်အစွမ်းထက် သိုင်းကွက်များ၏ ထုံးစံအတိုင်း ခုခံကာကွယ်ကွက်တွင် တန်ပြန်တိုက်ခိုက်နိုင်သည့် စွမ်းရည်များလည်း ပါနေရာ မိုးပျံဓားဖြင့် ရုပ်ခုတ်ဖယ်ထုတ်လိုက်သော ဆူးချိတ်တပ်သံလုံးငယ်သည် ဖူးယောင်နင်၏ မျက်နှာဆီသို့ ပြန်လန်ကာ ဝင်သွားသည်။



ဖူးယောင်နင်သည် ကန္တာရမုန်တိုင်းလက်နက်ကို အထူးကျွမ်းကျင်ပိုင်နိုင်စွာ လှုပ်ရှားနိုင်စွမ်းရှိ၍သာ တော်တော့သည်။ အနည်းငယ်မျှ လွဲချော်တိမ်းစောင်းလျှင်ပင် ကိုယ့်လက်နက်နှင့်ကိုယ် ပြန်၍ ထိမိပေလိမ့်မည်။

ကန္တာရမုန်တိုင်းလက်နက်ကို ပြန်ထိန်းလိုက်သည့်အချိန်တွင် ဟန်ချက်တင်၏ အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း၏ ဆဋ္ဌမသိုင်းကွက်ဖြစ်သော သွေးနက်ဓားသိုင်းကွက်နှင့် လျှပ်ပြက်သလို တိုးဝင်တိုက်ခိုက်သည်။

'ဝှစ်'

မိုးပျံဓားကလည်း တကယ်ပင် ပေါ့ပါးလှသည့် ဓားကောင်းတစ်လက်ပင်။ လျင်မြန်လှသော ဓားသိုင်းကွက်တွင် ပေါ့ပါးစွာ စီးမျောပါသွားသည်။

မိုးပျံဓားသွားသည့် ဖူးယောင်နင်၏ ညာဘက်ပခုံးကို ဖြတ်ခုတ်မိသည်။

'ဒုတ်'

ဓားခုတ်မိသံ ခပ်ကျယ်ကျယ်ပေါ်ထွက်သည်။

"ဟာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အလို"

ယှဉ်ပြိုင်ပွဲကိုကြည့်နေကြသော ဓားသုံးလက်ဂေဟာသိုင်းသမားအချို့ နှုတ်ဖျားမှ တအံ့တသြ ရေရွတ်သံများ ပေါ်ထွက်သည်။ ဟန်ချက်တင်ကိုယ်တိုင်လည်း အံ့အားသင့်သွားရသည်။

✸



ဓားချက်သည် ဖူးယောင်နင်၏ ညာဘက်ပခုံးကို ကျကျနန ခုတ်မိသော်လည်း ဓားသွားက ပခုံးသားထဲသို့ စူးနစ်ဝင်သွားခြင်းမရှိ၊ ဓားသည် ပြန်ကန်၍ပင် လန်ထွက်လာသည်။

မာကျောသယောင်ယောင် ပျော့အိသလိုလို ရှိသည့်အရာကို ခုတ်မိကာ ဓားချက်လည်း ပျက်ပြားသွားကြောင်း ဟန်ချက်တင် သိလိုက်ရသည်။

ဘယ်လိုမှ မတွေးတတ်အောင် ဖြစ်သည်။

မိုးပျံဓားသည် သာမန်ဓားကောင်းပင် မဟုတ်။ ဓားသုံးလက်ဂေဟာ၏ အထွဋ်အမြတ် ဓားကောင်းသုံးလက်ထဲမှ တစ်လက်ဖြစ်သည်။

သည်လိုဓားမျိုးသည် ထိမိလျှင် ကောင်းကောင်းပြတ်ရှသွားစေနိုင်သည်။

ယခုမူ ဓားထိမိလျက် ဖူးယောင်နင်၏ ညာပခုံးတွင် ဘာမျှမထိမရှ၊ ဒဏ်ရာမရ၊

ဓားချက်ထိမိသည့် အရှိန်အဟုန်ဖြင့်သာ ဖူးယောင်နင်တစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချက် ယိမ်းယိုင်သည်။

မယုံနိုင်စရာဖြစ်ရပ်ကြောင့် အံ့အားသင့်နေသော ဟန်ချက်တင်မှာ ဖူးယောင်နင် ယိမ်းယိုင်သွားသည်ကိုပင် အခွင့်ကောင်းယူကာ ဖိမတိုက်နိုင်တော့။

"ခင်ဗျားက ဓားသွား လှံသွားတွေ မထိုးဖောက် မစူးရှနိုင်တဲ့ ကိုယ်ကျပ်အင်္ကျီ အောက်ခံပြီး ဝတ်ထားတာကိုး၊ ဒီလိုကိုယ်ကျပ်အင်္ကျီခံဝတ်ပြီး လူငယ်သိုင်းသမားလေးတစ်ယောက်နဲ့ ယှဉ်ပြိုင်တာ မရှက်ဘူးလား"

လိုင်ဆစ်ကိန်းက လှမ်းအော်ပြောသည်။

အတွေ့အကြုံရင့်ကျက်နေသော လိုင်ဆစ်ကိန်းသည် မိုးပျံဓားချက် မထိုးမဖောက်နိုင်သည်ကို မြင်ရသည်နှင့် ဖူးယောင်နင်တစ်ယောက် အဆင့်မြင့်ကိုယ်ကျပ်အင်္ကျီ တစ်မျိုးမျိုး အောက်ခံဝတ်ထားကြောင်း ရိပ်မိလိုက်သည်။

ဇဝေဇဝါဖြစ်သွားသော ဟန်ချက်တင် စိတ်အာရုံ ရှုပ်မသွားစေရန် တမင်ဝင်ပြောလိုက်ခြင်းဖြစ်သည်။

သည်အခါမှပင် ဟန်ချက်တင်အတွက် အတွေးရခက်စရာဖြစ်နေမှု ရှင်းလင်းအဖြေပေါ်သွားသည်။

လိုင်ယုဝန်လည်း ဟန်ချက်တင်လိုပင် တွေးရခက်နေခဲ့

BURMESE CLASSIC .com



သည်။ ဖခင်၏စကားကြောင့် ရှင်းလင်းသိမြင်သွားသော်လည်း လိုင်ယုဝန်မှာ ဟန်ချက်တင်အတွက် အထူးပင် စိုးရိမ်ပူပန်လာသည်။

ဓားသွားလှံသွားများ မစူးမရှ မထိုးဖောက်နိုင်သည့် အဆင့်မြင့် ကိုယ်ကျပ်အင်္ကျီတစ်မျိုး အောက်ခံဝတ်ထားသော ဖူးယောင်နင်ကို ဟန်ချက်တင်က ဘယ်လိုမျိုး ထိခိုက်အောင် တိုက်ခိုက်ရမည်နည်း။

ဟန်ချက်တင် ကိုင်စွဲထားသော မိုးပျံဓားသည် ဓားကောင်း ဓားမြတ်တစ်လက် ဖြစ်သော်လည်း ထိခိုက်စူးရှအောင် မထိုးခုတ်နိုင်လျှင် ဘယ်လိုမှ အသုံးကျတော့မည်မဟုတ်။

ဓားပီး လှံပီးသလိုမျိုး ဖြစ်နေသော ဖူးယောင်နင်၏ တစ်ဖက်သတ် တိုက်ခိုက်မှုကို ဟန်ချက်တင် ကောင်းကောင်းခံရဖို့သာ ရှိတော့သည်။

"ဒုက္ခပါပဲ ... ချက်တင် တစ်ဖက်သတ် ခံရတော့မယ်၊ ဘယ်လိုလုပ်မလဲ ဖေဖေ"

လိုင်ယုဝန်က စိုးရိမ်တကြီးပင် ပြောသည်။ လိုင်ဆစ်ကိန်းမှာလည်း ရုတ်တရက်တော့ ဘာလုပ်ရမည် မသိ။

သည်အခြေအနေတွင် ယှဉ်ပြိုင်တိုက်ခိုက်မှုကို ရပ်ခိုင်းမှသာ ဖြစ်တော့မည်ဟု စိတ်ကူး ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှု ရပ်တန့်ရန် လှမ်းအော်ပြောတော့မည့် အလုပ်တွင် ဖူးယောင်နင်သည် ယိမ်းယိုင်သွားသော ကိုယ်ဟန်ကို ထိန်းလိုက်ပြီးနောက် ဟန်ချက်တင်ထံသို့ ခုန်လွှားဝင်သည်။ ကန္တာရမုန်တိုင်းလက်နက်ဖြင့် သိမ်း၍ ရိုက်နှက်သည်။

မိမိ၏ လျှို့ဝှက်ချက် ပေါ်သွားပြီမို့ ဖူးယောင်နင်သည် အယောင်ဆောင် ကာကွယ်မှုပင် မလုပ်တော့။

ရှိသမျှအားအင်နှင့် စွမ်းရည်များကို တိုက်စစ်တွင် အကုန်ပုံအော သုံးသည်။

ထို့ကြောင့် ခုန်လွှားဝင်ရောက်တိုက်ခိုက်လာသော ဖူးယောင်နင်၏ ရင်ဘတ်တစ်ဝိုက်တွင် ဟာကွက်လွတ်ကွက်တွေ အမြောက်အမြား ပေါ်သည်။

သို့သော် ဓားနှင့်လှမ်းထိုး၍လည်း ထိခိုက်နိုင်မည်မဟုတ်သောကြောင့် ဟန်ချက်တင်သည် နှင်းဖြူအရိပ် ရှောင်တိမ်းကွက်ကို သုံးကာ ကမန်းကတန်း ရှောင်လိုက်ရသည်။

သည်လိုအခြေအနေမျိုးတွင် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်း၏ ဒသမမြောက် သိုင်းကွက်ဖြစ်သော အရိပ်မဲ့ဝိညာဉ်ဖြူလက်ဝါးသိုင်းကွက်’ နှင့်သာ အနိုင်ယူနိုင်မည်ကို ရုတ်တရက် တွေးမိသည်။



ခက်သည်က အရိပ်မဲ့ဝိညာဉ်ဖြူလက်ဝါးသိုင်းတွင် ဟန်ချက်တင် သေသေချာချာ မလေ့ကျင့်ရသေး။

သဘောတရားကို ဖတ်ရှုနားလည်ကာ လက်တွေ့လှုပ်ရှားလေ့ကျင့်မှု သုံးလေးကြိမ်လောက်သာ လုပ်ရသေးသည်။

သေရေးရှင်ရေး အခြေအနေ ကြုံတွေ့နေရသည်မို့ ငိုက်မိုက်ကန်းကန်း လုပ်တတ်သော ဟန်ချက်တင်၏ဉာဉ်သည် အငိုက်န်းအကွပ် ကင်းသွားသည်။

ဟန်ချက်တင်သည် နောက်ဆုတ်ရှောင်ပြီးသည်နှင့် အရိပ်မဲ့ဝိညာဉ်ဖြူလက်ဝါးသိုင်းကွက်ကို သုံးကာ လက်ဝါးရိုက်ချက်တစ်ချက် ဝိုက်ဖြတ်ရိုက်ထုတ်သည်။

အရိပ်မဲ့ဝိညာဉ်ဖြူ လက်ဝါးသိုင်းကွက်သည် အလွန်ပင် ဆန်းပြားသည်။

သိုင်းကွက်ထက် အဆင့်မြင့်စိတ်ညှို့ကွက်ဟု ခေါ်ဆိုလျှင် ပို၍ ဆီလျော်လေမည်လားမသိ။

တစ်ဖက်ရန်သူကို တကယ်တမ်း လက်ဝါးဖြင့် ထိအောင် ရိုက်ခြင်း မဟုတ်။

ရိုက်ထုတ်လိုက်သည့် လက်ဝါးရိုက်ချက်သည် အယောင်ပြလှုပ်ရှားဟန်သက်သက်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ရန်သူ၏ စိတ်ထဲတွင် အလွန်အဆင့်မြင့်ကာ အားအင် ပြင်းတန်လှသည့် လက်ဝါးရိုက်ချက် အထိခံရလေပြီဟု ထင်မိယောင်မှား ဖြစ်သွားအောင် စိတ်ညို့ဖန်တီးခြင်း ဖြစ်သည်။

ထိုသို့ စိတ်ညို့နိုင်ရန်အတွက် တစ်ဖက်လူ၏ စိတ်ကယောင်ချောက်ချားဖြစ်စေပြီး မိမိ၏ စိတ်အာရုံက အပြည့်အဝ လွှမ်းမိုးချုပ်ကိုင် အုပ်စီးယူရသည်။

ဖူးယောင်နင်သည် မိမိ၏ လျှို့ဝှက်ချက်ပေါ် သွား၍ စိတ်အတော်ကြီးကို လှုပ်ရှားနေသည်။ အနိုင်ရလိုစိတ် အရမ်းပြင်းပြကာ ကမ္ဘူးရှူးထိုး ဖြစ်နေသည်။

စိတ်ကယောင်ချောက်ချားဖြစ်နေသည့် အခြေအနေတွင်ရှိသည်ဟုပင် ဆိုနိုင်သည်။

ဟန်ချက်တင်၏ စိတ်အနေအထားကတော့ ယန်ချန်ကျောင်းကို ဓားချက်တစ်ချက်တည်းနှင့် အနိုင်ယူ ချေမှုန်းခဲ့စဉ်ကနှင့် အတော်ပင် ဆင်တူသည်။

မိမိ၏စွမ်းအင် လျှို့ဝှက်အင်အားများကို ထုတ်ယူသုံးနိုင်သည့် အခြေအနေရှိသည်။ ထို့ကြောင့် …

"အား"

ဖူးယောင်နင် စူးစူးဝါးဝါး အော်ဟစ်ကာ နောက်သို့ ယိမ်း



ယိုင်ဆုတ်သွားသည်။ လက်ထဲတွင် ကိုင်ထားသော ကန္တာရမုန်တိုင်းလက်နက်လည်း လွတ်ကျသည်။

'ဝေါ့'

သွေးတစ်လုတ် အန်ချသည်။ လူအားလုံးပင် ငေးကြောင်နေကြသည်။ ခဏမျှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ကန္တာရမြေခွေးဂိုဏ်းသားတစ်ယောက်က ကန္တာရမုန်တိုင်းလက်နက် အမြန်ပြေးကောက်သည်။

တုန်တုန်လှုပ်လှုပ်ဖြစ်နေသော ဖူးယောင်နင်ကို ဂိုဏ်းသားနှစ်ယောက်က ဖေးမတွဲလိုက်ကြသည်။ ထို့နောက် ကန္တာရမြေခွေးဂိုဏ်းသည် ဓားသုံးလက်ဂေဟာ ဧည့်ခန်းဆောင်ထဲမှ ထွက်ခွာသွားကြလေတော့သည်။

ဟန်ချက်တင်သည် အကျဉ်းအကျပ် အခြေအနေတွင် မသိစိတ်ဖြင့် လှုပ်ရှားလုပ်ဆောင်ခဲ့ရာ အရိပ်မဲ့ဝိဉာဉ် လက်ဝါးသိုင်းကွက်၏ စွမ်းရည်ကို သုံးပုံတစ်ပုံ မရှိတရှိလောက်သာ အသုံးချနိုင်ခဲ့သည်။

သိုင်းကွက်စွမ်းရည် အပြည့်အဝသာ ထုတ်သုံးနိုင်ခဲ့လျှင် ဖူးယောင်နင် ကောင်းကောင်းအထိနာသွားပေလိမ့်မည်။ ဖူးယောင်နင်သည် မထင်မှတ်သော တိုက်ခိုက်မှုကို ကြုံရသည့်အတွက် စိတ်ကယောင်ချောက်ချားဖြစ်ကာ အတွင်းဒဏ်လည်း ရသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးယောင်နင်ကို ဟန်ချက်တင်က သိုင်းပညာစွမ်းပြကာ အနိုင်ယူလိုက်နိုင်မှုသည် အခြေအနေတွေ ပြောင်းလွဲသွားစေသည်။ အတော်လည်း ရှုပ်ထွေးလာစေသည်။

ဓားသုံးလက်ဂေဟာတွင် အဆင့်မြင့်အစွမ်းထက် သိုင်းကျမ်း ရှိသည်ဟူသော သတင်းကို ပိုနိုင်မာသွားစေသည်။ သတင်းလည်း ပိုပျံ့နှံ့သည်။

ဤသို့ဖြင့် သိုင်းကျမ်းရလိုသည့် လောဘရမ္မက်ဖြင့် လာ ရောက်အရေးဆို စိန်ခေါ်သော သိုင်းသမားတွေ ပေါ်ပေါက်လာ သည်။ တစ်ဖက်တွင် လိုင်ယုဝန်အတွက်လည်း ဆုံးဖြတ်ရခက်သော ကိစ္စ အလိုလိုပြေလည်သွားသည်။

မိမိတွင် ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးများရှိကြောင်း အတိ အလင်း ထုတ်ဖော်ပြောကြားကာ ဟန်ချက်တင်နှင့် ခွဲဝေသုံးသည်။ နှစ်ဖက်လူကြီးမိဘများကလည်း ဟန်ချက်တင် ပြောင်းလဲပြုပြင်လာ မှုကို လက်ခံယုံကြည်သွားကြသည်။

သိုင်းကျမ်းအတွက် လာရောက်စိန်ခေါ်နေကြသူများကို ရင် ဆိုင်နေရသည့် အရေးကလည်း ရှိသည့်အတွက် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့နှစ်ယောက်ကို စတိသဘောသာ ဇွဲစပ်ပြီး တစ်ခါတည်း လက်ထပ်ထိမ်းမြားပေးလိုက်သည်။



ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ လက်ထပ်ထိမ်းမြားခြင်း ကြောင့် ဓားသုံးလက်ဂေဟာနှင့် မိုးမြေဓားစံအိမ်တော်တို့လည်း ဆွေ မျိုးတော်စပ်ကာ ပေါင်းစည်းမိကြသည်။

သိုင်းကျမ်းနှင့်ပတ်သက်၍ စိန်ခေါ်မှုများ၊ အန္တရာယ်များ၊ အရှုပ်အထွေးများကို ပူးပေါင်းကာကွယ် ဖြေရှင်းနိုင်ခဲ့ကြသည်။ ထိုက်ကူးချိန်နှင့် ထိုက်ကူးသောက်တို့ ညီနောင်ကလည်း သဘော ထားကြီးကာ ရဲရင့်တည်ကြည်ကြသူများ ဖြစ်သည့်အတိုင်း ဟန်ချက် တင်နှင့် လိုင်ယုဝန်တို့၏ လက်ထပ်ထိမ်းမြားမှုကို ဂုဏ်ပြုအသိ အမှတ်ပြုကြသည်။

ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့ကို ညီငယ်ညီမငယ်များ အဖြစ် အသိအမှတ်ပြုကာ သွေးသောက်ညီနောင် ဖွဲ့ခဲ့ကြသည်။

ဂမုန်းဖြူ ဂမုန်းနက် ဆေးလုံးများ သောက်သုံးပြီး အတူပူး တွဲ လေ့ကျင့်ကြသောကြောင့် ဟန်ချက်တင်နှင့် လိုင်ယုဝန်တို့သည် အဖြူအနက် သိုင်းဆယ်ကွက်ကျမ်းထဲမှ အဆင့်မြင့်အစွမ်းထက် သိုင်းပညာများကို အပြည့်အဝအကုန်အစင်တတ်မြောက်ကာ အစွမ်း ထက်စွာ သုံးနိုင်ခဲ့ကြသည်။

တစ်ဖွတ်ထိုးလုပ်မှုနှင့် ဟောဟောရမ်းရမ်း ပြုမှုများကို ထိန်းသိမ်းဖယ်ရှားနိုင်ခဲ့သော ဟန်ချက်တင်သည် လိုင်ယုဝန်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



တွဲကာ သိုင်းလောက၏ ထင်ရှားသောသိုင်းမောင်နှံ ဖြစ်လာကြသည်။

ထိုက်ကူးချိန်၊ ထိုက်ကူးသောက်နှင့် လိုင်ယိတင်တို့လည်း သိုင်း အကျော်အမော်များအဖြစ် နာမည်ကြီးလာခဲ့ကြသည်။

ပြီး၏။

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com